
www.burmeseclassic.com
သရဲသုံးကောင်
BURMESE CLASSIC
www.burmeseclassic.com
KAN KAUNG

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၆ ဒီဇင်ဘာလ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၅၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - | ဦးကံကောင်း. |
| ကွန်ပျူတာ | - | ချယ်ရီမေ |
| အတွင်းဖလင် | - | ADORN၊ |
| ထုတ်ဝေသူ | - | ဦးချစ်ညွန့် (၀၀၃၇၄)<br>ဖင်ရတနာစာပေ<br>၂၀၅၊ က/၄ လမ်း၊ မြို့သစ်<br>(က+ခ)ရပ်ကွက်၊ အင်းစိန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးကျော်မင်းစိုး(မြ-၀၀၄၅၉)<br>စိုးမေတ္တာပုံနှိပ်တိုက်<br>အမှတ်(၁၇)၊ ၅၆ လမ်း<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ကောန်မင်း ၃၉၈.၂
ဗိုက်ပေါက်၊ ကိုယ်ပြား။ ခေါင်းပြတ်သရဲသုံးကောင်နဲ့မဖဲဝါ/ကောန်မင်း၊
ရန်ကုန်၊
ဖင်ရတနာစာစောစာပေ၊ ပထမအကြိမ်၊ ၂၀၁၆။
၂၀၆-စာ၊ ၁၂ × ၁၈ စင်တီ


www.burmeseclassic.com

www.burmeseclassic.com

# ဗိုက်ပေါက်၊ ကိုယ်ပြား၊ ခေါင်းပြတ်
# သရဲသုံးကောင်နဲ့
# မဖဲဝါ

ကေဏ္ဍမင်း

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ အချောင်ထဲမှ သေမင်းခေါ်သံ ၇

၂။ မိုက်ပေါက်ကြားကိုယ်ပြား၊ ခေါင်းပြတ်သရဲသုံးကောင်နှင့်
'မဗဲဝါ' ၃၄

၃။ သရဲနှင့်အတူနေသူ ၇၉

၄။ ရွာပျက်ကြီးမှ တစ္ဆေအိမ်ကြီး ၁၁၁

၅။ ရွှေကျွန်းပင်သိုက်နှင့် ဘောဂဗလသိုက် ၁၅၀


www.burmeseclassic.com

www.burmeseclassic.com

# အမှောင်ထဲမှ သေမင်းခေါ်သံ

"ကျော်ထွန်း၊ မင်း ... သေရမယ်"

"မင်း ... သေရမယ်"

အချိန်က သန်းခေါင်ယံပင် မလွန်သေး။

ဦးကျော်ထွန်း ဆယ်နာရီခွဲခန့် အိပ်ရာထဲဝင်ခဲ့သည်။

အိပ်ပျော်ကာစပင် ရှိသေးသည်။

အမှောင်ထဲက ချောက်ချားဖွယ်အသံကြီးကြောင့် ရုတ်တရက် နိုးလာရသည်။

ထိုအသံကြီးကို သူမှလွဲပြီး မည်သူမှကြားသည့်ဟန်မရှိ အားလုံး အိပ်မောကျ ငြိမ်သက်နေသည်။

အမှောင်ထဲမှ အသံကြီးက တိုးတိုးမဟုတ်၊ ကျယ်ကျယ်လောင်လောင်နှင့် သွေးပျက်ဖွယ်အသံကြီး။

www.burmeseclassic.com

www.burmeseclassic.com

"ကျော်ထွန်း ... မင်းသေရမယ်"

မည်သူ၏အသံလဲ ... မှန်းမရ၊ အသံက လူအော်သံမျိုးလည်း မဟုတ်။

အက်ကွဲကွဲ လုံးထွေးသော အသံကြီး၊ အလွန်မှ ချောက်ချားဖွယ်ကောင်းသော အသံမျိုး။

သူဘေးက ဇနီးသည်မှာ အိပ်မောကျလျက် ဟောက်၍ပင်နေသည်။

အပြင်ကအသံများ မကြားအောင် စောင်ခေါင်းမြီးခြုံပြီး နားနှစ်ဘက်ကို ဖိသိပ်ထားသော်လည်း နားထဲမှ အတိုင်းသား ကြားနေရသည်။

"မင်း ... သေရမယ်၊

မင်း ... မသေခင် မင်းမိသားစုတွေ သေရမယ်။

မင်းရဲ့ရှေ့မှာ ... မင်းမိသားစုသေတာကို ကြည့်လိုက်ဦး။

ပြီးမှ ... သေခြင်းတရားရဲ့ အရသာကို မင်းကိုယ်တိုင်ခံစားစေရမယ်"

အမှောင်ထဲက အသံရှင်က ဦးကျော်ထွန်းအား ကြိမ်းဝါးခြိမ်းခြောက်သော စကားများစွာပြောပြီး မကြာခင် အသံများတိတ်ဆိတ်သွားသည်။


www.burmeseclassic.com

ထို့နောက် ကြောက်လန့်အသည်းထိတ်စရာ ခွေးအူသံကြီး စ၍ကြားလိုက်ရပြီး ဦးကျော်ထွန်း အိမ်အနီးမှစ၍ ရွာစွန်သို့တိုင် ဆက်တိုက်အူသွားသည့်ကို ကြားနေရသည်။

ခွေးအူသံများ ကျယ်ရာမှ တိုးတိုးသွားပြီးနောက် အသံ ပျောက်သွားတော့သည်။

ခွေးအူသံများ တိတ်ဆိတ်သွားသလို မကောင်းဆိုးဝါး ခြိမ်း ခြောက်သံကိုလည်း မကြားရတော့။

အရာရာ ပြန်လည်တိတ်ဆိတ်သွားသော်လည်း အသံဆိုးများကို ပြန်ကြားယောင်နေသော ဦးကျော်ထွန်း တော်တော်နှင့် အိပ်မပျော် နိုင်။

ဇနီးဒေါ်အေးမြင့်ကတော့ တခေါခေါနှင့် အိပ်မောကျနေသည်။

မည်သူ့ကို ဒဏ်ခတ်မည်မသိ။ သူပြောသည့်အတိုင်း မဖြစ် ပါစေနှင့်ဟုသာ စိတ်ထဲက အကြိမ်ကြိမ်ဆုတောင်းရင်း နှစ်နာရီခန့်မှ အိပ်ပျော်သွားရသည်။

❖ ❖ ❖ ❖ ❖

"ဟဲ့ မအေးမြင့် ... ဘာဖြစ်တာလဲ"

"ဒီမှာ ရှင့်သား ... ဘာဖြစ်တာလဲမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် ... ဟီး ... ဟီး ..."

"သား ... သားက ဘာဖြစ်တာလဲ"

ခေါင်းရင်းခန်းမှ အိပ်ပျော်နေသော ဒေါ်အေးမြင့်၏ မိခင်ကြီးက ထလာပြီး

"ဟဲ့ ... ဟဲ့ ... အတွင်းတက် ... တက်နေတာလား မသိဘူး။

ခြေမကို၊ ဆွဲလှန်ချိုး"

"ဟင် ... ဟီး ... ဟီး ..."

"ဟဲ့ ... အရမ်းမချိုးနဲ့ ခြေမကျိုးသွားဦးမယ်"

ခြေမနှစ်ချောင်းကို ရှေ့နောက်ဆွဲလှန်ချိုးသလို လုပ်သော်လည်း အကြောင်းမထူး။

"ပုံစံက၊ အသက်ရှူကျပ်သလိုဖြစ်နေတာ ... အားစိုက် ရှူနေတဲ့ပုံပဲ"

ခန္ဓာကိုယ်ဘေးစောင်းအနေအထားနှင့် တွန့်လိမ်ခေါက်ကွေး နေသည်။

အသက်ကို အင်အားစိုက်ပြီး ရှူနေရသည့်ပုံဖြစ်သည်။

ဖြစ်ပျက်နာကျင်ပုံကို ပြောမပြနိုင်၊ မျက်လုံးပြူးလိုက် မျက်လုံး မှိတ်လိုက်နှင့် တအီးအီးအော်ကာ ခန္ဓာကိုယ်ကို ညွစ်ရုန်းနေသည်။


www.burmeseclassic.com

www.burmeseclassic.com


လူကြီးမိဘများလည်း ဘာမှမလုပ်ပေးနိုင်။

ဦးကျော်ထွန်း၏ သမီးအကြီး လှလှ ... အော်ဟစ်ပြောဆို မှုကြောင့် အိမ်နီးနားချင်းများ ကြားပြီး ရောက်လာကြသည်။

"ဘယ်လိုဖြစ်တာလဲ လှလှ"

"ဘာရောဂါမှန်းကို မသိဘူး"

"အစာများ မှားလို့လား"

"သားက ဘာမှမစားရသေးပါဘူး၊ အိပ်ပျော်နေရာက ထယယ် အံလုပ် အခုလိုဖြစ်တာပဲ"

"ငယ်ငယ်က သူငယ်နာများ ဖြစ်ဖူးသေးလား"

"မဖြစ်ပါဘူး"

"ဒါဆို ဒီ ... ဒီအတိုင်းကြည့်မနေနဲ့ ... ဆေးရုံဆေးခန်း ပို့ကြပါလား"

လူကြီးတွေ၊ အမျိုးစုံ ဝေဖန်ပြောဆိုနေသော်လည်း လူနာက မျက်ဖြူလန်နေပြီ။

အသံပင် သိပ်မထွက်နိုင်တော့။

"ဟဲ့ ကလေးကို ကြည့်ကြဦး ... တော်တော်ပင်ပန်းနေပြီ ... ဆေးရုံပို့ဖို့ ပြင်ကြတော့ ဘယ်သူမှ နားမလည်ဘဲ လျှောက်လုပ် မနေနဲ့"


www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်ထွန်း၏ ယောက္ခမကြီးက အော်လိုက်မှ တစ်ယောက်တစ်ပေါက် ပြောနေသော လူများ ဆေးရုံတင်ရန် ပြင်ဆင်ကြတော့သည်။

ထိုအချိန် လူနာထံမှ ဘာအသံမှ ထွက်မလာတော့ အသက်ရှူကျပ်ပြီး မျက်ဖြူလန်နေပြီ။

"ဟဲ့ ... ဟဲ့ ... လုပ်ကြပါဦး"

"သား ... သား ... အမယ်လေး ... သားလေးကို မကယ်နိုင်ကြတော့ဘူးလား"

"ဟီး ... ဟီး ... ဟီး ..."

ကောင်လေးမှာ တစ်ချက်၊ နှစ်ချက် ဆန့်ခနဲ ဆန့်ခနဲ ဖြစ်ကာ အသက်ပါ တစ်ပါတည်း ထွက်သွားတော့သည်။

"အမယ်လေး ... ဟီး ... ဟီး ... အဖြစ်ဆိုးလှချည်လား သားရဲ့"

"ဟီး ... ဟီး ... ဟီး ..."

ဦးကျော်ထွန်း ခေါင်းရင်းဘက်သွားထိုင်ပြီး စဉ်းစားနေသည်။ ညက သန်းခေါင်ယံမှာ လာအော်သော အသံရှင်ကြောင့် သူ့သား သေဆုံးရတာလားဟု တွေးနေမိသည်။

"ဘယ်လို မချိမဆန့် သေရတယ်ဆိုတာ ... မင်းကောင်တွေ့


www.burmeseclassic.com

www.burmeseclassic.com


တွေ့စေရမယ်" ဟူ၍လည်း ... အသံရှင်က ပြောသွားသေးသည်။

သူ၏သားမှာ ဖျားနာခြင်းလည်းမရှိ၊ အသက်ဆယ့်ငါးနှစ်၊ သန်မာဖြတ်လတ်သည့်အရွယ်၊ ယခုကောက်ကာငင်ကာ မရှုနိုင် မခံနိုင်ဖြစ်ကာ အသက်ပါ ပါသွားရသည်။

သူ ... ဘာများ အမှားလုပ်မိလို့လဲ ဘာမှမလုပ်မိဟု ထင်သည်။ ညက ချောက်ချားဖွယ်အသံဆိုးကြီး ကြားရသည်။

ယခု တိုက်ဆိုင်စွာ မနက်ပိုင်း သားဖြစ်သူ အသက်ရှူကျပ်ပြီး သေဆုံးသွားသည်။

ဦးကျော်ထွန်းတို့အိမ်တွင် ဒေါ်အေးမြင့်၏ မိခင်ကြီးအပါအဝင် မိသားစု ခုနစ်ယောက်ရှိသည်။

သားသမီးလေးယောက်ရှိသည်။ အကြီးဆုံးသမီး လှလှမြင့်က အသက်နှစ်ဆယ့်ငါး အိမ်ထောင်မရှိသေး။

ယခု သေဆုံးသွားသော သားနှင့် အကြီးမအကြား သား တစ်ယောက်ရှိသေးသည်၊ အသက်က နှစ်ဆယ်ရှိ၍ အိမ်ထောင်နှင့် ဖြစ်သည်။

လက်ရှိ ရွာမှာမရှိ၊ ဇနီးနေသော ရွာမှာနေသည်။

အငယ်ဆုံးက ယောကျ်ားလေး၊ ဆယ့်တစ်နှစ်ရှိပြီ သား နှစ်ယောက်က ကျောင်းနေကြသည်။ ရွာမှာက မူလတန်းကျောင်းပဲ


www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ အလယ်တန်းကျောင်းက သူတို့အစ်ကိုကြီးနေသောရွာမှာ ရှိသည်။ ထိုကျောင်းကို စက်ဘီးနှင့် သွားတက်ကြသည်။

ရွာနှင့် နှစ်မိုင်ခန့်သာ ဝေးသည်။

ယခု အဖြေရှာမရသော လူသေဆုံးမှုကြောင့် ရောက်လာကြသော လူအများလည်း တအံ့တဩ ဖြစ်နေကြ၍ ပြောမဆုံးနိုင်ဖြစ်နေကြသည်။

ရောက်လာသူများက နာရေးကိစ္စ ဝိုင်းဝန်းစီစဉ်နေကြသည်။ အိမ်ထောင်ကျနေသော သားထံကိုလည်း အသိပေးပြောခိုင်းလိုက်သည်။

အသုဘကိစ္စက ရက်လည်မြေချပြီးသည်အထိ အေးဆေးစွာပြီးမြောက်ခဲ့သည်။

ထိုရက်ပိုင်းအတွင်း ဦးကျော်ထွန်းတစ်ယောက် အမှောင်ရောက်သည်နှင့် ထိတ်လန့်ဖွယ်အသံကြီး ဘယ်အချိန် ပေါ်လာလေမည်လဲဟု စိတ်တထင့်ထင့် ရှိနေသော်လည်း ဘာမှထူးခြားမလာ။

အသံရှင် ကျေနပ်သွားပုံရသည်။

အသုဘရက် ပြီးဆုံးသွားသော်လည်း အနီးအပါးရွာမှ လာကြသော အသိမိတ်ဆွေများ မပြန်ကြသေးဘဲ သုံးရက်ခန့် ဆက်နေကြသေးသည်။ ညဘက်စကားထိုင်ပြောနေကြသဖြင့် တော်တော်နှင့်


www.burmeseclassic.com

www.burmeseclassic.com


မအိပ်ဖြစ်ကြ။

သုံးရက်အကျော်မှာတော့ အိမ်မှာ မိသားစုအပြင် လူပို မရှိတော့။

ဦးကျော်ထွန်းနှင့် ဒေါ်အေးမြင့်တို့လည်း မယုံနိုင်ဖွယ်ရာ သေဆုံးခဲ့သော သားကို မျက်လုံးထဲမှာ မြင်ယောင်နေသည်။

အိပ်ရာထဲဝင်ခဲ့ကြသော်လည်း စကားမပြောဖြစ်ကြဘဲ အတွေးမျိုးစုံတွေးရင်း အချိန်ကုန်မှန်းမသိ ကုန်သွားသည်။

သန်းခေါင်ကြက်ပင် တွန်ခဲ့ပြီ၊ ဒေါ်အေးမြင့်ထံမှ တခေါခေါ အသံ ထွက်လာသည်။

ဒေါ်အေးမြင့် အိပ်ပျော်သွားခဲ့ပြီ။ ဦးကျော်ထွန်းလည်း မှေးခနဲ တစ်ချက်ဖြစ်သွားသည်။

"ဟေ့ကောင် ... ကျော်ထွန်း၊ မင်းသေရမယ်ကွ။

မကြာခင် ... မင်းသေရမယ့်ရက် ရောက်လာလိမ့်မယ် မင်း ... သေကိုသေရမယ်။

အသက်ရှုကျပ်ပြီး သေရတယ်ဆိုတာ ဘယ်လိုအခံရခက်လဲ မင်းမြင်ရပြီ မဟုတ်လား။

အဲ့ဒီလို ခံစားပြီး မင်း ... သေရမယ်"

အသံဆိုး အသံကွဲကြီးဖြင့် အမှောင်ထဲက အော်ပြောသံမှ

www.burmeseclassic.com

www.burmeseclassic.com



အားကိုးအားထားမဲ့နေသည်။

အားပေးမည့်သူလည်းမရှိ ဖြစ်နေသည်။

"သွား ... သွား ... မလာနဲ့"

သူအသံကုန် အော်လိုက်သည်။

"ဟင် ... အမယ်လေး ... ဘာဖြစ်တာလဲ"

သုံး၏ ကျယ်လောင်သော အသံကြောင့် အနီးမှာ ကပ်အိပ်နေသော ဒေါ်အေးမြင့် လန့်ပြီး နိုးသွားသည်။

"ဘာ ... ဘာမှမဟုတ်ပါဘူးကွာ။

ပြန်ပြီး အိပ်လိုက်တော့"

ဒေါ်အေးမြင့်လည်း ဦးကျော်ထွန်းက ပြန်အိပ်ခိုင်းသဖြင့် ပြန်အိပ်ပျော်သွားသည်။

ဦးကျော်ထွန်းလည်း အမှောင်ထဲကအသံ ပြန်ကြားရဦးမလား စောင့်ရင်း မကြာခင်မှာပင် အိပ်ပျော်သွားသည်။

❖ ❖ ❖

သားတစ်ယောက် အသက်သေဆုံးသွားပြီးနောက် ဆယ်ရက်ကျော်၍ နှစ်ပတ်နီးပါး ရှိခဲ့ပြီဖြစ်သည်။

အရာရာတိုင်း အေးအေးရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


ဒါပေမဲ့ ညစဉ်မပျက်ပေမယ့် ရက်ခြားလာအော်နေသော အသံဆိုးကြီးကြောင့် အိပ်ရေးဝအောင်မအိပ်ရဘဲ ... ရက်ဆက်၍ အိပ်ရေးပျက်ခဲ့သည်။

သားသေဆုံးပြီး နှစ်ပတ်ပြည့်သောနေ့၊ မနက်လေးနာရီခန့်တွင် ...

"ဟီး ... ဟစ် ... ဟစ် ... ဟစ် ..."

အနီးမှာ အိပ်နေသော ဇနီးထံမှ အားစိုက်ညှစ်နေသော အသံကြောင့် ဦးကျော်ထွန်းနိုးလာသည်။

"ဟင် ... မအေးမြင့် ... ဘာဖြစ်တာလဲ။ မိန်းမ ... မိန်းမ ... ဘာဖြစ်လို့လဲ"

"ဟီး ... ဟီး ... ဟီး ..."

ဒေါ်အေးမြင့်က ဦးကျော်ထွန်း စိုးရိမ်တကြီး မေးလာသော်လည်း ဘာမှပြန်မပြောနိုင်။

ဦးကျော်ထွန်းမှာလည်း သား၏အဖြစ်မျိုးကဲ့သို့ဖြစ်မှာ စိုးရိမ်လာသည်။

"ဟဲ့ ... သမီးကြီး ... သမီးကြီး ... လှလှမြင့် ... လာကြဦး"

"အဖေ ... အဖေဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"နင့်အမေကို လာကြည့်ဦး"

သမီးအကြီးမ ပြေးဝင်လာသည်။

"ဟဲ့ကျော်ထွန်း ... အေးမြင့်ဘာဖြစ်လို့လဲ"

"မသိဘူးအမေ ... အမေ့မြေး ဖြစ်သလိုပဲ ... တွန့်လိမ်ပြီး အော်နေတယ်"

မိခင်ကြီးလည်း အခန်းတွင်းရောက်လာသည်။

"နင့်မိန်းမကို အပြင်ခေါ်ထုတ်ခဲ့။ အခန်းထဲမှာ ကျဉ်းကျဉ်း ကျပ်ကျပ်နဲ့"

ဦးကျော်ထွန်းလည်း ဒေါ်အေးမြင့်အား ပွေ့ချီပြီး အပြင်ခေါ် ထုတ်ခဲ့သည်။

သမီးကြီးက ခေါင်းအုံးယူလာပေးသည်။

အိမ်ရှေ့ခန်းမှာ ဒေါ်အေးမြင့်ကို ချပြီးသည်နှင့် အခြေအနေကို ကြည့်နေကြသည်။

"ဟီး. .. ဟစ် ... ဟစ်..."

ဒေါ်အေးမြင့် အခြေအနေပိုဆိုးနေသည်။ အသက်ရှူမဝသဖြင့် တအီးအီးညှစ်ကာ ကြိုးစားပြီး အသက်ရှူနေရသည်။

"မအေးမြင့် သတိထား"

"ပရုပ်ဆီကျောဘက်ကို လိမ်းပေးကြည့်ပါလား"



www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့ ... လှလှ ... နင့်အမေ ... ပရုပ်ဆီဘူး ... ဘယ်မှာထားလဲ သွားရှာယူခဲ့"

"ဟုတ်ကဲ့အဘွား"

"ဟီး ... အစ် ... အစ် ... အစ် ... အစ်"

ဒေါ်အေးမြင့်မှာ အသက်ရှူမဝ၍ အသက်ကို ကြိုးစားရှူနေရပုံဖြစ်သည်။

"ပန်းနာရင်ကျပ်လည်း ... မဖြစ်ဖူးပါဘူး၊ ဘယ်လိုများဖြစ်ရတာလဲ"

"ကူးစက်ရောဂါများလား"

"မဟုတ်နိုင်တာ ဘာကြောင့်ပြောတာလဲ"

"ဟို ... မောင်အောင်မြင့်ဖြစ်တာလည်း အခုလိုဆိုတော့ သူ့ဆီကများ ကူးခဲ့တာလားလို့"

ခြေရင်းအိမ်မှ ရောက်လာသော ဒေါ်လုံးက ထင်ရာမြင်ရာ ပြောဆိုနေသည်။

ထိုအချိန် လှလှက ပရုပ်ဆီဘူးယူလာပေးသည်။

"ဟော့လှလှ ... ပရုပ်ဆီ လိမ်းပေးမလို့လား"

ဒေါ်အေးမြင့် မိခင်ကြီးက

"ကျောဘက်ကို လိမ်းပေးမလားလို့"


www.burmeseclassic.com

www.burmeseclassic.com


အတွေ့အကြုံရှိသော အိမ်နီးချင်းမိတ်ဆွေတစ်ယောက်က ပျာပျာသလဲ …

"ဟာ မလိမ်းနဲ့ မလိမ်းနဲ့ … ဒီဒေါ်အေးမြင့်က အသက်ရှူမဝလို့ တအင်းအင်းဖြစ်နေတာ၊ ပရုပ်ဆီလိမ်းလိုက်ရင် အသက်ရှူကျပ်သထက်ကျပ်ပြီး ဒုက္ခရောက်ကုန်တော့မယ်"

"ဘာဆိုင်လို့လဲဟဲ့"

"ဆိုင်တာပေါ့ ဒေါ်ကြီးရဲ့၊ ကျွန်တော့်အမေ ပန်းနာရင်ကျပ် အသက်ရှူမဝလို့ ဆေးခန်းသွားပြတာ လူမမာအနီးမှာ ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ရေမွှေး၊ ပရုပ်ဆီ၊ အနံ့ပြင်းတဲ့ အရာတွေနဲ့ ဝေးဝေးနေခိုင်းတယ်"

"ဒါကြောင့် ပရုပ်ဆီနံ့က သိပ်ပြင်းလို့ မလိမ်းပေးဖို့ပြောတာ"

"သိပါဘူး ရင်ချောင်ပြီး အသက်ရှူနိုင်မလားလို့"

"ကဲ … ကဲ … ကိုထွန်းဖေ … လှည်းပြင်လိုက်ဗျာ ဆေးရုံပို့ကြမယ်…"

"သမီး အမေ့အတွက် ယူစရာရှိတာ ခြင်းထဲရှာထည့်"

ထိုအချိန်မှာပင် ဒေါ်အေးမြင့် မျက်လုံးနှစ်လုံး ပြူးထွက်လာကာ ဘေးစောင်းအိပ်လျက်မှ ခါးတစ်ချက်ကုန်းသွားပြီး အသက်ရှူရပ်သွားသည်ကို ကြည့်နေသူတွေ တွေ့လိုက်ကြရသည်။


www.burmeseclassic.com

www.burmeseclassic.com


"တင် ... လုပ်ကြပါဦး ... အမေ ... အမေ"

"မအေးမြင့် ... မအေးမြင့်"

"ဘယ်လိုဖြစ်တာလဲ သားသေလို့မှ တစ်လမပြည့်သေးဘူး ... မအေက လိုက်သေရတယ်"

"အောက်လမ်းတွေ ရှာသူတွေများ ပြုစားထားတာလား"

"မသိပါဘူး ... ဖျားတာနာတာလည်းမဖြစ်ဘဲ ... သေသွားလို့"

ဒေါ်အေးမြင့် ... ရုတ်တရက်သေသွားသဖြင့် ... တစ်ရွာလုံး တအံ့တဩ ဖြစ်ကုန်သည်။

ရောဂါတစ်မျိုးတည်းဖြစ်ပြီး သေရပုံ ထူးဆန်းသည့်အတွက် ရွာသားတွေရော၊ ဗဟုသုတရှိသည့် လူကြီးများလည်း အဖြေရှာမရ၊ အံ့ဩနေကြသည်။

သို့ဖြင့် ဒေါ်အေးမြင့် အသုဘကိစ္စအတွက် စီစဉ်ကြရတော့သည်။

ဦးကျော်ထွန်းလည်း ညဘက်လာအော်သော သေမင်းအော်သံကြားပြီး နှစ်ရက်သုံးရက်အတွင်း မိသားစုတစ်ယောက်ပြီးတစ်ယောက် သေဆုံးခဲ့သည်။ မကြာခင် သူ့အလှည့်လာတော့မည်။

ဘယ်လိုအဖြေးထားပြီး သူ့မိသားစုကို သတ်ဖြတ်နေရသနည်း။


www.burmeseclassic.com

www.burmeseclassic.com



သူစဉ်းစားသည်၊ ဘယ်လိုမှ အဖြေမထွက်။

ဘယ်အမှောင့် ပယောဂက ပူးကပ်ပြီး သေမင်းက အနီးသို့ ရောက်လာရသနည်း။ သူ ... တစ်ရွာလုံးနှင့်လည်း ဘာပြဿနာမှ မဖြစ်ဘူး၊ ဇနီးဖြစ်သူနှင့်လည်း ရန်မဖြစ်ဘူး၊ ပြဿနာမဖြစ်ဘူး၊ စဉ်းစားမရ ဖြစ်နေသည်။

ယခင်ကတော့ သူနှင့် မတည့်သူ တစ်ယောက်ကိုတစ်ယောက် မကြည့်ချင်အောင် မုန်းကီးသူတစ်ဦးကတော့ ရွာမှာရှိသည်။

ယခု ထိုလူ လူ့လောကကြီးထဲက ထွက်သွားပြီ။ သို့ကြောင့် ယခု သူ့မိသားစု သေဆုံးရခြင်းမှာ သူတော့ မဖြစ်နိုင်ဟုယုံကြည် ထားလိုက်သည်။

သို့ဖြင့် ဒေါ်အေးမြင့်၏ ရုပ်အလောင်းအား သုံးရက်ထားပြီး သင်္ချိုင်းသို့ သွားသဂြိုဟ်ကြသည်။

ဒေါ်အေးမြင့်အား မြေမြှုပ်သဂြိုဟ်ပြီးသည်နှင့် ဦးကျော်ထွန်း သားအား ယခင်အပတ်က မြှုပ်ထားခဲ့သည့် မြေပုံအနီးမှာ ရုပ်နေ သည်။

စောစောက ဒီနေရာသို့ မိသားစုများလာပြီး ငိုပွဲဆွဲကြ သေးသည်။

"မောင်ငလေးရေ ... အမေ ... နင့်ကို စိတ်မချလို့လိုက်လာ

www.burmeseclassic.com

www.burmeseclassic.com


ဗြို … နှင် … အမေကို တွေ့အောင်ရှာ”ဟု ပြောဆိုငိုယိုကာ မြေပုံတစ်ခုနှင့်တစ်ခု၊ သွားလိုက်လာလိုက်၊ ကူးလူးကာ ငိုယို နေကြသည်။

လူကြီးများ အတင်းဆွဲခေါ်ပြီး ရွာထဲပြန်သွားသဖြင့် သင်္ချိုင်းကုန်းမှာ မြေပို့နေသောလူနှစ်ယောက်နှင့် ဦးကျော်ထွန်းသာ ကျန်ခဲ့သည်။

ဦးကျော်ထွန်းလည်း သားမြေပုံအနီးမှာ ရပ်နေရာက တစ်စုံတစ်ခုကို မြင်တွေ့လိုက်သဖြင့် သူတို့နေရာသို့ ထွက်ခဲ့သည်။

ထိုနေရာက ပြီးခဲ့သောတစ်လခန့်က သေဆုံးသွားပြီး၊ သူ၏ ရန်ဘက်ဦးလှမောင်၏ မြေပုံဖြစ်သည်။

အပူရှပ် အဖျားကြီးပြီး သေဆုံးသွားခြင်းဖြစ်သည်။ ဦးလှမောင်နှင့် ဦးကျော်ထွန်းတို့က သားရေးသမီးရေးကိစ္စနှင့်လည်းကောင်း၊ လယ်ယာကိစ္စဖြင့်လည်းကောင်း တစ်ဦးနှင့်တစ်ဦး ကြည့်မရအောင် မုန်းကြသည်။

ဦးလှမောင်၏သားက ဦးကျော်ထွန်း၏ သမီးလှလှကို ကြိုက်နေသည်။ ကြုံရာတွေ့ရာ လိုက်ပြောသည်။

ဦးလှမောင်သား နေအောင်က အလုပ်လက်ကြောတင်းအောင် မလုပ်၊ အရက်သောက်၊ ကြက်တိုက်၊ ဖဲရိုက်၊ အပျော်အပါးနှင့်သာ


www.burmeseclassic.com

www.burmeseclassic.com



အချိန်ကုန်နေသဖြင့် လှလှကလည်း ကြည့်မရ။

ဦးကျော်ထွန်းက နောက်ကို သမီးအား မနှောင့်ယှက်ရန် ဆုံးမပေးပါရန် သွားတိုင်ရာမှ၊ တစ်ယောက်နှင့်တစ်ယောက် မုန်းတီးသွားကြသည်။

ပြီးတော့ တစ်ဦးနှင့်တစ်ဦး လယ်ချင်းကပ်လျက်ဖြစ်၍ မိုးအခါ လယ်ကန်သင်းဖို့ ကန်သင်းမျက်နှာခုတ်လျှင် သူ့ဘက်က ကန်သင်းသားများ တစ်ဝက်ခန့် ခုတ်ချပြီး ဦးကျော်ထွန်းဘက်သို့ မြေစာများ ချသည်။

တစ်နှစ်နည်းနည်း တစ်နှစ်နည်းနည်း ခုတ်ယူတိုးချဲ့နေသဖြင့် မိုးတွင်း လယ်ထွန်သည့်အခါတိုင်း ရန်ဖြစ်ရသည်။

ယခု ကဆုန်လဆန်း မိုးတပြိုက်၊ နေတပြိုက်ဖြစ်နေသည့် အချိန် ဦးလှမောင် နေပူကပြန်လာပြီး အိုက်သည်ဆိုကာ ရေချိုး လိုက်သဖြင့် အပူရှပ်၍ အပြင်းဖျားလျက် အိပ်ရာထဲလဲခဲ့သည်။

အိပ်ရာထဲလဲရာမှ အပြင်းဖျားတော့သည်။

အဖျားက သက်သာမလာဘဲ၊ သုံးရက်ပင်ရှိသွားပြီ။

ညရောက်တော့ အပျင်းဖျားပြီး မြောသွားရာက သတိပြန် လည် မလာတော့ဘဲ၊ အသက်သေဆုံးသွားတော့သည်။

ဦးကျော်ထွန်းလည်း ရွာသားချင်းလည်းဖြစ်၊ လယ်နီးနားချင်း

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သဖြင့် သေသည့်ညက ရောက်သွားသည်။ အလောင်းကို အခေါင်းမသွင်းရသေး၊ အခေါင်းသွင်းရန် ပြင်ဆင်နေစဉ် ဦးကျော်ထွန်း အိမ်ပြန်လာခဲ့သည်။

အသုဘ သုံးရက်ထားသည်။ အသုဘချမည့်နေ့က ရောက်သွားသည်။

အလောင်းကို လှည်းပေါ်တင်ပြီး နွားလှည်းနှင့် သချိုင်းကုန်းသို့ ပို့မည်ဖြစ်၍ လှည်းအိမ်နှင့် အလောင်းစင်၊ အခေါင်းတို့ကို ကြိုးများဖြင့် အခိုင်အမာ ဝါးတ်နှောင်ထားသည်။

အသုဘချမည့်အချိန် အိမ်ပေါ်မှာ တရားနာနေကြသည်။ လူကြီး လူငယ်အားလုံး တရားနာနေသည်။

ဦးကျော်ထွန်းက အရောက်နောက်ကျသဖြင့် တရားနာရန် အိမ်ပေါ်သို့ မတက်တော့ဘဲ၊ အလောင်းတင်ထားရာ လှည်းအနီး ရပ်ပြီး အခေါင်းကိုကြည့်နေသည်။

ထိုအချိန် အခေါင်းက လှုပ်နေသည်ကို ဦးကျော်ထွန်း မြင်လိုက်ရသည်။

"ဟင် ... အခေါင်းကြီး လှုပ်နေသလိုပဲ"

"ဂျစ် ... ဂျစ် ... ဂျစ်"

"ဟာ ... အခေါင်းထဲက ကုတ်ခြစ်နေတဲ့အသံပဲ။

www.burmeseclassic.com

www.burmeseclassic.com


လှမောင် မသေဘူးလား ... မသိဘူး။

ဒါမှမဟုတ် ... ငါ့ကို မကျေနပ်လို့ ခြောက်လှန့်နေတာများလား”

ထို့နောက် အတွင်းမှ ... ထုသံလိုလို ... ကုတ်ခြစ်သံလိုလို ... ကြားရပြန်သည်။

“ဒီလူကြီး ... ပြောနေရာက ... မသေဘဲ ... ပြန်ရှင်လာတာလား။

မသေသေးဘူးဆိုလည်း ... မကြာခင် မြေအောက်ရောက်တော့မှာပဲ ... ငါဘယ်သူ့မှ မပြောရင် ဒီလူကြီး အခေါင်းထဲက ထွက်ရတော့မှာမဟုတ်ဘူး။

ငါလူတွေကို သွားပြောရင် ကောင်းမလား၊ ဒီလူရဲ့အသက် ငါကယ်လိုက်ရမလား။

အို မပြောဘူး။ ဒီလူ အသက်ရှင်နေရင် မိုးအခါရောက်တိုင်း တုတ်တပြက်၊ ဓါးတပြက်မဖြစ်ရုံတမယ်ပဲ ... ငါသူ့ကို ကိုယ်ထိလက်ရောက် သတ်တာမှ မဟုတ်ဘဲ ဒီအတိုင်းပဲ မကြားသလို နေလိုက်တော့မယ်”

ဦးကျော်ထွန်းလည်း ထိုအနားမှာ မနေဘဲ၊ အိမ်ဘက်သို့ လျှောက်လာခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးတရားနာ ရေစက်ချ၊ အမျှဝေသံ ထွက်လာပြီးနောက် အိမ်ပေါ်မှ ငိုပြီး ပြေးဆင်းလာသူများကြောင့် အိမ်ဝိုင်းအတွင်း ဆူညံသွားတော့သည်။

အသံချဲ့စက်မှလည်း ခင်ခင်ညွန့်တေးသံက မငိုသေးသူကို ငိုချင်အောင် လှုံ့ဆော်လိုက်သကဲ့သို့ ကြေကွဲစွာ ပေါ်ထွက်လာသည်။

ငိုသံများ စပီကာမှ တေးသံများကြောင့် အခေါင်းတွင်းက ထူးဆန်းသောအသံကို မည်သူမျှ မကြားတော့။

သို့ဖြင့် မကြာခင်မှာပင် ဦးလှမောင်တစ်ယောက် မြေကျင်းထဲသို့ ရောက်သွားခဲ့ရတော့သည်။

❖ ❖ ❖

ဦးကျော်ထွန်းလည်း ဦးလှမောင်၏ မြေပုံအနီးက ထွက်လာခဲ့သည်။

"အင်း ဦးလှမောင် တကယ်မသေဘူးဆိုရင် အခေါင်းထဲမှာ အသက်ရှူကျပ်လို့ အတော်လေး ခံစားပြီး သေသွားရပုံပဲ"

အတွေးပေါင်းစုံတွေးပြီး အိမ်သို့လေးကန်သော ခြေလှမ်းများဖြင့် ပြန်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


ဦးလှမောင်များ မသေသင့်ဘဲ သေသွားခဲ့ရသည့်အတွက် မကျေနပ်တဲ့စိတ်နဲ့ တမလွန်ကလာပြီး ကလဲ့စားချေ သတ်ဖြတ်နေသည်လားမသိ။

"တစ်ခုခုတော့ တစ်ခုခုပဲ ... ဘယ်သူမှ မဖြစ်နိုင်ဘူး၊ ဖြစ်နိုင်စရာရှိ ဒီလူကြီးပဲဖြစ်မယ် ... သူ့အခေါင်းထဲမှာ မသေဘဲ ရှန်းကန်နေတဲ့အချိန် ငါ့အနီးမှာ ရှိတာကို သူသေပြီးတော့ သိသွားလို့ ငါ့ကို ကလဲ့စားပြန်ချေနေတာလားမသိဘူး"

သို့ကြောင့် သူဆုံးဖြတ်ချက်တစ်ခု ချလိုက်ပြီး အိမ်သို့တန်း မပြန်ဘဲ၊ အရက်ပုန်းရောင်းသော တင်အေးတို့အိမ်သို့ ဖွက်လာခဲ့သည်။

ထို့နောက် အရက်တစ်ပုလင်းမှာပြီး ထိုင်သောက်လိုက်သည်။ တစ်ပုလင်း ကုန်သွားသည်။

အိမ်သို့ တစ်ပုလင်းဝယ်ပြီး ပြန်လာခဲ့သည်။

အရက်ကိုမကြိုက် ကြံမှသောက်သည်။ ယခု အပူအားကြီးလွန်းသဖြင့် အမူးသောက်လာခဲ့သည်သာမက အပိုတစ်ပုလင်းပါ ဝယ်လာခဲ့သေးသည်။

အိမ်သို့ရောက်တော့ ညနေလေးနာရီခန့်ရှိပြီး အသုဘ ရက်မလည်သေးသဖြင့် အိမ်မှာ လူအချို့ ရှိနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com


ပါလာသော အရက်ပုလင်းကို တစ်နေရာမှာ သိမ်းလိုက်ပြီး အိပ်ခန်းအတွင်းဝင်ကာ ခြေလက်သန့်ရှင်းမနေတော့ဘဲ အိပ်ရာပေါ် တုံးလုံးပစ်လှဲကာ အိပ်လိုက်တော့သည်။

မူးမူးနှင့် ခဏအတွင်းမှာပင် အိပ်ပျော်သွားသည်။

ညရှစ်နာရီခန့် ညစာထမင်းစားရန် လာနှိုးမှ နိုးတော့သည်။

"ငါ့ကို အရက်နဲ့ မြည်းဖို့ ဟင်းတစ်ပန်းကန် ခပ်လာခဲ့။

ထမင်းက နေ့တိုင်းစားနေရတာပဲ ... တစ်နပ်မစားလို့ ဘာမှဖြစ်မသွားဘူး။

အမြည်းစားပြီး အရက်ပဲသောက်တော့မယ်"

ဦးကျော်ထွန်းလည်း မီးဖိုထဲမှာထိုင်၍ အရက်သောက်ရင်း အမြည်းထိုင်စားနေသည်။

အချိန်က တဖြည်းဖြည်း ကုန်လာသည်။ ကိုးနာရီခွဲခန့် ရှိနေပြီ နာရေးအိမ်မှာ စောင့်အိပ်သူ များများစားစား မရှိ။

အိမ်ရှေ့အောက်လင်းဓာတ်မီးအောက်မှာ အပျော်ရိုက်နေသော ဖဲဝိုင်းနှစ်ဝိုင်းသာရှိသည်။

အမျိုးသမီးများကလည်း အိပ်ရာထဲမှာ မအိပ်ကြသေးသော်လည်း တုံးလုံးလှဲပြီး စကားပြောနေကြသည်။

ဦးကျော်ထွန်းတစ်ယောက် အရက်ကို လက်စသတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆတ်မီးတစ်လက်ယူလိုက်ပြီး အိမ်အောက်အနောက်ဘက်မှာ ထားသော ပေါက်တူးတစ်လက် သံတူရွင်းတစ်ချောင်းယူကာ မည်သူမှ မသိအောင် နောက်ဘက်မှကွေ့ပြီး အိမ်ပြင်သို့ထွက်ခဲ့သည်။

မကြာခင် ရွာပြင်ထွက်သော လမ်းပေါ်ရောက်ခဲ့သည်။ ဦးကျော် ထွန်းသွားမည့်နေရာက ညနေကတွေ့ခဲ့သော ဦးလှမောင်အား မြှုပ်ထားသည့် မြေပုံဆီသို့ဖြစ်သည်။

တစ်ယောက်တည်း သင်္ချိုင်းအတွင်း လာမည်ရည်ရွယ်ထား သဖြင့် အရက်ကို အမူးထိုင်သောက်နေခြင်းလည်းဖြစ်သည်။

အရက်ဖြင့် ရဲဆေးတင်ပြီး လာခဲ့ခြင်းဖြစ်သည်။

လကလည်းမသာ မှောင်နဲ့မည်းမည်း မြင်မြင်သမျှ ချောက်ချား ဖွယ်ရာအတိ ဖြစ်နေသည်။

ရွာဆီမှလည်းကောင်း၊ သင်္ချိုင်းဆီမှလည်းကောင်း ခွေးအူသံ ကြီးများက ရုတ်တရက်ပေါ်လာသည်။

ရှေ့သို့ လှမ်းနေသော ခြေလှမ်းများပင် တွန့်သွားရသည်။

"အို ... ခါတိုင်းလည်း ခွေးအူနေကျပဲ၊ ဘာကြောက်စရာလဲ ဗျ ... ဒီအမြေကို မသိရမချင်း၊ မကျေနပ်နိုင်ဘူး"

ထိုကဲ့သို့ အားတင်းပြီး ဦးလှမောင် မြေမြှုပ်ထားရာ၊ မြေပုံ



www.burmeseclassic.com

www.burmeseclassic.com


သို့ တန်းပြီးလာခဲ့သည်။

"မြေပုံကိုတော့ကွေ့ပြီ၊ ခပ်မြန်မြန်တူးရမယ်။ အလောင်းမြှုပ်ထားတာ တစ်လလောက်ရှိပြီဆိုတော့ ပုပ်ပွနေလောက်ပြီ"

ဓာတ်မီးနှင့်ထိုးကြည့်ပြီး သေချာတော့မှ မြေကြီးကို ပေါက်တင်သည်။ မြေမြှုပ်ထားသည်မှာ တစ်လခန့်သာရှိသေးသဖြင့် ပင်ပင်ပမ်းပမ်း မတူးရ၊ ပေါက်တူးနှင့် ယက်ထုတ်ရုံပင်။

မကြာခင်မှာပင် အခေါင်းကို ပေါက်တူးထိသံ ကြားလိုက်ရသည်။

"ကိုလှမောင် … ကျုပ်ရဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ စိတ်ကြောင့် မသေသင့်ဘဲ သေရတယ်ဆိုရင် တောင်းပန်ပါတယ်ဗျာ … ကျုပ်ကို ခွင့်လွှတ်ပါ။

မိုးကျရင် ခင်ဗျားနဲ့ကျုပ် အမြဲလယ်တိုးတဲ့ကိစ္စနဲ့ ရန်ဖြစ်စကားများကြရတယ်မဟုတ်လား။ ကျုပ် … ခင်ဗျားနဲ့ ရန်မဖြစ်ချင်တော့တဲ့စိတ်၊ ကျုပ်သမီးနဲ့ ခင်ဗျားသား နီးစပ်သွားမှာကို ကြောက်လို့ ခင်ဗျားမရှိမှကောင်းတယ်ဆိုတဲ့ စိတ်ရိုင်းဝင်သွားလို့ ခင်ဗျားကို အကူအညီမပေးဘဲ၊ လျစ်လျူရှုခဲ့မိတယ်"

ပါးစပ်က တဖွဖွပြောရင်း အခေါင်းအဖုံးပေါ်မှ မြေကြီးများကို ယက်ထုတ်နေသည်။ အခေါင်းဖုံးပေါ်မှာ ပြောင်စင်သွားပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


"တကယ်လို့ ကျုပ်ထင်သလို ခင်ဗျားမသေသင့်ဘဲ သေခဲ့ရတယ်ဆိုရင် ကျုပ်ကိုခွင့်လွှတ်ပါဗျာ။

ကျုပ် အခုလာခဲ့တာက ခင်ဗျားအရင်ထဲက သေပြီးသားလား၊ နောက်မှသေတာလား သဲသဲကွဲကွဲ သိချင်လို့ပါ"

ယခင်ကတည်းက သေပြီးသားဆိုလျှင် အခေါင်းအတွင်း ပက်လက်အနေအထားနှင့် လက်မနှင့်ခြေမများကို ဆံပင်နှင့် ချည်နှောင်ထားသည့်အတိုင်း တွေ့ရပေမည်။

သို့မဟုတ် သေသည်မဟုတ်ဘဲ မြောနေရာက အခေါင်းတွင်းမှာ ပြန်ရှင်သတိရလာလျှင် ရုန်းကန်လှုပ်ရှားထားသော အနေအထားကို မြင်ရမည်ဖြစ်သည်။

သို့မှသာ ဦးကျော်ထွန်း၏စိတ်ထဲ ရှင်းနိုင်တော့မည်ဖြစ်သည်။ သူ့ကြောင့်သေသည်ဆိုပါက သူ့ကိုမကျေနပ်၍ သားနှင့် ဇနီးကို လာသတ်ပြီး ကလဲ့စားချေခြင်း ဖြစ်နိုင်သည်။

"ကဲ ... အဖြူအုမည်း သဲကွဲအောင် ကျုပ်ကြည့်ပါရစေ"

စကားဆုံးသည်နှင့် အခေါင်းအဖုံးကို ပေါက်တူးနှင့်ရော သံတူရွင်းနှင့်ပါ ကလပ်ပြီး ဖွင့်လိုက်သည်။

အပုပ်နံ့က စူးစူးရှရှ ပေါ်ထွက်လာသည်။

နှာခေါင်းပေါက်မှတစ်ဆင့် ခန္ဓာကိုယ်ထဲသို့ အပုပ်နံ့စုပြု

www.burmeseclassic.com

www.burmeseclassic.com



တိုးဝင်သွားသဖြင့် ဗျို့အံ့မထွက်အောင် အားတင်းထားရသည်။

အခေါင်းဖုံးတစ်ခြမ်း လန်သွားပြီ။

သူဓာတ်မီးနှင့် ထိုးကြည့်လိုက်သည်။

"ဟာ"

ထင်ထားသည့်အတိုင်း အခေါင်းထဲမှ ပုပ်ပွနေသော အလောင်းကြီးက စောင်းလျက်ရှိနေပြီ အခေါင်းကို ရုန်းကန်တွန်းဖွင့်ထားသည့်ဟန် တွေ့လိုက်သည်။

အခေါင်းတွင်းမှာ ထိတ်လန့်မှုရော၊ အသက်ရှုကျပ်ခြင်းကြောင့် အသက်ထွက်သွားပုံရသည်။

သေချာသွားပြီ။ သူ၏တစ်ကိုယ်ကောင်းဆန်မှုကြောင့် သေသွားရသည်ဟုသာ မှတ်ယူလိုက်သည်။

အခေါင်းကို ပြန်ဖုံးရန် သံတူရှင်းနှင့် လန်နေသောအဖုံးကို ချိတ်လိုက်သည်။

"ဟား ... ဟား ... ဟား ..."

"မင်း ... မင်း ... ငါ့ကို သေစေချင်တယ်မို့လား၊ မင်းသေစေချင်သလို ... ငါသေသွားပြီလေ"

မြေကျင်းထဲရှိ အခေါင်းထဲမှ ပုပ်ပွနေသော အလေောင်းကြီး လှုပ်ရှားလာပြီး စကားသံထွက်လာသဖြင့် သံတူရှင်းကို လွှတ်ချပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ဆုတ်လိုက်သည်။

"သွား ... သွား ... မလာနဲ့"

"ဟား ... ဟား.. .. အသက်ရှုကျပ်ပြီး သေတာဘယ်လို အခံရခက်တယ်ဆိုတာ မင်းလက်တွေ့မြင်ပြီမဟုတ်လား ... မင်းက ငါ့ဆီရောက်လာပြီဆိုတော့ အဲ့ဒီလိုခံစားပြီး သေစရာမလိုတော့ဘူး၊ မင်းကို ငါကိုယ်တိုင် သတ်ပစ်တော့မှာ"

"သွား ... သွား ... ခင်ဗျားသေပြီးပြီ"

အလောင်းကောင်ကြီး ... ကျင်းပေါ်တက်ရန် အခေါင်းထဲမှာ လှုပ်ရှားရုန်းကန်နေသဖြင့် ဦးကျော်ထွန်းလည်း နောက်သို့လှည့်ပြေးရန် ဆုံးဖြတ်ပြီး လှည့်အပြေးမှာပဲ၊ သစ်ငုတ်ကို ခြေထောက်ချိတ်ပြီး ဝမ်းလျားထိုးလဲကျသွားသည်။

မြေကြီးယက်ပြီး ပစ်ချထားသော ပေါက်တူး၏ အသွားပေါ်တည့်တည့် ဦးကျော်ထွန်းလည်ပင်း စိုက်ကျသွားသည်။

ပေါက်တူးအသွားက ဦးကျော်ထွန်းလည်ပင်းမှာ တစ်ဝက်တိတိ စိုက်ဝင်သွားပြီး သွေးများပန်းထွက်ကာ ခဏအတွင်းမှာပင် ငြိမ်သက်သွားတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com 

မိုးလင်းပြီ။

နာရေးအိမ်မှ လူအားလုံး နိုးကုန်ပြီ။

ဦးကျော်ထွန်းကို မတွေ့သဖြင့် စောစောနိုးပြီး ကိစ္စရှိ၍ အပြင်သွားသည်ထင်ပြီး အမှတ်တမဲ့ နေလိုက်ကြသည်။

ကိုးနာရီခန့်ကြာတော့ အသက်ဆယ့်ငါးနှစ်ခန့်ရှိ နွားကျောင်းသားလေးတစ်ယောက် ဝင်လာပြီး သင်္ချိုင်းကုန်းမှာ ဦးကျော်ထွန်း မှောက်လျက်သေနေသည်ကို တွေ့ခဲ့သည့်အကြောင်း လာပြောသည်။

ထို့ကြောင့် လူအများ သင်္ချိုင်းအတွင်း လိုက်ပြီး သွားကြည့်ရာ ဦးလှမောင်အလောင်းကို တူးထားသည်ကို တွေ့ရပြီး ပေါက်တူး အသွားပေါ် လဲကျသေဆုံးနေသော ဦးကျော်ထွန်းကို တွေ့ကြရသည်။

ရွာသူရွာသားများလည်း မြေကျင်းထဲမှ ပုပ်ပွနေသော ဦးလှမောင်၏ အလောင်းအနေအထားကို မြင်ပြီး အံ့ဩနေကြသည်။

ဦးလှမောင် သေဆုံးပြီး ညဘက်ရောက်၍ အခေါင်းသွင်းစဉ် ခြေမ၊ လက်မများကို ချည်နှောင်ကာ ပက်လက်အနေအထားအတိုင်း အခေါင်းသွင်းပြီး အပုံးပုံးခဲ့သည်။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

ယခု မြင်သည်က အံ့ဖွယ်ဖြစ်နေသည်။

ယခု သူတို့မြင်လိုက်သည်က အခေါင်းတွင်းမှာ ကုန်းရုန်းထားသည့် အနေအထားကို မြင်လိုက်ရ၍ မြေချပြီးမှ မသေဘဲ ပြန်ရှင်လာသည်ဟု ယုံကြည်လိုက်သည်။

ထိုပြင် မြေဖို့ခံလိုက်ရ၍ သေသွားခြင်းဖြစ်ကြောင်းလည်း ပြောကြသည်။

ထိုကိစ္စနှင့် ဦးကျော်ထွန်း မည်သို့ပတ်သက်နေသည်ကိုတော့ ကာယကံရှင်များ စဉ်းစားမရ။ သေစဉ်ကလည်း ဦးကျော်ထွန်း မရှိ၊ အခေါင်းသွင်းစဉ်ကလည်း ဦးကျော်ထွန်းမရှိ၊ အသုဘချစဉ်ကသာ လိုက်ပို့ဆောင်ပြီး မြေမြှုပ်စဉ်ကလည်း ဦးကျော်ထွန်းမရှိ။

ဦးကျော်ထွန်း မိသားစုလည်း ရုတ်တရက် ဦးလှမောင်သေဆုံးပြီးနောက်ပိုင်းမှ အသက်ရှူကျပ်ပြီး သေဆုံးကုန်သည်။ ဦးကျော်ထွန်းကလည်း အလောင်းလာပြီး အလောင်းအနီးမှာပင် သေဆုံးနေသည်။

ဦးကျော်ထွန်းအား အိပ်မက်ဆိုးတွေပေးနေ၍ ယခုကဲ့သို့ အလောင်းလာတူးခြင်းလား စသည်ဖြင့် အမျိုးမျိုး ဝေဖန်ပြောဆိုနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ဦးကျော်ထွန်းမိသားစု အသက်ရှူကျပ်ပြီး သေဆုံးခြင်းကိုလည်း ရွာသားတို့ ပြောမဆုံးနိုင်ဖြစ်နေသည်။

ဦးလှမောင်နှင့် ဦးကျော်ထွန်းတို့သာသိသော ပဟေဠိကို မည်သူမျှ မဖြေနိုင်ကြ၊ ဦးကျော်ထွန်း သေဆုံးပြီးနောက်ပိုင်း သူ့မိသားစု ထပ်မံသေဆုံးခြင်း မရှိပါလေတော့။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ဗိုက်ပေါက်၊ ကိုယ်ပြား၊ ခေါင်းပြတ် သရဲသုံးကောင်နဲ့ မဖဲဝါ

ထူးဆန်းသော သရဲသုံးကောင် သောင်းကျန်းခဲ့သည့် အောက်စုရွာကလေးအကြောင်းဖြစ်သည်။

ယခင်က အောက်စုရွာကလေးကား အေးချမ်းလှသည်။ မည်သည့်ပြဿနာမှ မရှိခဲ့။

သရဲဆိုသည် ချိုနှင့်လားဟုပင် မေးရမလို မည်သူမှ သရဲအခြောက်ခံရသည်ဟု မကြားရ။

ယခု ... တစ်လအတွင်း သရဲမျိုးစုံ အခြောက်ခံကြရသည်။ ရွာထိပ်မှာ တစ်ရွာနှင့်တစ်ရွာ ဆက်ထားသော လေးခေမန့်မြင့်သည့် တာလမ်းတစ်ခုရှိသည်။

www.burmeseclassic.com

www.burmeseclassic.com


ထိုတာလမ်းက ဂဝံကျောက်ခင်းလမ်းဖြစ်သည်။ လှည်းများ၊ ထော်လာဂျီများသာ သွားလာကြသည်။

မိုးအခါ လမ်းများပျက်သဖြင့် ခြေလျင်သာ သွားလာနိုင်ကြသည်။

လွန်ခဲ့သောလက မန်ကျည်းတောရွာ ဘုရားပွဲသို့ ထိန်ပေါက်ရွာ၊ ကျွဲခတ်ရွာ၊ ဆင်ကူးရွာ၊ အောင်ကြီးရွာတို့မှ လှည်းများ၊ ထော်လာဂျီများနှင့်ရော ခြေလျင်လမ်းလျှောက်ပြီး ပျော်ပျော်ပါးပါး လာခဲ့ကြသည်။

ပွဲကြည့်လာကြသူများ ညနေလေးနာရီနောက်ပိုင်းကတည်းက တာလမ်းပေါ်မှာ စည်ကားနေသည်။

ထိန်ပေါက်ရွာမှ ဘုရားပွဲလာကြသော ထော်လာဂျီနှစ်စီး အပြိုင်မောင်းလာကြသည်။ လမ်းပေါ်မှာလည်း လမ်းလျှောက်သူများလည်း ရှိနေသည်။

အောက်စုရွာ အဝင်နားရောက်တော့ လမ်းပေါ်က လူများ တာပေါ်မှ ဆင်းပြီး ရွာလမ်းတာဘေးမှ ဆင်းလျှောက်ကြသည်။

ထိုအခါ ထော်လာဂျီနှစ်စီး ညာသံပေး၍ အပြိုင်လုမောင်းကြတော့သည်။

တစ်စီးကိုတစ်စီး ကျော်တက်ရန် ကြိုးစားကြသလို ရှေ့မှ


www.burmeseclassic.com

www.burmeseclassic.com


ကားကလည်း ကျော်မတက်စေရန် လမ်းပိတ်မောင်းနေသည်။

"ဝေး ... မတူရင်မတုနဲ့ ... ဘေးကိုကပ် ... ဘေးကို ကပ် ..."

ဝူး... ဝူး...

"စက်စုတ်ကြီး ... စက်စုတ်ကြီး ... မှိအောင်လိုက်"

ဝူး ... ဝူး ... ဝူး ...

"ဝေး ... မောင်းမောင်း ကျော်တော့မယ် မောင်း ..."

"ဝုန်း"

"ဂျိန်း"

"အား"

"ကယ်ကြပါဦး"

"အမယ်လေးတော့"

နောက်မှကျော်တက်လာသော ထော်လာဂျီက အရှိန်မထိန်း နိုင်ဘဲ လမ်းဘေးထိုးကျပြီး အရှိန်ပြင်းစွာ တိမ်းမှောက်ပါလေတော့ သည်။

တာလမ်းဘေးနှင့် အိမ်မှာ ပေသုံးဆယ်နီးပါးသာ ကွာသေးသည့် အတွက် အရှိန်နှင့် ထိုးကျမှောက်သွားသော ထော်လာဂျီက အိမ် တိုင်ကို ဝင်တိုက်ပြီး ရပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားမှောက်သည့်အတွက် ကားပေါ်မှာ ပါလာသူများ၏ ကြောက်မက်ဖွယ် အော်သံများ၊ နာကျင်၍ အော်ကြသူတို့၏ အသံများနှင့် ကမ္ဘာပျက်သည့်အလား ဆူညံသွားသည်။

ထိုအနီးနားတဝိုက် သွေးတို့ဖြင့် ရဲရဲနီသွားတော့သည်။ ထော်လာဂျီပေါ်ပါသူ ယောကျ်ား၊ မိန်းမငါးယောက် ဒဏ်ရာရ ကျိုးပဲ့ကုန်သော်လည်း အသက်မသေခဲ့။

ဒါပေမဲ့ ယောကျ်ားနှစ်ယောက်၊ အမျိုးသမီးတစ်ယောက်တို့က ထိုနေရာမှာပင် ပွဲချင်းပြီး သေဆုံးသွားကြသည်။ ယောကျ်ားတစ်ယောက်က ခြစည်းရိုးငါးခြမ်းပြား လည်ပင်းရှပြီး လည်ပင်းပြတ်ထွက်သွားသည်။

ယောကျ်ားတစ်ယောက်က ထော်လာဂျီဖိပြီး ပွတ်ဆွဲသွား၍ ခန္ဓာကိုယ် ပြားချပ်သွားသည်။

အမျိုးသမီးတစ်ယောက်ကတော့ ခြစည်းရိုးငုတ်က ဗိုက်ကို ဖောက်ထွက်သွား၍ အူများ အခွေလိုက် ထွက်ကျနေသည်။

ပွဲကြည့်ရန်လာသူများ အပျော်နှင့် အဆုံးမသတ်ဘဲ နာကျင်ကြေကွဲမှုတို့ဖြင့်သာ အဆုံးသတ်သွားကြသည်။

လူသေမှုဖြစ်ပြီးနောက်ပိုင်း ထိုရွာလေးမှာ ယခင်ကကဲ့သို့ အေးချမ်းမှု မရှိခဲ့တော့။

www.burmeseclassic.com

www.burmeseclassic.com



မကျွတ်မလွတ်သော သရဲသုံးကောင်က ရွာသူရွာသားများကို ခြောက်လှန့်နေသည်။

ရွာအစွန်မှာ ညောင်ပင်ခပ်သေးသေးနှင့် ကုက္ကိုပင်ကြီးတစ်ပင် ပူးကပ်ပေါက်နေသည်။

ကားမှောက်ခဲ့သည့်နေရာက ထိုသစ်ပင်ကြီးနှင့် ခြံနှစ်ခြံသာ အကွာအဝေးရှိသည်။

ထိုကုက္ကိုပင်ကြီးမှာ သေလွန်သွားသော လူသုံးယောက်တို့၏ မကျွတ်မလွတ်သော ဝိညာဉ်သရဲသုံးကောင်က ကပ်တွယ်ခိုနားနေ လေတော့သည်။

❖ ❖ ❖

မနက်လေးနာရီခွဲခန့်အရောက် မုဆိုးမဒေါ်တင့်နှင့် သမီး အေးခင်တို့ သားအမိနှစ်ယောက် တောင်းတစ်လုံးစီရွက်၍ ရေပုံး၊ ဆွဲခြင်းတို့နှင့် ကုက္ကိုပင်ကြီးအောက် ရောက်လာကြသည်။

ကုက္ကိုပင်အောက်မှာ အသေအချာဆောက်ထားသော အကြော် တဲ ရှိသည်။ အကြော်စားမည့်သူတို့ထိုင်ရန် ဝါးလုံးများနှင့် စားပွဲ ထိုင်ခုံတန်းလျားရှည်များ လုပ်ထားသည်။ တစ်ဖက်ကို ငါးယောက် ခန့် ထိုင်စား၍ရသည်။



www.burmeseclassic.com

www.burmeseclassic.com


အကြော်တဲရောက်သည်နှင့် ပစ္စည်းများ နေရာကျအောင် ချသည်။ အေးခင်က အကြော်ကြော်ရန် မီးစတင်မွေးနေသည်။

မီးမွေးပြီး မီးဖိုပေါ် ဒယ်အိုးတင်ကာ ဆီလောင်းထည့်လိုက်သည်။

ဆယ့်ငါးမိနစ်ခန့်ကြာတော့ ဆီဆူလာသည်။ ဒယ်အိုးထဲ ဘူးသီး စတင်ထည့်ပြီး ကြော်သည်။ ဒယ်အိုးက အကြော်ဆယ့်ငါးခုခန့်သာ ထည့်၍ရသည်။

ဘူးသီးကြော်နှစ်ဒယ်ကြော်ပြီး ပုစွန်ဆိတ်လေးများ မုန့်နှစ်ထဲ စိမ်ပြီး ပုစွန်ကြော်သည်။ ရွာနှင့်မနီးမဝေးမှာရှိသော ချောင်းမှ ပုစွန်ထောင်သမားများရောင်း၍ ပုစွန်ဆိတ်လေးများ အမြဲရသည်။ သို့ကြောင့် ပုစွန်ကြော်ကို ကြော်နေသည်။

အကြော်မထွက်ရသည်မှာ ငါးရက်ရှိခဲ့ပြီ။ တစ်ခြံကျော်မှာ ကားမှောက်ပြီး လူသေထားသဖြင့် မနက်စောစော အကြော်မထွက်ဝံ့၍ ရပ်ထားခဲ့သည်။

ယခု အေးအေးချမ်းချမ်းဖြစ်ပြီထင်၍ အကြော်ဆိုင် ပြန်ထွက်ခြင်းဖြစ်သည်။

ပုစွန်ကြော်နှစ်ဒယ်ချပြီးနောက် ဘယာကြော်ကြော်ရန် ပြုလုပ်ထားသော ပဲထည့်ထားသည့် ပန်းကန်ကို ယူလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

ညကတည်းက ကုလားပဲကိုစိမ်၍ မညက်တညက် ထောင်းထားပြီ။ ထို့နောက် ဘယာကြော်ကို ဆက်၍ကြော်နေသည်။

မကြာခင်မှာပင် ဝယ်မည့်သူများ စားမည့်သူများ ရောက်လာကြတော့မည်။

ရွာထဲမှ အဝယ်စားဆုံးက ဘူးသီးကြော်၊ ဘယာကြော်ဖြစ်သည်။ သို့ကြောင့် ဘူးသီးကြော်ကို အရင်ကြော်ထားခြင်းဖြစ်သည်။

ဒေါ်တင့်က ဘူးသီးများကို အတုံးလေးတွေဖြစ်အောင် လှီးပေးနေသည်။

ထိုအချိန် အကြော်တဲအပေါ်ရှိ ကုက္ကိုပင်ထက်မှ အသံများ ကြားလိုက်ရသည်။

"ဝရော ... ဝုန်း"

"ဝေါ ... ဝုန်း... ဝုန်း"

"ဟဲ့ ... ဟဲ့ ... ဘာသံတွေလဲ၊ ဘာဖြစ်တာလဲ"

"အပေါ်မှာ သစ်ကိုင်းခြောက်ရှိရင် ကျိုးကျမှ ဟုတ်ပေ့ဖြစ်နေမယ်"

"နေ့ခင်း လင်းလင်းထင်းထင်းကျရင် ကြည့်ထားပါဦးအမေ။ တော်ကြာ သစ်ကိုင်းကျိုးကြပြီးပိုလို့ ကျော်မကောင်း ကြားမကောင်း

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်နေဦးမယ်"

"ဝေါ ... ဝေါ ... ဝုန်း"

အပေါ်မှ သစ်ကိုင်းလေတိုးသည်လား ... အကောင်တကောင်က လှုပ်လေသည်လားမသိ အသံတွေ ကြားရသည်။

ဒေါ်တင့်က တံစက်မြိတ်အပြင် ခေါင်းထွက်ပြီး ကြည့်လိုက်သည်။ မှောင်နေ၍ ဘာမှမမြင်ရ။

"ဝေါ ... ဝေါ ... ဝေါ ..."

"သေချာအောင် ငါထွက်ကြည့်လိုက်ဦးမယ်"

ဒေါ်တင့်က ဘူးသီးလှီးနေရာမှ အပြင်ထွက်ကြည့်ရန် ပြင်လိုက်သည်။

ဒေါ်တင့် အကြော်တဲ တံစက်မြိတ်အပြင်ထွက်ပြီး ရပ်ကြည့်သည်။

"သစ်ကိုင်းတော့ လှုပ်နေတာတွေ့တယ်၊ ဘာကောင်မှတော့ မတွေ့ပါဘူး"

"ကဲ ... အမေ ... ဘာမှမထူးရင် အထဲလာခဲ့ပါတော့"

"ဘာလုပ်မလို့လဲ"

"အမေလှီးထားတဲ့ ဘူးသီးစိတ်တွေ သမီးကို ကမ်းပေးဦး သမီးမမှီလို့"

www.burmeseclassic.com

www.burmeseclassic.com


"အေး ... အေး ... လာပြီ"

ဒေါ်တင့် အထဲဝင်လာပြီး ... ဘူးသီးစိတ်များကို ယူပြီး ကမ်းပေးသည်။

ထိုအချိန် လူနှစ်ယောက် ဆိုင်ထဲဝင်လာသည်။ အမျိုးသမီး တစ်ယောက်နှင့် အမျိုးသားတစ်ယောက်ဖြစ်သည်။

"အကြော်ရပြီလား"

"ရပြီ ဘာစားမလဲ"

"ပုစွန်ကြော်ရရင် စားချင်တယ်"

"ပုစွန်ကြော်လား ရတာပေါ့ ... အိမ်ယူသွားမှာလား ထိုင် စားသွားမှာလား"

"ဒီမှာပဲ စားသွားမယ်"

"ဒါဆို တစ်ပွဲထည့်ပေးမယ်"

ဒေါ်တင့်က ပန်းကန်တစ်ချပ်ယူ၍ ပုစွန်ကြော်ဆယ်ခုထည့်ကာ လှမ်းပေးလိုက်သည်။

အချဉ်ရည်ထည့်ထားသော ပန်းကန်ကို တန်းလျားစားပွဲပေါ် သွားချပေးလိုက်သည်။

ဒေါ်တင့် အချဉ်ရည် သွားချပေးတော့ ပန်းကန်ထဲမှာ အကြော် သုံးခုသာ ကျန်တော့သည်ကို တွေ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com 

ညက ထမင်းမှ စားကြသေးရဲ့လားဟု စိတ်ထဲက တွေး ထင်လိုက်သည်။

အမျိုးသမီးနှင့် အမျိုးသားက အသက်တော့ ကွာပုံရသည်။ အမျိုးသားအသက်က လေးဆယ်ကျော်ခန့်ရှိမည်။ အမျိုးသမီးက အလွန်ဆုံးရှိလှ အသက်သုံးဆယ်ဟု ဒေါ်တင့် မှန်းမိသည်။

သားအဖတော့ မဖြစ်နိုင် ဦးလေးနှင့်တူမ။

အစ်ကိုနှင့် ညီမ တစ်ခုခုဖြစ်ချင်ဖြစ် မဖြစ်လျှင် လင်မယား လည်း ဖြစ်နိုင်သည်။

ပြီးတော့ သူတို့ရွာသားမဟုတ်မှန်း သိသည်။ ဤအကြော် တဲက ရွာပေါင်းစုံမှ လူများ ဖြတ်သွားဖြတ်လာရာ တာလမ်းဘေးမှာ ရှိသဖြင့် အခြားရွာများမှ ခရီးသွားများလည်း ဖြစ်နိုင်သည်။

“အဒေါ် ပုစွန်ကြော်တစ်ပွဲ ပေးပါဦး”

ဒေါ်တင့်က ပန်းကန်အလွတ်တစ်ချပ်ထဲသို့ ပုစွန်ကြော်ဆယ်ခု ထည့်ပြီး ကမ်းပေးလိုက်သည်။

အချိန်က ငါးနာရီသာသာ အလင်းရောင်လာစပြုပေမယ့် အမှောင်အားက ကောင်းတုန်းရှိသေးသည်။

တာလမ်းပေါ်မှာ တစ်ယောက်စ၊ နှစ်ယောက်စ ဖြတ်သွားသည် ကို တွေ့လိုက်သည်။ အကြော်ဝယ်မည့်သူများတော့ ရောက်မလာ


www.burmeseclassic.com

www.burmeseclassic.com

ကြသေး။

ဒေါ်တင့်က အကြော်ကမ်းပေးပြီး စပ်စုလိုက်သည်။

"တူမတို့က ခရီးသွားတွေလား ဒီရွာမှာ မမြင်မိလို့"

"ဟုတ်ပါတယ်၊ ထိန်ပေါက်ကလာခဲ့ကြတာပါ။ ဟိုရှေ့က မန်ကျည်းတောရွာကို သွားကြမှာပါ။

ကျွန်မနဲ့ ဒီကဦးကြီးက ဘာမှမတော်ပါဘူး၊ ခရီးသွားဖော် တစ်ရွာတည်းသား မိတ်ဆွေတွေပါ။ ဟိုဘက်ရွာအလှူမှာ ပွဲကြည့်မလို့ ထွက်လာခဲ့ကြတာ"

"မန်ကျည်းတောရွာ အလှူပွဲဟုတ်လား အခုရက်ပိုင်း အလှူ ရှိတယ်လို့ မကြားမိပါဘူး"

"အို ... အမေကလည်း အမေက ဘယ်သွားလို့လဲ အခု ရက်ပိုင်း ဆိုင်ပိတ်ထားတာမဟုတ်လား"

"ဟဲ့ ... အခုလို ပွဲတွေ၊ ဆိုင်းတွေ သွင်းမယ့် အလှူဆို ရွာစဉ်အနှံ့ သတင်းက ပျံ့ပြီးသား မဟုတ်ဘူးလား။

ငါတော့ မကြားမိပါဘူး။ ဒါနဲ့ တူမတို့သွားမယ့် အလှူရှင် နာမည်သိလား"

"သိတာပေါ့ ... ဟို လယ်ပိုင်ရှင် ဦးကျော်အုံးဆိုလားပဲ"

"ဟင် ... အဲ့ဒါလွန်ခဲ့တဲ့ ငါးရက်ကတည်းက ပြီးသွားပြီ"


www.burmeseclassic.com

www.burmeseclassic.com



“အငြိမ့်က “ဆန်းညွန့်စီ” တဲ့ ညဘက်ညော့်ခံပြီး နေ့ဘက်ကျတော့ “အောင်ဝင်းဗိုလ်” ဆိုင်းနဲ့ ညော့်ခံမှာတဲ့”

“ဆိုင်းနောက်ထပေါ်လေးဆိုတာ အရမ်းနာမည်ကြီးတာ”

“ငါ့တူမတို့ ... ရက်မှားပြီး လာခဲ့ကြတာ”

“ရက်မမှားပါဘူး ဒေါ်ကြီးရဲ့ ထော်လာဂျီစီးပြီး ပျော်ပျော်ပါးပါး လာခဲ့ကြတာ၊ ထော်လာဂျီမှောက်သွားလို့ ခြေလျင်လျှောက်သွားကြမှာ”

ထိုကဲ့သို့ ပြောပြီး အမျိုးသမီးက ထိုင်ရာမှ ထလိုက်သည်။

ဒေါ်တင့်နှင့် အေးခင်တို့ ထိုအမျိုးသမီးစကားကြောင့် အံ့သြစိတ်နှင့် လှည့်ကြည့်လိုက်စဉ်၊

“ဟင်”

“ဟာ... အ... အမယ်လေးတော့”

“ဝုန်း”

“ခွမ်း”

ဒေါ်တင့်နှင့် အေးခင်တို့ ထိုင်ရာမှ ကြောက်ကြောက်လန့်လန့်နှင့် ကုန်းထစဉ် အနီးမှာရှိသော အိုးခွက်ပန်းကန်များ အပြိုင် အလဲလဲ ဖြစ်ကုန်သည်။

“အမယ်လေး ... သရဲတွေတော့”



www.burmeseclassic.com

www.burmeseclassic.com


"ဟာ … သ … သရဲ … သရဲ"

အမျိုးသမီးနှင့် အမျိုးသားကြီးတို့ ထိုင်ရာက ထလိုက်ကြစဉ်၊ အမျိုးသမီးဗိုက်က အူများ အထွေးလိုက်ထွက်ကျနေသလို အမျိုးသားကြီး၏ ခန္ဓာကိုယ်က ပြားချပ်နေသည်။

မျက်လုံးနှစ်လုံးကလည်း ပြူးထွက်နေသည်။

ထို့နောက် မျက်စိအောက်မှာပင် လှစ်ခနဲ ပျောက်သွားသည်။

ထိုစဉ် အကြော်တဲသို့ လယ်ကွင်းထဲသွားရန် ထွက်လာသော ကျော်စိုးနှင့် ဝင်းဖေတို့နှစ်ယောက် ဝင်လာကြသည်။

"ဟာ … အကြော်သည် သားအမိ၊ အလဲလဲ အပြိုပြိုနဲ့ ဘာဖြစ်နေကြတာလဲ သားအမိနှစ်ယောက် နပန်းလုံးနေကြတာ လား"

ဒေါ်မြင့်က အကြော်တဲအတွင်း နောက်ပြန်လဲလျက်က ဖုတ်ဖက်ခါပြီး ထလာသည်။

"ငါတို့ အခုလေးတင် သရဲအခြောက်ခံလိုက်ရလို့ လန့်ပြီး အော်လိုက်တာ ရေပုံးကို နောက်ပြန်ခလုတ်တိုက်ပြီး ဖင်ထိုင်လဲကျ သွားတာ"

"ဘယ်ကသရဲ လာခြောက်တာလဲ"

"မကျင်မြတို့အိမ် ဝင်တိုက်ပြီး ပျောက်သွားတဲ့ ထော်လာဂျီ


www.burmeseclassic.com

ပိလို့ သေတဲ့လူနဲ့ ဗိုက်ကိုငုတ်ထိုးပြီး သေတဲ့အမျိုးသမီး သရဲ နှစ်ကောင် လာခြောက်တာ"

"ဟုတ်လို့လားဗျာ"

ထိုအခါ အေးခင်က ဝင်ပြောသည်။

"ဟုတ်လား မဟုတ်လားတော့ မသိဘူး၊ ငါးနာရီလောက် အကြော်လာဝယ်စားတယ်။ လာတုန်းကတော့ လူအစစ်ပါ၊ ပုစွန်ကြော် တစ်ပွဲပြီးတစ်ပွဲ စားတယ်။

အမေက စပ်စုပြီး ဘယ်သွားမလို့လဲ မေးလိုက်တာ ဦးကျော်အုံးရဲ့ အလှူကို ထော်လာဂျီနဲ့ လာခဲ့ကြတာ ထော်လာဂျီ မှောက်သွားလို့ ခြေကျင်လျှောက်သွားမှာတဲ့၊ အဲ့ဒီလိုပြောပြီး မတ်တတ်လည်းရပ်လိုက်ရော ... အမယ်လေး ... ပြောရင်း ကြက်သီး ထလာပြီ"

"မအေးခင်ကလည်း ... ကောင်းတုန်း စကားမရပ်လိုက်နဲ့ လေဗျာ"

"ဟဲ့အကောင်တွေ ... နင်တို့သာ ... ငါတို့မြင်သလို မြင်လိုက်ရင် ... ထိုင်ရာမှာ သေးဖျန်းဖျန်းထွက်သွားမယ်"

"ဒေါ်ကြီးတို့ သားအမိရော ထွက်ကျသေးလား"

"ငါတို့က အသံကုန်ဟစ်နေလို့ ထွက်ချိန်မရလိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com


"ကဲ ... မြင်လိုက်တာကို ဆက်ပြောပါဦး"

အမျိုးသမီးက ထိုင်ရာကထလိုက်ရော အူတွေအခွေလိုက်ကျနေတယ်၊ အမျိုးသားကြီးက တစ်ကိုယ်လုံး ပြားချပ်နေတယ်၊ တကယ်အသည်းယားစရာ ကြောက်စရာမြင်ကွင်းပဲ"

"ဒါတို့သားအမိ မျက်လုံးစုံမှိတ်ပြီး အသံကုန်အော်နေတုန်း ပျောက်သွားတာထင်ပါရဲ့။ မျက်လုံးလည်းဖွင့်ရော ဘယ်သူမှ မရှိတော့ဘူး"

"ဒါဆို အကြော်နှစ်ပွဲဖိုး ဆုံးသွားတာပေါ့"

"နှစ်ပွဲပဲ စားသွားလို့တော်သေးတာပေါ့ဟယ်"

"ဒီပန်းကန်တွေယူပြီး ဆေးလိုက်ပါဦး"

ဒေါ်တင့်လည်း သရဲစားသွားသော အကြော်ပန်းကန်နှင့် အချဉ်ရည်ထည့်သော ပန်းကန်တို့ကို သွားယူပြီး ဆေးလိုက်သည်။

"သရဲတွေ ဘယ်ထွက်သွားမယ်ထင်လဲ"

"ဘယ်မှ ထွက်မသွားဘူး၊ ဒီနားမှာပဲ ပျောက်သွားတာ"

"ဟို ခေါင်းပြတ်သရဲ မပါဘူးလား"

"ဟာ ဝင်းပေကလည်း ခေါင်းပြတ်နေမှတော့ ... ဘယ်ပါးစပ်နဲ့စားမှာလဲ"

"မင်းကွာ ... ဝိညာဉ်သရဲဖြစ်မှတော့ ပုံစံအမျိုးမျိုး ဖန်ဆင်း


www.burmeseclassic.com

www.burmeseclassic.com


နိုင်တာပေါ့”

“အခုကြည့်ပါလား၊ အကြော်လာစားတော့ လူလိုဖန်ဆင်းလာတယ် ... စားပြီးလို့ ပိုက်ဆံလည်း ရှင်းရမယ်ဆိုရော သူတို့ သေဆုံးစဉ်က ပုံအတိုင်း ပြတာမဟုတ်လား”

“ဒါဆို ပိုက်ဆံပေးရမှာ စိုးလို့ပေါ့”

“ဖြစ်နိုင်တယ်”

“တို့လည်း မနက်ဖြန် ပိုက်ဆံမပေးရအောင် စီစဉ်ရမယ်”

“နင်တို့ ပုံစံတွေ ခွေးချီသွားလည်း သိတယ်”

“ဝါ့ကို နင်တို့ လာခြောက်လို့ကတော့ မီးစနဲ့ ပစ်ပြီမှတ်”

“အလကားစတာပါ ဒေါ်လေးတင့်ရာ”

“မနက် အကြော်ထွက်ဦးမလား”

“အကြော်ကတော့ နေ့တိုင်းထွက်ရမှာပဲ၊ နေ့တိုင်း သရဲခြောက်မယ် မထင်ပါဘူး”

“မထင်နဲ့ ဒေါ်တင့်ရဲ့ အကြော်ကို ခံတွင်းတွေ့ချင်တွေ့သွားမှာ ဒီသစ်ပင်ကြီးပေါ်မှာများ နေလားမသိဘူး”

“ဒီသေနာဖလေး ... ကြောက်ပါတယ်ဆိုမှ ကြောက်အောင်လျှောက်ပြောနေတယ်။ နင်တို့စားပြီးပြီမဟုတ်လား။ ပိုက်ဆံရှင်းပြီးသွားကြတော့”


www.burmeseclassic.com

www.burmeseclassic.com

"ရှင်းမှာပါ ... စိတ်မပူပါနဲ့ ဘယ်လောက်ကျလဲ"

"နေဦး ... ဒီကလေးကို အကြော်ထည့်ပေးလိုက်ဦးမယ် ... နင်တို့စားတာ နင်တို့မသိဘူးလား"

ဒေါ်တင့်က ရွာထဲမှ အကြော်လာဝယ်သော ကလေးနှစ်ယောက်ကို အကြော်ရွေးပေးလိုက်သည်။

ကျော်စိုးနှင့် ဝင်းဖေတို့လည်း ပိုက်ဆံရှင်းပြီး ထွက်သွားတော့သည်။

ထိုနေ့က မနက်ကိုးနာရီခန့် အကြော်အားလုံးကုန်သွားသဖြင့် သားအမိနှစ်ယောက် ဆိုင်သိမ်းပြီး အိမ်ပြန်လာခဲ့ကြတော့သည်။

❖ ❖ ❖

မနက်လေးနာရီခွဲသည်နှင့် ဒေါ်တင့်တို့ သားအမိနှစ်ယောက် အကြော်လာထွက်ကြသည်။ သရဲကြောက်ပေမဲ့ စောစောမထွက်၍လည်းမဖြစ်။

မနက်ငါးနာရီနောက်ပိုင်းဆိုလျှင် ခရီးသွားများရော ရွာထဲမှ ကလေးလူကြီးများ အစာပြေစားရန် ဆက်တိုက်လာဝယ်ကြသည်။

သွားရင်းလာရင်း ဝင်၍လည်း စားကြသည်။


www.burmeseclassic.com

www.burmeseclassic.com 

ထိုအချိန်ကို အမိုးရောင်းနိုင်မှ အကြော်ရောင်းကောင်းသည်။ ကြော်ထားသမျှ ကုန်သည်။

အကြော်နောက်ကျလျှင် ရောင်းမကုန် ကျန်နေတတ်သည်။

သရဲက နေ့တိုင်းတော့ လာမခြောက်နိုင်ဟု သားအမိ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အားပေးရင်း မဝံ့မရဲနှင့် ဆိုင်လာဖွင့်ခြင်းဖြစ်သည်။

အကြော်အိုး မီးဖိုပေါ်တင်ပြီး၍ အကြော်စတင်ကြော်နေပြီး ဘူးသီးကြော်နှစ်ဒယ်ပြီးတော့ ပုစွန်ကြော်စကြော်သည်။

ပုစွန်ကြော်များကျက်တော့ ဘယာကြော် ကြော်ရန် ပြင်နေသည်။

ထိုစဉ် ဝင်းပေနှင့်ကျော်စိုးတို့ ဆိုင်ရောက်လာသည်။ ကျော်စိုးက သူ့ဇနီးခင်မြကို အကြော်ဆိုင်ကို ခေါ်လာသည်။

"ဒေါ်တင့် ပုစွန်ကြော်ကျက်ပြီမဟုတ်လား တစ်ပွဲချ"

"အေး ကျက်ပြီ၊ စားနေကျ ဘူးသီးကြော် မစားတော့ ဘူးလား"

"ဒီနေ့တော့ ပုစွန်ကြော်ပြောင်းပြီး စားမယ် နှစ်ပွဲသာချ"

ဒေါ်တင့်လည်း ပန်းကန်နှစ်ချပ်ထဲ ပုစွန်ကြော်များထည့်ပြီး သွားချပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


အချဉ်ရည်ပန်းကန်ကို သွားချပေးသည်။

နှစ်ပန်းကန် ချက်ချင်းကုန်သွားသည်။

"ဟဲ့ ... သွက်လှချည်လား"

"ဒေါ်တင့်ရဲ့အကြော်က ကောင်းလို့ပေါ့၊ ပုစွန်ကြော်ပဲ ထည့်ပေးပါ"

"ဘယ်နှစ်ပွဲလဲ"

"နှစ်ပွဲသာ ထပ်ထည့်လိုက်"

ဒေါ်တင့်က ပုစွန်ကြော်နှစ်ပွဲထည့်ပြီး သွားချပေးလိုက်သည်။

ထိုအချိန် ရွာထဲမှ လူငယ်နှစ်ယောက် ထွက်လာပြီး အကြော် လာဝယ်သည်။

"ကိုကျော်စိုး ခင်ဗျားက ... မခင်မြကို ဘယ်တုန်းက အကြော်ဆိုင်ခေါ်ခဲ့ဖူးလို့လဲ"

"အကြော်စားချင်တယ်ဆိုလို့ ခေါ်ခဲ့တာ"

လူငယ်နှစ်ယောက်က စကားမဆက်တော့ဘဲ ... အကြော် ဗိုးရှင်းကာ ထွက်သွားတော့သည်။

"ကဲ ... ဒေါ်တင့်အကြော်ဖိုး ဘယ်လောက်ကျလဲ"

"အံ့မယ် အထူးအဆန်းလုပ်ပြီး မေးနေရသေးတယ်"

"တစ်ခုတစ်ဆယ်၊ ဈေးမတက်သေးပါဘူး၊ လေးပွဲလေးရာ


www.burmeseclassic.com

www.burmeseclassic.com 

ပေါ့"

"ဒီမှာ ဗိုက်ဆံလေးရော၊ ပန်းကန်အောက်ထည့်ထားခဲ့မယ်"

ဒေါ်တင့်လည်း ပဲကပ်ကြော်ကြော်ရန် မုန့်နှစ်နယ်ဖတ်နေသဖြင့် ဗိုက်ဆံထမယူနိုင်သေး။

ထိုစဉ်မှာပဲ ကျော်စိုးနှင့် ဝင်းဖေတို့ ဆိုင်ထဲဝင်လာသည်။ ဒေါ်တင့် ဘူးသီးကြော်တစ်ပွဲ အမြန်ချဗျာ ...

ထိုအခါ ခေါင်းငုံ့ပြီး မုန့်နှစ်နယ်နေသော ဒေါ်တင့် ခေါင်းမော့ ကြည့်လိုက်ပြီး ...

"ဟဲ့ ... ကျော်စိုး အစားကြီးလှချည့်လား၊ အခုပဲ သုံးယောက်သား ပုစွန်ကြော် လေးပန်းကန်စားသွားကြပြီးပြီ၊ ဘူးသီးကြော် ထပ်စားကြဦးမလို့လား"

"ဟာ အခုမှ ... ဝင်းဖေကို ဝင်ခေါ်ပြီး ထွက်လာခဲ့တာ၊ လယ်ထဲသွားနေကျအချိန်ထက် နောက်ကျနေလို့ အမြန်ထည့်ခိုင်းနေတာ"

"ဟဲ့ စောစောကပဲ နင်ရယ်၊ ဝင်းဖေရယ်၊ နင့်မိန်းမ ခင်မြရယ်၊ ပုစွန်ကြော်လေးပွဲ လာစားသွားတာ၊ ပန်းကန်လေးချပ်တောင် မသိမ်းရသေးဘူး ... ပန်းကန်အောက်မှာ ဗိုက်ဆံလေးရော ထားသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ မဟုတ်သေးပါဘူး ... ခင်မြက အိပ်ရာကတောင် မထသေးဘူး"

"နင်တို့ မနေ့ကသရဲ လူယောင်ဆောင်သွားတယ်ဆိုလို့ ငါ့ကို လာနှောက်နေကြတာလား၊ ဟဲ့ ဒီမှာ နင်တို့စားထားတဲ့ အကြော်ပန်းကန်လေးချပ်၊ ပိုက်ဆံတောင် မသိမ်းရသေးဘူး"

ဝင်းဖေက ပန်းကန်တွေကို မကြည့်လိုက်သည်။

ဒေါ်တင့်ကလည်း ကြည့်နေသည်။

"ဒီမှာ ပိုက်ဆံတစ်ပြားမှ မတွေ့ပါဘူး၊ ကျုပ်တို့တရားခံ ဖြစ်နေပါ့မယ်"

ကျော်စိုးကလည်း ...

"တကယ်ပြောတာ ဒေါ်တင့် ပိုက်ဆံမတွေ့ဘူး"

ကျော်စိုးကပါ ဝင်ပြောသဖြင့် ဒေါ်တင့် ထိုင်ရာက ထလိုက်သည်။

"ဒီမှာ စာရွက်လေးရွက်တွေ့တယ်"

ညိုညိုညာညာရှိနေသော ဗလာစာရွက်အပိုင်းလေးရွက်ကို ကိုင်ပြီး ပြလိုက်သည်။

"ဟင် ... ငါ့ကို ပိုက်ဆံလေးရာပြပြီး ... ဒီမှာထားခဲ့မယ် ပြောပြီး ထွက်သွားကြတယ်"


www.burmeseclassic.com

www.burmeseclassic.com


"ဒါဆို ... ကျုပ်တို့အယောင်ဆောင်ပြီး သရဲဝင်စားသွားတာပဲဖြစ်မယ်"

"ဒီအတိုင်းဆို ငါ ... အရင်းပြုတ်တော့မယ်"

"ဒေါ်တင်တို့ကို သရဲပုံ မပြသွားဘူးလား"

"နင်တို့လာနေတာသိလို့ ... ထသွားတာဖြစ်နိုင်တယ်"

"ဒီအတိုင်းဆိုရင် ... သရဲတွေ ... ဒီဝန်းကျင်မှာပဲ ရှိနိုင်တယ်၊ နောက်နေ့တွေလည်း သတိထားပေါ့"

"ခက်တာက လူမျိုးစုံရဲ့ ပုံသဏ္ဍာန်မျိုးစုံ ဖန်ဆင်းပြီး သွားလာနေတော့၊ ဘယ်ဟာသရဲမှန်း သိပါ့မလဲ။ အခုလည်း နင်တို့လာမှ သရဲမှန်းသိတာ။

ဒီနေ့ နင်တို့သာ လာမစားဘူးဆိုရင် ... သရဲမှန်း ဘယ်သိပါ့မလဲ"

"အမေကလည်း သရဲဟုတ်ချင်မှဟုတ်မှာ ကိုကျော်စိုးကြီးတို့ အလကားစားချင်လို့ ... သရဲနဲ့ပုံမှားရိုက်တာ ဖြစ်မှာပေါ့"

"ဟာ ဒီကောင်မလေး အေးခင် ... မဟုတ်ကဟုတ်က ပြောတော့မယ်"

"ကဲပါ နောက်နေ့ အစောကြီးလာပြီး စကားလာထိုင်ပြော နေမယ်၊ ဟုတ်လား သရဲလာတော့လည်း စောင့်ဖမ်းရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"အေး ... စောစောနိုးလို့ လာနိုင်ရင် လာခဲ့ကြပေါ့။ အကြော်တစ်ပန်းကန် အလကားကျွေးမယ်"

"ဟာ ဒါဆို ... ကြိမ်းသေလာပြီလို့မှတ်လိုက်"

သို့ဖြင့် သရဲလား၊ လူလား မသိဘဲ ဒေါ်တင့် မုန့်လေးပွဲ အလကား ပေးလိုက်ရပြန်သည်။

ကိုးနာရီကျော်ကျော် ဆိုင်သိမ်းပြီး သားအမိနှစ်ယောက် အိမ်သို့ ပြန်ခဲ့သည်။

❖ ❖ ❖

ထုံးစံအတိုင်း လေးနာရီကျော်ကျော်ခန့်တွင် ဒေါ်တင်တို့ သားအမိ ဆိုင်လာဖွင့်ကြသည်။

မီးမွှေးပြီး အကြော်အိုးတင်ကာ ဘူးသီးကြော် စ၍ ကြော် တော့သည်။

ဘူးသီးကြော်ပြီးသည်နှင့် ပုစွန်ကြော် စ၍ကြော်သည်။ ပုစွန် တစ်ဒယ်ဆယ်လိုက်သည်။

ထိုအချိန်မှာပဲ ...

ဝုန်း ... ဝုန်း ...

ဝုန်း ... ဝရော ... ဝုန်း


www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့ … သောက်ပလုတ်တုတ် … ဘာတွေဖြစ်တာလဲ"

"အမေ … ကုက္ကိုပင်အကိုင်းတွေပေါ်မှာ ဘာကောင်တက်ခုန်နေလဲ ကြည့်ပါဦး"

ထိုအချိန်မှာပဲ … အပေါ်မှ ရှည်လျားသောလက်ကြီး အောက်သို့ တွဲလောင်းကျလာသည်။

လက်ဝါးကို ဆုတ်လိုက်ဖြန့်လိုက်နှင့် တစ်ခုခုကို တောင်းနေသလိုပင်။

"အမေ … အမေ … သရဲလက်ကြီး"

ဒေါ်တင့်က သရဲလက်ကြီးနှင့်နီးသလို အကြော်သည့်ထားသော ဗန်းနှင့်လည်းနီးသဖြင့် ကြောက်ကြောက်လန့်လန့်နှင့် ဘူးသီးကြော်လေးခုခန့် ထည့်ပေးလိုက်သည်။

ဝှစ် … ဝှစ် … ဝှစ် …

"အမေ … အကြော်တွေ ပြန်ပစ်ချလိုက်ပြီ"

လက်က ပြန်ကျလာပြီး လက်ကို ဆုတ်လိုက်၊ ဖြန့်လိုက် လုပ်ပြနေသည်။

"အမေ … ပုစွန်ကြော်ထည့်ပေးလိုက်"

ဒေါ်တင့်က ပုစွန်ကြော်သုံးခု ထည့်ပေးလိုက်သည်။

လက်ကြီး အပေါ်တက်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com


"ဘယ်လိုလုပ်ကြမလဲ ... အမေ"

"နေပါဦး ... ခဏစောင့်ကြည့်ပါဦး"

နောက်ထပ် လက် ... ထပ်ကျလာသည်။ လက်က တစ်ချောင်းမဟုတ် သုံးချောင်းဖြစ်နေသည်။

"ဟာ လက်တွေက များလာပြီ သုံးချောင်းပေါင်"

ထိုအချိန်မှာ ကျော်စိုးနှင့် ဝင်းဖေတို့ အကြော်ဆိုင်သို့ ရောက်လာကြသည်။

"ဟာ ..."

"ဟာ ... ဒေါ်တင့် ... ဒေါ်တင့် ... ဒေါ်တင့်တို့ဆိုင် အပေါ်မှာ တွဲလောင်းကြီးတွေ"

ကျော်စိုးက သရဲများကို မြင်လိုက်သဖြင့် ထိတ်ထိတ်ပျာပျာ နှင့် လှမ်းအော်လိုက်သည်။

ကျော်စိုးအော်သံကြောင့် သစ်ပင်ပေါ်က သရဲများ ရုပ်ခနဲ ပျောက်သွားသည်။

"ဒေါ်တင့်ပြောတဲ့ သရဲသုံးကောင် ဒီကုက္ကိုပင်ပေါ် ခိုကပ်နေတာလား မသိဘူး"

"ဟုတ်နိုင်တယ် ... သရဲဆိုတာ အညှီအဟောက် ကြိုက်တယ်မို့လား ရိုးရိုးအကြော်ကို မစားဘူး၊ ပုစွန်ကြော်ကိုပဲ စားတာ"


www.burmeseclassic.com

www.burmeseclassic.com


"အိုဆို ဒီသရဲတွေ ဘယ်မှမသွားဘဲ၊ ဒီညောင်ပင်နဲ့ ကုက္ကိုပင်မှာ ခိုကပ်နေတာဖြစ်မယ်"

"အေး ဒီအတိုင်းဆိုရင် ငါတို့ နောက်နေ့ အကြော်လာမဖွင့်ရဲတော့ဘူး"

"နင်တို့နှစ်ယောက် လင်းတဲ့အထိ နေပေးပါ၊ နောက်နာရီဝက်လောက်ဆိုရင် လင်းထိန်နေပါပြီ"

"ရပါတယ် စောင့်ပေးပါ့မယ်"

အကြော်ဆိုင်မှာ စကားပြောသံများ အဆက်မပြတ်သဖြင့် သစ်ပင်ပေါ်ကသရဲများ လှုပ်ရှားသံမကြားရ။

"ဟင် ... ဟင် ... အေးခင် ... ကုန်ပါပြီတော်"

"အမေ ... ဘာဖြစ်လို့လဲ"

"ဒေါ်တင့် ... ဘာဖြစ်လို့လဲ"

"ငါတို့ စကားများနေကြတုန်း အကြော်ဗန်းထဲက ပုစွန်ကြော်တွေ ယူသွားပြီ၊ ဗန်းထဲမှာ တစ်ခုမှ မရှိတော့ဘူး"

"ဘယ်လိုယူသွားတာလဲ"

"အဲ့ဒါတော့ ငါလည်း ဘယ်ပြောတတ်မလဲ။ ဒီမှာ အခု သုံးဆယ်လောက်ရှိတာ၊ ပုစွန်ကြော်ဆိုလို့ တစ်ခုမှ မရှိတော့ဘူး"

"အမေတို့ ရိပ်တိတ်လေးတောင် မမြင်လိုက်ဘူးလား"


www.burmeseclassic.com

"အေးခင်ကလည်း နာနာဘာဝတွေ၊ သရဲတွေဆိုတာ ကမ္ဘာဦးကတည်းက ရှိကြတယ်။ သူတို့က မမြင်စေချင်ရင် ဘယ်သူမှ မမြင်ရဘူး"

ပုစွန်ကြော်ရှိသမျှ အကုန်ယူစားသွားသဖြင့် သရဲများ ဤနေ့အတွက် ဗိုက်ပြည့်သွားပုံရသည်။ သစ်ပင်ပေါ်က လှုပ်ရှားသံတစ်ခုမျှ မကြားရတော့။

ဒေါ်တင့်တို့သားအမိနှစ်ယောက်လည်း ကြောက်ကြောက်လန့်လန့်နှင့်ပင် အကြော်များ ကုန်အောင်ရောင်းပြီးမှသာ ဆိုင်ပိတ်ပြန်ခဲ့ကြသည်။

ဒေါ်အေးညွန့်နှင့် ဒေါ်လုံးတို့နှစ်ယောက် လယ်ကွင်းထဲမှာနေကြသော တဲတန်းတစ်လျှောက်၊ ကုန်စိမ်းကုန်ခြောက် လည်ပတ်ရောင်းနေသူများဖြစ်သည်။

ညနေ ငါးနာရီခွဲခန့် အရောင်းသိမ်းပြီး ရွာသို့ ပြန်ဝင်ခဲ့ကြသည်။

အောက်စုရွာအဝင် ကုက္ကိုပင်အောက်သို့ အရောက် ခေါင်းပေါ်မှာ ရွက်လာသော တောင်းနှစ်တောင်းကို အပေါ်သို့ ဆွဲယူလိုက်သည့်အတွက် မော့ကြည့်လိုက်မိကြသည်။

"ဟင် ... ငါ့တောင်းကို သရဲဆွဲယူသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com


"ငါ့တောင်းလည်း ,... ပါသွားပြီ"

"အမယ်လေး ... လာကြပါဦးတော့"

"သရဲ ... သရဲ ... သရဲ"

အကောင်ကို မမြင်ရဘဲ တောင်းများ သစ်ပင်ကြီးပေါ်သို့ ယူသွားသည်ကို အတိုင်းသား မြင်ရသည်။

ဒေါ်အေးညွန့်နှင့် ဒေါ်လုံးတို့၏ အသံစူးစူးရှရှ အော်လိုက်သော အသံကြောင့် ရွာတွင်းနီးစပ်ရာမှ လူတော်တော်များများ အပြင်သို့ ထွက်လာကြသည်။

အချိန်က ခြောက်နာရီနေဝင်ကာစပင် ရှိသေးသည်။

"ဝုန်း ..."

"ဘုန်း ..."

"အမယ်လေးတော့ ... ကုန်ပါပြီ"

သစ်ပင်ကြီးအောက်သို့ တောင်းနှစ်လုံး ပြန်ကျလာသည်။

ဒေါ်လုံးနှင့် ဒေါ်အေးညွန့်တို့နှစ်ယောက် လိမ့်ထွက်သွားသော တောင်းကို လိုက်ဖမ်းကြသည်။

"ကုန်ပါပြီတော် ပါသွားပြီ"

"ဒေါ်လုံးတို့တောင်းတွေထဲမှာ ကုန်ခြောက်အပြင် ဘာတွေ ပါလို့လဲ"


www.burmeseclassic.com

www.burmeseclassic.com

"ကညင်စုရွာမှာ အမဲပေါ်လို့ တစ်ယောက်ကို ငါးဆယ်သား တစ်တွဲစီဝယ်ပြီး ပြန်ခဲ့တာ"

"မအေးညွန့်က သူ့အမေအိမ်အတွက် အပိုတစ်တွဲဝယ်ခဲ့သေးတယ်"

တောင်းနှင့်အတူ ကုန်စိမ်း၊ ကုန်ခြောက် လက်ကျန်များ ပြန်ကျလာသော်လည်း အမဲသားတွဲများ ပါမလာတော့။

"ဒီသရဲတွေ ဇော်တင့်အကြော်တွေ အလကားစားနေလို့ ဇော်တင့်လည်း ဆိုင်မထွက်ရဲတော့ဘူး"

"အခုလည်း လမ်းသွားလမ်းလာတွေရဲ့ စားစရာတွေပါ လုစားနေပြီတဲ့"

တစ်ရက် ... သရဲအကြောင်း သိမထားသော နွားကျောင်းသားလေး လယ်ကွင်းထဲမှအပြန် ကုက္ကိုပင်နား အပေါ့သွားမိသည်။

ထိုစဉ် နွားကျောင်းသားလေးနောက်သို့ သရဲကြီးတစ်ကောင် ခုန်ဆင်းလာပြီး ကျောကိုပုတ်ကာ မျက်လုံးကြီး ပြူးပြီး လျှာထုတ်ပြသည်။

သူ့ရှေ့မှာပင် ခေါင်းကြီးပျောက်သွားပြီး ခေါင်းမပါသော ခန္ဓာကိုယ်ကြီးက သစ်ပင်ပေါ်သို့ ကုတ်တက်သွားသည်ကို တွေ့လိုက်ရသည်။


www.burmeseclassic.com

www.burmeseclassic.com


နွားကျောင်းသားလေးလည်း သရဲကြီးကိုမြင်ပြီး အကြောက်လွန်ကာ ထိုနေရာမှာပင် မေ့လဲနေတော့သည်။

လယ်ကွင်းထဲမှ ပြန်လာကြသူများ တွေ့သဖြင့် ကောင်လေး၏ အိမ်သို့ ခေါ်လာပေးကြသည်။

အိမ်ရောက်၍ ပြုစုသော်လည်း တစ်ညလုံး သတိပြန်မလည်လာခဲ့။

နောက်နေ့ရောက်၍ သတိပြန်ရလာသော်လည်း စကားမေးမရ။ ကြောင်စီစီ ဖြစ်နေတော့သည်။

သို့ကြောင့် လူကြီးတွေစုပြီး ထိုသရဲကိစ္စကို တိုင်ပင်ကြသည်။

"ဒီသရဲကိစ္စ ဘယ်လိုလုပ်ရင်ကောင်းမလဲ။ ဦးမောင်ဖြူက ရှေ့မီနောက်မီဆိုတော့ ဗဟုသုတလေးများရှိရင် ဝေမျှစမ်းပါဦး"

"ဒီကိစ္စကို ငါလည်း ဘာမှမတတ်နိုင်ဘူး သိန်းဇံရ။ သရဲနိုင်တဲ့ ဆရာခေါ်ပြီး နှင်ချင်နှင်၊ ဒါမှမဟုတ် ရွာဦးကျောင်းဆရာတော်ကိုပင့်ပြီး အန္တရာယ်ကင်းပရိတ် ရွတ်ချင်ရွတ် ဒီလောက်ပဲ အကြံပေးနိုင်တယ်"

"ဟုတ်တယ်။ ဦးမောင်ဖြူပြောသလို ရွာဦးဆရာတော်ကျောင်းက ဘုန်းကြီးငါးပါးပင့်ပြီး ပရိတ်ရွတ်လိုက်ရင် ဒီသရဲတွေ ဘယ်နေနိုင်ပါ့မလဲ"


www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ဆန္ဒလည်း အတူတူပဲ။ ပရိတ်ရွတ်လိုက်စေချင်တယ်"

"အဲသို အချိန်ဆိုင်းမနေနဲ့။ ဒီညနေ ကုက္ကိုပင်ကြီးအောက်မှာ ဘုန်းကြီးငါးပါးပင့်ပြီး ပရိတ်ရွတ်ကြတာပေါ့"

"မောင်စိုးသိန်းနဲ့ တင်ထွန်းတို့က ပရိတ်ရွတ်ဖို့ဖြစ်အောင် စီစဉ်လိုက်။ ငါနဲ့ ဦးထွန်းငွေ ဘုန်းကြီးကျောင်းသွားပြီး ဘုန်းကြီး ပင့်ထားလိုက်မယ်"

"ပရိတ်အိုး၊ ပရိတ်တောင်း၊ ကန်တော့ပွဲ၊ ဘုန်းကြီးတွေ အအေးကပ်ဖို့ ရွာထဲမှာ အလှူငွေလည်း လိုက်ကောက်ထားကြဦး"

"စိတ်ချ ... ဦးလေး။ ကျွန်တော်တို့ လိုလေသေးမရှိ ဖြစ်မြောက်အောင် စီစဉ်ထားမယ်၊ ဦးလေးတို့သာ ဘုန်းကြီးပင့်ဖို့ တာဝန်ယူ"

ညနေငါးနာရီခန့် ကုက္ကိုပင်ကြီးအောက်မှာ ပရိတ်ရွတ်ပွဲ စီစဉ်ပြီးမြောက်ခဲ့သည်။

ကုက္ကိုပင်ကြီးပေါ်မှာရှိသော ခေါင်းပြတ်၊ ဗိုက်ပေါက်၊ ကိုယ်ပြားသရဲသုံးကောင်ကတော့ ပရိတ်ရွတ်တော့မည်ဟု စီစဉ်နေသည့် အချိန်ကစပြီး အောက်စုသချိုင်းဘက်သို့ သွားပြီး ရှောင်တိမ်းနေ

www.burmeseclassic.com


ကြသည်။

ပြန်လာတော့ ကုက္ကိုပင်ကြီးကို ပရိတ်ချည်များ၊ ပရိတ်ရေများ ဖက်ဖျန်းထားသဖြင့် လွတ်လွတ်ကင်းကင်းရှိနေသော ညောင်ပင်ပေါ် သို့တက်ပြီးနေတော့သည်။ ကုက္ကိုပင်ပေါ်သို့ တက်၍မရတော့။

ညဘက်ရောက်တော့ သရဲသုံးကောင် ထိုအနီးနားမှာ ရှိသေး ကြောင်း ရွာသားတို့ သိလိုက်ရသည်။

တာပေါ်မှ လမ်းလျှောက်ပြန်လာသူများကို ညောင်ကိုင်းများ သွင်ယမ်းပြသည်။

ခဲကောက်၍ နောက်ကျောကို ပစ်ပေါက်သည်။ ဖုန်များ၊ သဲများ ခေါင်းပေါ်သို့ လောင်းချသည်။

နည်းမျိုးစုံနှင့် ခြောက်လှန့်သည်။

ရွာသားတို့လည်း ထိုသရဲများသည် အန္တရာယ်ကင်း ပရိတ် စက်ဝိုင်း အဝေးသို့ ရှောင်ထွက်သွားပြီ ပရိတ်ရွတ်ပြီးမှ ပြန်လာခြင်း ဖြစ်နိုင်သည်ဟု မှတ်ယူကြသည်။

မှောင်ရီပိုးတဝါး ရွာသို့ ပြန်လာသူများ၊ ဖြတ်သွားကြသူများ ညောင်ပင်ပေါ်မှ အူတွေအခွေလိုက် ထွက်နေသော သရဲမကြီး ဆင်းလာသည်ကို မြင်သူရှိသည်။

ခေါင်းပြတ်နေသော သရဲအခြောက်ခံရသူလည်းရှိသည်။


www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ခန္ဓာပြားချပ်နေသော သရဲကြီး အခြောက်ခံရသူလည်းရှိသည်။

ညခုနစ်နာရီနောက်ပိုင်း သရဲအခြောက်ခံရသူတို့၏ ထိတ်လန့်ချောက်ချားဖွယ် အော်ဟစ်သံများကို ရွာသားများ မကြာခဏကြားနေရသည်။

ထို့နောက် သရဲအကြောင်းသိသူများ အမှောင်ခံ၍ ဖြတ်သွားဖြတ်လာ မလုပ်ကြတော့ချေ။

ပရိတ်ရွတ်ပြီးနောက်ပိုင်း သရဲအခြောက်ကြမ်းလာသဖြင့် ရွာသားများလည်း အောက်စုရွာမှ အပြင်သို့ အသွားအလာ နည်းသွားသည်။

ရပ်ကွက်လူကြီးနှင့် ဦးမောင်ဖြူတို့ ခေါင်းချင်းဆိုင် တိုင်ပင်ကြပြန်သည်။

"ဦးလေးမောင်ဖြူ ... ဦးလေးမောင်ဖြူ"

"ဟော့ ... တင်မောင်လား"

"ဟုတ်တယ် ဦးလေးရေ ... အိမ်ပေါ်တက်ခဲ့မယ်"

"လာလေကွာ ... ရေနွေးကြမ်း အဆင်သင့်ရှိတယ်။ မောင်လှတို့ စံသိန်းတို့လည်း ရောက်နေတယ်"

"ရွာထဲက သရဲသုံးကောင် ... ပရိတ်ရွတ်ပြီး နှင်တာထွက်မသွားဘဲ ပိုဆိုးလာလို့ ဘယ်လိုလုပ်ရင် ကောင်းမလဲ



www.burmeseclassic.com

တိုင်ပင်နေကြတာ"

"ကျွန်တော်လည်း ဒီကိစ္စ တိုင်ပင်မလို့ လာခဲ့တာ"

"ကဲ ထိုင်ကွာ ... မင်းပြောချင်တာလည်း ပြောပေါ့"

"ဒီသုံးကောင်က လည်တဲ့ပုံပဲ ဦးလေးရ ... ပရိတ်မရွတ်ခင်ကတည်းက ရှောင်နေပြီး ... ပြီးမှ ပြန်ရောက်လာတဲ့ပုံပဲ"

"ဒေါ်တင့် ... ပြောစကားအရဆို၊ သူတို့ခိုကပ်နေတာက ဘုရားပင်မှာ၊ အခုညောင်ပင်မှာ ပြောင်းနေကြတယ်"

ပရိတ်ထပ်ရွတ်ပြီး ညောင်ပင်ကိုပါ ပရိတ်ချည်နဲ့ပတ် ပရိတ်ရေနဲ့ဖျန်း ဘယ့်နှယ်လဲ။

"အဲဒီအပင်တွေကို ဖျန်းရင် နောက်အပင်မှာ ပြောင်းနေမှာပေါ့။ တစ်ခါတည်း အပြီးထွက်သွားစေချင်တာ"

"ဒါနဲ့ မောင်တင်မောင် ... ဘာပြောချင်လို့လဲ"

"ကျွန်တော် ညက စဉ်းစားမိလို့၊ ဒီလိုလုပ်ရင်ကောင်းမလား တိုင်ပင်မလို့လာခဲ့တာ ... အရှေ့စုံလှရွာမှာ ... ပယောဂမျိုးစုံ စုန်း၊ ရွာသူအစွဲမျိုးစုံ ကုပေးတဲ့ ဆရာကြီးတစ်ယောက်ရှိတယ်"

"အဲဒီဆရာကြီးက ဘုရားတရားလည်း ကြည်ညိုတယ်... ပယောဂကုတဲ့ ဆရာကြီးဆိုပြီး အဲဒီရွာမှာ နာမည်ကြီးနေတာ အခုလို သရဲတစ္ဆေတွေ သောင်းကျန်းနေတာကိုလည်း ဆုံးမနိုင်

www.burmeseclassic.com

www.burmeseclassic.com


မယ်ထင်တယ်"

"ဟာ ... တင်မောင်ပြောမှ ကျွန်တော်လည်း သတိသွား တယ် ... ဟုတ်တယ် ... စံလှရွာက ဆရာကြီး အတော်စွမ်း တယ် ... ကျွန်တော်မျက်မြင်ပဲ ... မေ့နေလို့ မပြောဖြစ်တာ"

"မင်းက ဘယ်လိုမျက်မြင်လဲ ငါတို့ကို ပြောပြစမ်းပါဦး"

"ဒီလို ဦးလေးမောင်ဖြူ ... ထိန်ပင်ရွာက ကျွန်တော့် မိတ်ဆွေသမီး ... ညနေ ကန်မှာ ရေဆင်းခပ်ပြီးအပြန် ကန်အနီးမှာရှိတဲ့ ညောင်ကြပ်ပင်က သရဲကပ်ပြီး ပါလာတယ်။

အဲဒီသရဲလည်း ကစ်ရော အိမ်မှာ သောင်းကျန်းတာမှ လွန် ရောပဲ၊ ထမိတောင် မကပ်လို့ ကြိုးနဲ့ ချည်ပေးထားရတယ်၊ အကားဆိုလည်း နေ့စဉ်ချက်ကျွေးရတယ်။

ဆရာမျိုးစုံနဲ့ကုတာ၊ ဆရာတွေ ပြန်ပြေးရတာပဲ၊ နောက်ဆုံး စံလှရွာက ဆရာကြီးနဲ့ကုမှ ဆရာကြီးအိမ်ပေါ်တက်လာကတည်းက ငြိမ်လို့ဆိုပဲ"

"သရဲက သူ့ကိုနိုင်မယ့်ဆရာမှန်း သိလို့ပေါ့"

"ဟုတ်တော့ဟုတ်တယ် ... ဒါပေမဲ့ ... မထွက်ဘဲ အတော်တင်းခံနေလို့ ... ဆရာကြီး ထကြမ်းတော့မှ သူ့အိမ်ပေါ်က ခုန်ဆင်းပြေးတာ။

www.burmeseclassic.com

သရဲထွက်သွားရော ကောင်မလေးလည်း ပြန်ကောင်းသွားတာ ... လက်တွေ့မြင်ခဲ့တယ်"

"အဲဒါဆို ... မင်းနဲ့တင်မောင်တို့နှစ်ယောက် စံလှရွာသွားပြီး အဲဒီဆရာကြီးကို ပင့်ခဲ့ကြကွာ အကျိုးအကြောင်းလည်း ပြောပြ ဟုတ်လား"

"သူမေးရင်တော့ သိသမျှ ပြောပြပါမယ်"

'ကဲ အဲဒါဆို ဘယ်နေ့သွားမလဲ"

"မနက်စောစော အိမ်ကလှည်းနဲ့ သွားကြမယ်"

"ကဲ ဆရာကိစ္စ စီစဉ်ပြီးပြီဆိုတော့ ရေနွေးကြမ်းသောက်ကြကွာ ... လက်ဖက်နဲ့ ပဲကြမ်းကြော်ရှိတယ် ... အေးအေး ဆေးဆေးမှပြန်ကြ"

သို့ဖြင့် ဆရာပင့်ရေး ကိုင်ပင်ဆွေးနွေးကြပြီးနောက် ရေနွေးကြမ်း ခဏမျှထိုင်သောက်၍ ဦးမောင်ဖြူကို နှုတ်ဆက်ကာ ... အားလုံး ပြန်ခဲ့ကြသည်။

❖ ❖ ❖

စံလှရွာမှ ဆရာဦးကံသာကို ပင့်ဆောင်လာကြသော ဦးတင်မောင်နှင့် ဦးမောင်လှတို့ လှည်းမောင်းပြီး ဦးမောင်ဖြူအိမ်သို့



www.burmeseclassic.com

www.burmeseclassic.com


ရောက်လာကြသည်။

ဆရာဦးကံသာက အသက်ခြောက်ဆယ်ခန့်သာရှိသေးသည်။ အိမ်ဦးခန်းမှာ ခင်းထားသော ဖျာပေါ် ဝင်ထိုင်ပြီး လွယ်အိတ်ကို ဘေးချကာ ဘုရားကို ဦးတိုက်ရှိခိုးလိုက်သည်။

ရောက်မဆိုက်ပင် အဖြစ်အပျက်ကို ရှင်းပြသည်။

"ကဲ ... ကဲ ... ဘာမှမစိုးရိမ်ကြနဲ့ ... ဆရာ ဒီကိစ္စ ဆောင်ရွက်ပေးပါ့မယ်။

သရဲက ဘစ်ကောင်ဆို အကြောင်းမဟုတ်ဘူး။ အခု သရဲက သုံးကောင်ဖြစ်နေတယ်"

"ဆရာ စိတ်မရှိပါနဲ့။ သုံးကောင်ဆို ဆရာနှိမ်နင်းဖို့ လွယ်ပါ့မလား"

"ဆရာရဲ့ အာဏာစက်နဲ့တော့ ဒီသရဲသုံးကောင်ကို နှင်လို့ မလွယ်ဘူး။ သူတို့ကို နိုင်မယ့်သူနဲ့ တွေ့ပေးရသေးတာပေါ့"

"ကိုတင်မောင်တို့ ပြောစကားအရဆို ဒီကိစ္စအမြန်ရှင်းပေးမှ ဖြစ်မယ်၊ အစာမစားရတာကြာရင် ရွာထဲဝင်ပြီး တိရစ္ဆာန်တွေ ဆွဲစားရင် မဖြစ်ဘူး။"

"သရဲတိုင်း ခြောက်လှန့်တာတို့ လူယက်စားသောက်တာ တို့ မလုပ်ကြပါဘူး။


www.burmeseclassic.com

သရဲဖြစ်ဖြစ်ခြင်း အကြောင်းတဲ့အပေါ်ကသစ်ပင်မှာ ခိုကပ်နေရင်း စားရသောက်ရလို့ပဲဆိုပါတော့။ စားရတော့ ရဲတင်းလာတယ်၊ နောက် ဒီထက်ပိုပြီး ရဲတင်းလာလိမ့်မယ်"

"ဒီသရဲတွေကို နှိမ်နင်းပေးပါဆရာ"

"စိတ်မပူပါနဲ့ ဆရာဆောင်ရွက်ပေးပါ့မယ်"

"ကဲ ... ကိုတင်မောင် ... ညနေ လေးနာရီ၊ ငါးနာရီ လောက်မှာ ကြက်တစ်ကောင်ရှာပြီး တစ်ကောင်လုံးခုတ်ထစ်ပြီးချက်၊ အပေါ့အငန် မပြည်းနဲ့၊ နနွင်းမထည့်နဲ့၊ ဆန်လေးလုံးကိုလည်း သီးသန့်ချက်။

ညရှစ်နာရီလောက် အားလုံးကျက်ရင်ရပြီ"

"ငါးနာရီလောက်ချက်ရင် ခြောက်နာရီမကျော်ပါဘူး။ ကျက် နေပါပြီ"

"ဆရာအသုံးပြုမှာက ညရှစ်နာရီခွဲနဲ့ ကိုးနာရီကြား ချင့် ချိန်ပြီး ချက်ပေါ့၊ ဒီရွာနဲ့ သင်္ချိုင်းနီးလား"

"ဟုတ်ကဲ့ ... နီးပါတယ်"

"ညကိုးနာရီအရောက် ဆရာဦးဆောင်ပြီး သင်္ချိုင်းထဲ သွား ကြမယ်၊ နတ်ဝင်သည် အမျိုးသမီးတစ်ယောက် ခေါ်သွားရမယ်။

မကြောက်မလန့် သတ္တိရှိတဲ့ ရွာသားသုံးယောက်လည်း



www.burmeseclassic.com

 www.burmeseclassic.com

ခေါ်သွားချင်တယ်။ ခင်ဗျားတို့ စီစဉ်ပေးကြပါ”

“ဟုတ်ကဲ့ ... ကျွန်တော် စီစဉ်လိုက်ပါ့မယ် ဆရာကြီး”

မကြာခင်မှာပင် လိုက်မည့်သူများ စီစဉ်ပြီးကြောင်း ဦးတင်မောင် လာအကြောင်းကြားသည်။

❖ ❖ ❖

ညရှစ်နာရီခွဲကျော်သည်နှင့် ဆရာဦးကံသာ ဦးဆောင်ပြီး ရှေ့ကသွားသည်။

အသက်လေးဆယ်ခန့်ရှိသော နတ်ဝင်သည်တစ်ယောက်နှင့် ထမင်းတောင်းထမ်းလာသော ယောကျ်ားသုံးယောက်တို့ နောက်မှ ပါလာသည်။

အောက်စုရွာသင်္ချိုင်းက အမှောင်အောက်မှာ ငြိမ်သက်စွာ ရှိနေသည်။ သင်္ချိုင်းအတွင်းမှ ပိုးဖလံမျိုးစုံ အော်သံများ ကြားနေရသည်။

အဝေးဆီမှ ခွေးအူသံတစ်ချက် ထွက်လာသလို ကောင်းကင်မှ ညဉ့်ငှက်အော်သံတချို့ကိုပါ ကြားနေရသည်။

လူငါးယောက်က သင်္ချိုင်းနား ရောက်သွားသည်။ သင်္ချိုင်း



www.burmeseclassic.com

www.burmeseclassic.com


အတွင်း အုတ်ဂူများများစားစား မရှိ။ အုတ်ဂူအဟောင်း အသစ် ဆယ်လုံးခန့်သာရှိသည်။

မြေပို့သင်္ဂြိုဟ်သူ များသဖြင့် ဂူနည်းနည်းသာရှိခြင်းဖြစ်သည်။

"ကဲ ... ဒီရွှေ့က ဂူအပေါ်ကို သစ်ရွက်အမှိုက်ရှင်းပြီး ငှက်ပျောရွက်တွေ ဖြန့်ခင်းလိုက်။ ငှက်ပျောရွက်အပေါ် ထမင်းပုံ ဟင်းတွေပါပုံလိုက်။

ဖလားထဲကို ပုလင်းထဲကရေဖြည့်ပြီး တင်ထားလိုက်။ ကဲ ... ပြင်ဆင်ပြီးရင် ဆရာကြီးနောက်မှာ ရပ်နေကြ။ တူမကြီးက ရှေ့ကိုထွက်ခဲ့။ ဆံပင်ကို ကျောပေါ်ဖြည့်ပြီး ဖြန့်ချထားလိုက်။

ပြီးရင် အဲဒီဂူဘေးမှာ ဒူးထောက်ပြီးထိုင်လိုက်"

နတ်ဝင်သည်အမျိုးသမီးက ဆရာကြီးခိုင်းသည့်အတိုင်း လိုက်နာဆောင်ရွက်နေသည်။

"ကဲ ... မျက်လုံးမှိတ်ပြီး ... စိတ်ကိုလျှော့ထား။

လက်အုပ်ချီချင်လည်း ချီထား ဆရာ ... မဖဲဝါကို ခေါ်ပင့်တော့မယ်"

"တောပိုင်၊ တောင်ပိုင်၊ ကွင်းပိုင်အပေါင်းတို့ သင်္ချိုင်းဇုန်ကို စောင့်ရှောက်နေသော ဝိညာဉ်တို့၏အရှင် မဖဲဝါအား ရောက်ရာအရပ် ရောက်ရာဒေသ ရှိရာအရပ်သို့ အကြောင်းကြားပေးစေလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

*မဖဲဝါခင်ဗျာ … ဤနေရာ ဤအရပ်မှ သင့်အား ပင့်ဖိတ်*
ပါသည်။ အကူအညီတောင်းရန် ကိစ္စရှိပါ၍ ရောက်ရာအရပ်မှ
အမြန်လာရောက်၍ စားပွဲများလည်း သုံးဆောင်ပါ။

မဖဲဝါခင်ဗျား ရောက်ရာအရပ်မှ အမြန်လာရောက်စေလိုပါ
သည်"

ဆရာကြီးက နစ်ကြိမ်မျှ ပင့်ခေါ်လိုက်သည်နှင့် သချိုင်း
အတွင်း သစ်ပင်ထက်မှာ … နားခိုနေကြသော ငှက်တိရစ္ဆာန်များ
ဆူညံသွားသလို သစ်ပင်သစ်ကိုင်း၊ ချုံပုတ်များ လှုပ်ခတ်သွား
သည်ကိုလည်း အားလုံးမြင်ရသည်။

လေတိုးသံများကလည်း ဆူညံသလို ဖြစ်လာသည်။ ဆရာကြီး
နောက်ကလူများ တစ်ယောက်နှင့်တစ်ယောက် ပူးကပ်သွားကြ
သည်။

သူတို့အနီးသို့ မည်းမည်းအရိပ်ကြီးတစ်ခု ဝင်လာပြီး
နတ်ကတော်ထံ ဝင်ရောက်ပူးကပ်သွားသည်။

နတ်ကတော် အမျိုးသမီးလည်း ဆတ်ခနဲတုန်လှုပ်သွားပြီး
ခဏအတွင်း ဂူပေါ်ခုန်တက်ကာ၊ ထမင်းနှင့် ဟင်းများကို စားနေ
ပါတော့သည်။

ခဏအတွင်း ဆန်လေးလုံးချက်နှင့် ကြက်တစ်ကောင်လုံး


www.burmeseclassic.com

www.burmeseclassic.com



ချက်ထားသော ဟင်းများကို အားရပါးရ စားနေပါတော့သည်။ မကြာခင်မှာပဲ နည်းနည်းလေးသာ ကျန်တော့သည်။

မိန်းမတစ်ယောက် မဆိုထားဘိ ယောကျ်ားတစ်ယောက်ပင် ခဏအတွင်း ကုန်အောင်မစားနိုင်၊ ကြက်ရိုးများကိုလည်း ထွေးထုတ်စွန့်ပစ်ခြင်းမရှိ၊ ပါးစပ်ထဲသွင်းသမျှ အကုန်အစင် စားပစ်သည်။

"ကဲပြော ငါ့ကိုခေါ်ပြီး ... ဘာသိချင်တာလဲ"

"အောက်စုရွာစွန်က ကုက္ကိုပင်မှာ လာရောက်နေထိုင်တဲ့ သရဲသုံးကောင်ဟာ လူတွေကို ခြောက်လှန့်နေလို့ မဖါကို လာတိုင်အကြောင်းကြားရခြင်း ဖြစ်ပါတယ်"

"အော် ... သိပြီ ... တလောက ငါ့သချိုင်းကို ကားမှောက်ပြီး သေတဲ့ အလောင်းသုံးလောင်းရောက်လာတယ်။ ဒင်းတို့သုံးကောင်ပေါင်းပြီး အောက်စုရွာမှာ ခိုကပ်နေခဲ့တယ်ပေါ့။

ဟုတ်ပြီ ... သူတို့နေတဲ့ သစ်ပင်အောက်မှာ စားစရာရနေတာကို အခုမစားရတော့လို့ စိတ်ဆိုးပြီး ခြောက်လှန့်နေတာပဲ စားစရာတွေ့ရင် လုစားကြတယ် ... နောက်စားစရာမစားရရင် ရွာထဲဝင်ပြီး သတ်ဖြတ်စားတော့မယ်။

ငါ့လက်စွဲခွေးတွေကို လွှတ်လိုက်ပြီ။ ဘာမှ စိုးရိမ်မနေနဲ့။ မကြာခင် ခေါ်လာလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

ပြီးရင် ... သူတို့ရဲ့ ခန္ဓာကိုယ်တွေ မြှုပ်နှံထားတဲ့ ထိန်ပေါက်ရွာသချိုင်းကို ဆုံးမပြီး ပြန်လွှတ်လိုက်မယ်။

မင်းတို့လည်း စိတ်ချလက်ချ ပြန်ကြတော့"

မဖဲဝါကပြောရင်း ... ဖလားကို ယူလိုက်ကာ အစဲက ရေများကို အားပါးတရ မော့သောက်ပြီး နတ်ဝင်သည် ခန္ဓာကိုယ်မှ ထွက်ခွာသွားသဖြင့် နတ်ဝင်သည် အမျိုးသမီးလည်း ထိုင်နေရာက ခွေကျသွားသည်။

"ကဲ ... သူ့ကို အောက်ကို မ,ပြီးချပေးလိုက်ကြ"

ယောကျ်ားသုံးယောက်လည်း နတ်ဝင်သည်ကို ဂူဘေးသို့ မချလိုက်သည်။ ဆရာကြီးက ရေပုလင်းထဲမှ လက်ကျန်ရေဖြင့် မျက်နှာကိုတောက်လိုက်သည်။

ခဏအတွင်း သတိပြန်လည်လာသည်။

"ကဲ ... ကလေးမ တို့အားလုံး ရွာပြန်ကြစို့"

ဆရာကြီးနှင့် အဖွဲ့သားများ ရွာသို့ပြန်လာစဉ် အောက်စုရွာအစွန်မှ ထိန်ပေါက်ရွာဘက်သို့ မည်းမည်းသဏ္ဌာန်များ ပြေးလွှားသွားသည်ကို ကောင်းကင်အလင်းရောင်ဖြင့် မြင်လိုက်ကြရသည်။

ဝေါင်း ... ဝေါင်း ... ဝေါင်း ...

မည်းမည်းသဏ္ဌာန်ကြီးနောက်မှ ကျယ်လောင်သော ခွေး


www.burmeseclassic.com

www.burmeseclassic.com


ပေါင်သံကြီးကို ကြားလိုက်ရပြီး ရွာနှင့် ဝေး၍ ဝေး၍သွားသည်ကိုလည်း အားလုံးကြားနေရသည်။

"ကဲ ... အဲဒီ ... မဖဲဝါရဲ့ လက်စွဲခွေးကြီးပဲ။ သရဲသုံးကောင်ကို လိုက်မောင်းထုတ်နေတာ မြင်ပြီ ... မဟုတ်လား။ နောက်နေ့ကစပြီး သရဲသုံးကောင် အောက်စုရွာကို ပြန်လာဖို့တော့မှာ မဟုတ်ဘူး။

စိတ်ချလက်ချသာ သွားလာကြပေတော့"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာကြီး"

မကြာခင်မှာ ရွာသို့ ပြန်ရောက်လာကြသည်။ ဆရာကြီးတည်းခိုသော ဦးမောင်ဖြူအိမ်သို့ ရောက်လာကြသည်။

ဦးမောင်ဖြူအိမ်မှာ လူအတော်များများ ရောက်ရှိနေကြသည်။ သချိုင်းထဲမှ အတွေ့အကြုံကိုပိုင်း၍ မေးမြန်းကြသည်။

သချိုင်းအတွင်း လိုက်ခဲ့ကြသူများကလည်း သိလိုသမျှ ပြောပြနေကြသဖြင့် ဦးမောင်ဖြူအိမ်မှာ လူစည်ကားနေတော့သည်။

နောက်နေ့နှင့် နောက်ညမှာ ထူးခြားမှု ရှိ မရှိ သိရှိရန် ဆရာကြီးအား တစ်ညစောင့်အိပ်ပေးပါရန် ပြောထားသဖြင့် ဆရာကြီးလည်း ရွာသားများ ကျေနပ်စေရန် တစ်ညဆက်၍ နေပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

တကယ်ပင် မဖဲဝါပြောခဲ့သည့်အတိုင်း ဗိုက်ပေါက်၊ ကိုယ်ပြား၊ ခေါင်းပြတ်သရဲသုံးကောင်တို့၏ ခြောက်လှန့်ခြင်းကို ရွာသူရွာသားတို့ မကြုံကြရတော့။

ဆရာကြီးကို စုပေါင်းကန်တော့ပြီး စံလှရွာသို့ ပြန်ပို့လိုက်ကြသည်။

ဒေါ်တင့်လည်း အကြော်ဆိုင်ပြန်ထွက်ပြီဖြစ်သည်။

အောက်စုရွာနှင့်အနီးဝန်းကျင် သွားလာမပျက် ပုံမှန်အနေအထားသို့ ပြန်ရောက်ခဲ့ပြီဖြစ်သည်။

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# သရဲနှင့်အတူနေသူ

အချိန်က ညရှစ်နာရီကျော်ပြီ။ ရွာအစွန်မကျတကျ အိမ်တစ်လုံး အတွင်းမှာ ညစာအတွက် ထမင်းပွဲပြင်နေသည်။

"ကဲ ... အားလုံး ခူးပြီးပြီ။

လက်ဆေး ... စားလို့ရပြီ။

ဒါက ငါးခူကြော် ... ဒါက ငါးပိထောင်း ... သရက်သီးနဲ့ ကြော်ထားတာ ... ဒါက ငါးပိလိမ္မာချက်၊ တို့စရာကတော့ မြင်တဲ့အတိုင်းပဲ ဘူးရွက်ပြုတ်။

ရှင် ထမင်းစားမြိန်မှာပါ"

ဒေါ်မြင့် ... ပါးစပ်က အမှုဝ်မပြတ်ပြောပြီး ထမင်းပွဲရှေ့ရောက် ပြင်ဆင်ပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းဖြစ်သူ ဦးမိုးထွေးက စကားနည်းလှသည်။ သူ့အတွက် ပြင်ဆင်ပေးသောနေရာမှာ ဝင်ထိုင်ရင်း ထမင်းကို မြိန်ယှက်စွာ စားနေသည်။

"ဒီနေ့ အချိန်မရလို့ အရည်သောက်ဟင်း မချက်လိုက်ရဘူး။ ဓာတ်ဘူးထဲမှာ ရေနွေးကျိုပြီး ထည့်ထားတယ်။ ဟင်းရည်သောက် အစား ရေနွေးသာ သောက်ပေတော့"

ဦးမိုးထွေးကတော့ ဘာမှပြန်မပြော ထမင်းသာ ခေါင်းငုံ့စား နေသည်။

"ထမင်းယူမယ်ဆို ... ပြော"

ဒေါ်မြင့်ပါးစပ်ကပြော၊ စားလည်းစား၊ လင်ဖြစ်သူအား ဟင်း ခပ်ထည့်ပေးလိုက် ဆက်တိုက်လှုပ်ရှားနေသည်။

"ဟင် ... ကိုထွေး ... ထမင်းတစ်ပန်းကန်တည်းလား... ထပ်မထည့်တော့ဘူးလား"

ဦးမိုးထွေးက ထမင်းကို လက်စသတ်လိုက်ပြီး စားထားသော ပန်းကန်ကို လှမ်းပေးလိုက်သည်။

"ကဲ ... ဝပြီဆိုရင်လည်း ရေနွေးကြမ်းထည့်သောက်[illegible] အိမ်ရှေ့သွားချင်သွား ကျုပ်စားလက်စ ဆက်စားလိုက်ဦးမယ်။ သိမ်းဆည်းပြီးမှ လာခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com

ဦးမိုးထွေးလည်း အိမ်ရှေ့သို့ ဖန်ခွက်နှင့် ရေနွေးဓာတ်ဘူး ယူကာ ထွက်သွားသည်။

ဒေါ်မြင့် ထမင်းစားရင်း ကျန်ခဲ့သည်။

ဒေါ်မြင့်က အမြဲနှစ်ပန်းကန်ခန့် စားသူဖြစ်သည်။

ဦးမိုးထွေးကတော့ တစ်ပန်းကန်သာလျှင် အမြဲစားသည်။ ထမင်းပန်းကန်ထဲ များများထည့်ပေးလျှင်လည်း အကုန်စားသည်။ နည်းနည်းထည့်ပေးလျှင်လည်း နည်းနည်းပဲစားသည်။

ဟိုယခင်က ယခုကဲ့သို့မဟုတ်၊ ဦးမိုးထွေး စကားပြောသည်။ အပျော်အပါး အသောက်အစားလည်းရှိသည်။

သူ၏အလုပ်က အဝေးပြေးကုန်တင်ကားမောင်းသော အလုပ်ကို လုပ်ကိုင်နေသူဖြစ်သည်။

သို့ကြောင့် အသောက်အစားလေးလည်းရှိသလို အပျော်အပါး လည်းရှိသည်။ ယခုတော့ အခြေအနေက ပြောင်းသွားပြီဖြစ်သည်။

ယခင်ကကဲ့သို့ ကုန်တင်ကားကိုလည်း မမောင်းတော့ အိမ်မှာပဲ အမြဲနေသည်။

ဇနီးဖြစ်သူက အိမ်ရှေ့မှာ ကုန်စုံဆိုင်လေး ဖွင့်ထားသည်။ ထိုဝင်ငွေဖြင့် လင်မယားနှစ်ယောက် တင့်တင့်တယ်တယ် အေးအေး လူလူ နေထိုင်စားသောက်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့အိမ်က ရွာအစွန် မကျတကျပေမယ့် အိမ်ခြေက သိပ်မကျဲလှ အရောင်းအဝယ်အိမ်ဖြစ်သဖြင့် လူဝင်လူထွက် အမြဲရှိသည်။

အိမ်နှင့် ဈေးဆိုင်က ဆယ်ပေခန့်ကွာသည်။ ဒေါ်မြင့်က ဈေးရောင်းနေပေမယ့် မိတ်ဆွေမထား။ ရွာသူရွာသားတို့နှင့် ရင်းရင်းနှီးနှီး နေလေ့မရှိ။ အိမ်လည်လာရန် မည်သူ့ကိုမျှ ခေါ်လေ့မရှိ။

ဈေးဝယ်လာသူများက ဆိုင်မှာပင် ကိစ္စပြီးပြတ်သဖြင့် ဝယ်ပြီးပြန်ကြသည်သာဖြစ်သည်။

ဒေါ်မြင့်၏အိမ်က သုံးပင်နှစ်ခန်း ပျဉ်ကာ၊ သွပ်မိုး၊ ပြတင်းပေါက်ကို မှန်ဖြင့် ပြုလုပ်ထားသည်။

ခြံအကွင်းမှာလည်း အရောင်းအဝယ်ပါး၍ အားသည့်အချိန် ရာသီပင်များ စိုက်ပျိုးထားသည်။

ဘူးသီးပင်၊ ပဲပုစွန်၊ ပဲတောင့်ရှည်ပင်များကို စင်ထိုးပြီး တင်ထားသည်။

ရုံးပတီသီးပင်များကို မြောင်းဖော်ပြီး စိုက်ပျိုးထားသဖြင့် ရာသီစာ အသီးအနှံကို ခြံထဲမှာပင် ခူးဆွတ်စားသုံးနိုင်သည်။

ဘူးညွန့်၊ ပဲညွန့်တို့ကိုလည်း ပိုလျှံ၍ ဆိုင်မှာတင်ပြီးရောင်းရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းဖြစ်သူက ဇနီးဘာချက်ချက် ဘာမှ မျှိုသည်၊ ခါးသည် မပြော။ အိမ်ထဲကနေ အိမ်ပြင်လည်းမထွက်။ ခြံကိစ္စ၊ ဈေးရောင်း ကိစ္စ သူဘာမှ ဝင်မလုပ်၊ ထမင်းစားချိန်ရောက်မှသာ လက်ဆေးပြီး ဝင်စားသည်။

"ကဲ ... ကိုထွေး ဈေးဆိုင်ကို နားစွင့်ထားဦး၊ ကျုပ်ညစာ အတွက် ခြံထဲမှာ ဟင်းသီးဟင်းရွက် ဆင်းခူးလိုက်ဦးမယ်၊ လူ လာရင် အချက်ပေးလိုက်"

ဒေါ်မြင့်က ပြောပြောဆိုဆို ခြံထဲဆင်းသွားသည်။

ထိုအချိန်ထိ ဈေးဝယ်သူတစ်ယောက်မှ ရောက်မလာ၊ ဒေါ်မြင့် ပဲပုစွန်အနည်းငယ်နှင့် ဘူးညွန့်အနည်းငယ်ခူးပြီး ပြန်လာခဲ့သည်။

ထမင်းက ချက်စရာမလို၊ မနက်ကတည်းက ချက်ထားသော ထမင်းညစာအတွက် ကျန်သေးသည်။

မနက်က ချက်စားသော ဝက်သားဟင်းက ကိုထွေး တစ်ယောက်စာသာ ကျန်တော့သဖြင့် သူ့အတွက် ပဲပုစွန်သီး ကြော်စားမည်။ ဘူးညွန့်နှင့် ခရမ်းချဉ်သီး ငရုတ်သီးစိမ်းထည့်ပြီး အရည်သောက်တစ်ခွက် ချက်မည်ဖြစ်သည်။

သူတို့ရွာမှာ လျှပ်စစ်မီး ရရှိခဲ့သည်မှာ သုံးနှစ်ခန့်ရှိပြီ သို့ကြောင့် ထမင်းဟင်းချက်ရာမှာ လျှပ်စစ်မီးကိုသာ အသုံးပြုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပဲသီးကြော်ပြီးသည်နှင့် ဘူးညွန့်အရည်သောက်ဟင်းအိုးတည်ထားပြီး ဆိုင်ထဲပြန်ဝင်လာပြီး မီးဖိုကိစ္စ လက်စဖြတ်လိုက်သည်။

မီးဖိုကိစ္စလည်းပြီးပြီ။ ချစ်လင် ကိုထွေးအတွက် ရေနွေးတစ်အိုးတည်ပြီး ဓာတ်ဘူးအတွင်း ထည့်ပေးလိုက်ကာ ဆိုင်ထိုင်ရန် ထွက်လာခဲ့သည်။

ဆိုင်မှာ စထိုင်ဖြစ်တော့ သုံးနာရီခွဲကျော်ပြီ။ ထိုအချိန်နောက်ပိုင်း ထမင်းဟင်းချက်ပြုတ်ချိန် ရောက်လာသဖြင့် ဈေးဝယ်သူများ တစ်ယောက်စ နှစ်ယောက်စ ရောက်လာကြတော့သည်။

ညရှစ်နာရီရောက်သည်နှင့် ဆိုင်သိမ်းပြီး အိမ်ထဲပြန်ဝင်လာခဲ့သည်။

"ကိုထွေး ထမင်းဆာပြီလား။ ခဏနေရင် စားရတော့မယ် ပန်းကန်တွေ ဆေးလိုက်ဦးမယ်။

ပျင်းရင် မီးဖိုခန်းကထဲ လာခဲ့လေ ... ထမင်းစားခုံမှာ ထိုင်နေပေါ့။ ထမင်းထည့်ပြီးရင် တစ်ခါတည်းဝင်စားလိုက်။

လာမယ်ဆိုရင် ဓာတ်ဘူးနဲ့ ရေနွေးပန်းကန်ယူခဲ့။

ခဏနေဦးနော် ... ဟင်းချိုရေဆူအောင် ပြန်ကြည့်လိုက်ဦးမယ်၊ ဘူးညွန့်နုနုလေးတွေ နူးတာနဲ့ စားလို့ရပြီ"

www.burmeseclassic.com

www.burmeseclassic.com 

ဒေါ်မြင့် ထမင်းရှုးပြီး ဦးမိုးထွေးကို ပန်းကန် လှမ်းပေးလိုက်သည်။

တစ်ပန်းကန်ပြီးတစ်ပန်းကန် လှမ်းပေးနေသည်။

ထိုအချိန် ရွာထဲမှ ဒေါ်မြင့်မိတ်ဆွေ ဒေါ်တင်စိန် အိမ်ထဲဝင်လာသည်။

လွန်ခဲ့သော နှစ်ရက်က ကုန်ခြောက်အကြွေးဝယ်ထားသည်။ ဒီနေ့ဆိုင်မပိတ်ခင် ပိုက်ဆံပေးမည်ဟု ကတိထားပြီး ယူသွားခြင်းဖြစ်သည်။

အပြင်မှ ပြန်ရောက်ချိန် နောက်ကျသဖြင့် ဆိုင်သိမ်းချိန်မမှီလိုက်။ သို့ကြောင့် ကတိမပျက်ချင်သဖြင့် အိမ်ထဲဝင်ပေးမည်ဟု အကြံရပြီး ခြံတံခါးဖွင့်ကာ အထဲဝင်လိုက်သည်။

ခြေလှမ်းအနည်းငယ်လှမ်းပြီး ဒေါ်မြင့်အား အသံပြုပြီး ခေါ်လိုက်မည်ဟု ပြင်လိုက်စဉ် အိမ်ထဲမှ စကားသံကြား၍ အသံမပြုတော့ဘဲ ခြေဖွပြီး ဝင်လာခဲ့သည်။

ဒေါ်မြင့်အိမ် မီးဖိုက အိမ်ဘေးဆောင်ကပ်ဖြစ်သည်။ ပြတင်းပေါက်မှာလည်း မှန်တပ်ထားသဖြင့် အိမ်အတွင်းသို့ မှန်ပြတင်းမှီတမှီကို ခြေဖျားထောက်ပြီး ကြည့်လိုက်မိသည်။

"ဟင် ... ဘယ်လိုပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com

အတွင်းကအသံကို နားစွင့်ပြီး အကဲခတ်လိုက်သည်။

"အင့် ဒီမှာ ဟင်းပန်းကန်ကမ်းယူပါဦး"

ဒေါ်မြင့်က ဟင်းပန်းကန်ကို ကမ်းပေးလိုက်သည်။ ဦးမိုးထွေးက ဟင်းပန်းကန်ကို လှမ်းယူပြီး ခုံပေါ် ညင်သာစွာ ချထားလိုက်သည်။

"ဟင် ... ဘယ်လိုပါလိမ့်"

"ကဲ ... စားလို့ရပြီ"

ဒေါ်မြင့်လည်း စားပွဲမှာ ဝင်ထိုင်လိုက်သည်။

ဟင်းပန်းကန်ထဲမှ ဟင်းတစ်ဇွန်းခပ်ပြီး လင်ဖြစ်သူ ပန်းကန်အတွင်း ဦးချပေးလိုက်သည်။

"လက်မဆေးချင်ဘူးလား၊ မဆေးချင်လည်း ဇွန်းနဲ့ခပ်စား ဇွန်းတစ်ချောင်း ယူပေးမယ်"

ဒေါ်မြင့်က နောက်ဘက်သို့လှည့်၍ ဇွန်းတစ်ချောင်းကို လှမ်းယူလိုက်ပြီး ရှေ့သို့ကမ်းပေးလိုက်သည်။

ဦးမိုးထွေးက ဇွန်းကို လှမ်းယူလိုက်ပြီး ထမင်းကို ခပ်စားသည်။

ဟင်းပန်းကန်ထဲမှာရှိသော ဇွန်းနှင့် ဟင်းခပ်ယူလိုက်၊ ထမင်းပန်းကန်ထဲက ဇွန်းနှင့် ထမင်းကို ခပ်ယူလိုက် မှန်မှန်စားနေသည်။


www.burmeseclassic.com

www.burmeseclassic.com


ဒေါ်တင်စိန် မိမိမျက်လုံးကို ပွတ်ကြည့်လိုက်သည်။ အမြင် မှားနေသည်မဟုတ်၊ ဒေါ်မြင့်ရှေ့မှာ မြင်နေရသော မြင်ကွင်းက ဒေါ်တင်စိန်အတွက် အထူးအဆန်းဖြစ်နေသည်။

"ဘယ်လိုလဲ ... မမြင့်ရှေ့မှာ ဘယ်သူမှမရှိဘဲ ဘယ်က ဘယ်လိုဇွန်းတွေ မြောက်မြောက်လာနေရတာလဲ။

ဟော ခတ်ဘူးထဲက ရေနွေးကို လူမတွေ့ရဘဲ ငှဲ့နေ တယ် ... ဟင် ... ဟို ... လူမတွေ့ရဘဲ သောက်နေပြီ..."

ဒေါ်မြင့်အိမ်မှ ... ဒေါ်တင်စိန်လည်း ခြေဖွနင်းပြီး နောက် ကြောင်း ပြန်လှည့်ထွက်ခဲ့သည်။

ဒေါ်မြင့်တို့ကတော့ ထမင်းစားကောင်းတုန်းရှိသေးသည်။

❖ ❖ ❖

ဒေါ်မြင့်တွင် လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်က ယောက်ျား ဖြစ်သူ ဦးမိုးထွေးတစ်ယောက် ဒရိုင်ဘာအလုပ်နှင့် အသက်မွေး ဝမ်းကြောင်းပြုခဲ့သည်။

အဝေးပြေးယာဉ်မောင်း ဖြစ်သဖြင့် တစ်ခေါက်ထွက်လျှင် အနည်းဆုံး ငါးရက်ခန့်ကြာသည်။

နယ်စပ်ဘက်သို့ ထွက်လျှင် ဆယ်ရက်ဆယ်ငါးရက်ခန့်


www.burmeseclassic.com

www.burmeseclassic.com

ကြာတတ်သည်။

တစ်ခေါက်ထွက်ပြီး ပြန်လာလျှင် အိမ်မှာ နှစ်ရက်သုံးရက် နေရသည်။ ကုန်ကားပိုင်ရှင်လည်း ကုန်အဆင်သင့်ရှာထားသည်။

ထိုအခါ ကုန်ကို ကားပေါ်တင်ပြီးသည်နှင့် ပြန်ထွက်ရသည်။ ကားတစ်ခေါက် ပြန်လာသည့်အခါ ဒေါ်မြင့်အတွက် ဈေးဖိုး လောက်အောင် ပေးခဲ့သည်။

ဒေါ်မြင့်က ထိုပိုက်ဆံကို အိမ်ဈေးဆိုင်မှာ ထည့်ရင်းပြီး သူက ခြံထွက်အသီးအနှံများဖြင့်သာ ချက်ပြုတ်စားသောက်ခဲ့သည်။

သူတို့က ယေ်လင်မယား အိမ်ထောင်သက် ၄နှစ်ကျော် ခဲ့ပေမယ့် သားသမီးမထွန်းကားခဲ့။

သို့ဖြင့် သူတို့၏ အိမ်ထောင်သက် (၆)နှစ်အရောက်မှာ သာယာသော အိမ်ထောင်ရေးကို မုန်တိုင်းတစ်ခု ဝင်ရောက်တိုက် ခတ်ခဲ့သည်။

အကြောင်းကတော့ သူကားမောင်းသွားရသည့်ခရီးမှာ လမ်း ကြုံလိုက်နေသော အမျိုးသမီးတစ်ယောက်နှင့် ကိုမိုးထွေးတို့ ငြိစွန်းခဲ့သည်။

ထိုအမျိုးသမီးနှင့် ခရီးလမ်းတစ်လျှောက် သွားအတူလာအတူ နေအတူ ဖြစ်လာခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ သွားလာနေထိုင်ကြသည့်အကြောင်းကို ကားမောင်း သမား အသိမိတ်ဆွေများ၏ ဇနီးမယားတို့ကတဆင့် မမြင့်နားမှာ မကြာခဏ ကြားလာရသည်။

တစ်ကြိမ်မဟုတ် မကြာခဏ ကြားရဖန်များလာသဖြင့် ယောက်ျားဖြစ်သူပြန်လာတိုင်း ကားမောင်းအလုပ်ကို စွန့်လွှတ်ပြီး အိမ်မှာပင် အိမ်ဆိုင်လေးတိုးချဲ့၍ လင်မယားနှစ်ယောက် ဈေးရောင်း စားရန် ဖျောင်းဖျပြောဆိုခဲ့သည်။

ကိုမိုးထွေးက ဇနီးသည်စကားကို နားမထောင်ခဲ့၊ ထိုအချိန်က ကိုမိုးထွေး၏အသက်(၃၅)နှစ် မမြင့်အသက်(၃၃)နှစ်သာ ရှိသေး သည်။

မမြင့်က ကားမောင်းအလုပ်ကို စွန့်လွှတ်ရန် ပိုယိုတောင်းပန် ပြောဆိုခဲ့သော်လည်း အကြောင်းထူးမလာဘဲ အခြေအနေက ပို တင်းမာလာသည်။

"မင်း စိတ်ဆင်းရဲလည်း ခံမနေပါနဲ့တော့ကွာ၊ ကျုပ်ကိုသာ ကွာရှင်းလက်မှတ်ထိုးပေးပါ"

"မဖြစ်ဘူး ရှင်နဲ့ကျုပ် ဒီလောက်ပေါင်းသင်းလာပြီးမှ ရှင်ပေါ် ကျုပ် ... ဘာမှမကောင်းတာ မလုပ်ဘူး၊ ကွယ်ရာမှာလည်း မဖောက်ပြားဘူး၊ လက်မှတ်လည်း မထိုးပေးနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောခဲ့သလိုပဲ၊ ဒီလောက် မင်းနဲ့ ပေါင်းသင်းတာကြာခဲ့ပေမယ့် ငါ့အတွက် သားသမီးတစ်ယောက်တောင် မမွေးပေးနိုင်ဘူး"

"ဒါကတော့ ရှင့်မျိုးယွင်းချက်လား၊ ကျွန်မမျိုးယွင်းချက်လား ဘယ်သူသိနိုင်မလဲ"

"အိုကွာ ... ငါမင်းကို မပေါင်းနိုင်တော့ဘူး၊ နောက်တစ်ခေါက်ပြန်လာရင် အပြုအမည်း သဲသဲကွဲကွဲ သိချင်တယ်"

"ရှင့်ဘက်က ဒီလောက် ခါးခါးသီးသီးဖြစ်နေမှတော့ ရှင့်ကိုဆက်ပေါင်းနေလည်း အိမ်ထောင်ရေး အဆင်ပြေမှာမဟုတ်ဘူး၊ တစ်လလောက်တော့ အချိန်ပေးပါ၊ ကျုပ် ... စိတ်အေးလက်အေးစဉ်းစားပါရစေ"

ကိုမိုးထွေးလည်း အိမ်မှာ တစ်ညအိပ်ပြီး ကားပြန်ထွက်သွားသည်။

ထို့နောက် တစ်လနီးပါးကြာသည်နှင့် ကိုမိုးထွေး ပြန်ရောက်လာသည်။

ကိုမိုးထွေး ရောက်လာသည်နှင့် အိမ်မှာ စားကောင်းသောက်ဖွယ်များ စီစဉ်ပေးထားသည်။

သူနှင့် လမ်းခွဲမည်ဟူ၍ ဆုံးဖြတ်ပြီးပါက ကျေနပ်အောင် လက်မှတ်



www.burmeseclassic.com

www.burmeseclassic.com

ထိုးပေးမည်ဟု ပြောခိုအယုံသွင်းထားသည်။ သူနှင့် နှစ်ညသုံးည ခန့်နေပြီးမှ လက်မှတ်ထိုးပေးမည်ဟု ပြောသည်။

အပြုံးမပျက်ဘဲ ညှော်ခံကျွေးမွေးသည်။ ပြီးခဲ့သောအခေါက်က စကားများ ရန်ဖြစ်ခဲ့သည်ကို ဘာမှမဖြစ်ခဲ့သလို ပြောဆိုဆက်ဆံ ခဲ့သည်။

သူ နောက်ဆုံးနှုတ်ဆက်သည့် အနေနှင့် ကျွေးမွေးတာပါ။ သူစိတ်ချမ်းသာအောင် အားရပါးရ စားပါဟူ၍ ပြောဆိုထားသဖြင့် ကိုမိုးထွေးလည်း ဇနီးဖြစ်သူအပေါ် အထင်မှား အမြင်မှားမရှိဘဲ ကျွေးသမျှ စားပြီးနေခဲ့သည်။

ဒုတိယညအတွက် ညစာအား ကိုမိုးထွေးကြိုက်သော ဝက် သားကို မနက်ကတည်းကမှာပြီး အကောင်းဆုံးချက်ထားသည် နောက်ရက်ရောက်လျှင် ဒေါ်မြင့်လက်မှတ်ထိုးပေးမည်ဟု ကတိပေး ထားသည်။

ဝက်သားဟင်းက မနက်စာ ညစာအတွက် လုံလုံလောက် လောက် ချက်ထားသဖြင့် ကိုမိုးထွေးအတွက်တော့ အကြိုက်ဖြစ်နေ သည်။

ညစာစားသောအခါ ဝက်သားဟင်းကို တစ်နေ့လုံးနှပ်ထား သဖြင့် နူးအိသည့်အတွက် ကိုမိုးထွေးလည်း တခြားဟင်းခွက်ကို


www.burmeseclassic.com

www.burmeseclassic.com

မနှိုက်တော့ဘဲ၊ ဝက်သားဟင်းကိုသာ ဆက်တိုက်နှိုက်စားနေသည်။

ဟင်းပန်းကန်တစ်ဝက်အရောက်မှာ ကိုမိုးထွေး ခေါင်းငိုက်စိုက် ကျသွားတော့သည်။

ထိုအချိန်မှစ၍ ကိုမိုးထွေးတစ်ယောက် လူ့လောကထဲမှရော၊ မမြင့်ထံပါးကပါ ထာဝရထွက်ခွာသွားရပြီဖြစ်သည်။

မမြင့်က အသက်ကင်းမဲ့နေသော ကိုမိုးထွေးကို ရှေ့မှာထား၍ ထမင်းကို အစားအသောက်မပျက် ဆက်ပြီး စားနေသည်။

"ကဲ ... ကျုပ်အနားက ရှင်ဘယ်မှသွားလို့မရတော့ဘူး မဟုတ်လား။ နောက်ကို ဟိုကောင်မဆီ သွားမယ်ဆိုတဲ့စကား ပြောလို့လည်း မရတော့ဘူး။

ကဲ ... အခုအချိန်ကစပြီး ကျွန်မအနားမှာပဲနေတော့။

ရှင်စားချင်တာ ကျုပ် အကုန်ချက်ကျွေးမယ်။

ရှင် ဘာမှ လုပ်စရာမလိုတော့ဘူး"

မမြင့်က ပြောရင်း ထမင်းကို ပြီးသည်အထိစားနေသည်။ ထမင်းစားပြီးသည်နှင့် စားသောက်ပြီးသော ပန်းကန်များကို သိမ်းဆည်းနေသည်။

ဝက်သားဟင်းလက်ကျန်များကို အိုးအတွင်းပြန်၍ ထည့်လိုက်သည်။ နောက်နေ့မှ ကျင်းတူးပြီး မြေမြှုပ်ပစ်ရန် စိတ်ကူး...


www.burmeseclassic.com

www.burmeseclassic.com


ပြန်သိမ်းထားလိုက်ခြင်းဖြစ်သည်။

အားလုံး သိမ်းဆည်းပြီးသည်နှင့် အသက်ကင်းမဲ့နေသော ကိုမိုးထွေး၏ခန္ဓာကိုယ်အား လက်နှစ်ဘက်ကိုဆွဲ၍ အိမ်နောက်ဘက် သစ်ပင်ကြီးအောက်သို့ တဖြည်းဖြည်း ဆွဲယူသွားသည်။

လွန်ခဲ့သော သုံးရက်မတိုင်ခင် ကိုမိုးထွေး ပြန်လာမည့်ရက်ကို မှန်း၍ အိမ်နောက်ဘက်သစ်ပင်ခြေရင်းမှာ အနက်လေးပေ၊ အရှည် ခြောက်ပေရှိ ကျင်းတစ်ကျင်းကို ကြိုတင်၍ ဒေါ်မြင့် တူးထားခဲ့ သည်။

ကျင်းအပေါ်မှာ သစ်ကိုင်းများ ဖုံးအုပ်ထားသည်။ ခြံနောက် ဘက်သို့ မမြင့်တစ်ယောက်မှလွဲ၍ မည်သူမှမလာ။

ကိုမိုးထွေးလည်း အိမ်သာတက်သည်မှလွဲ၍ ခြံအတွင်း မမြင့် မည်သည့်အပင်များ စိုက်ထားသနည်းဟူ၍ လိုက်၍မကြည့်ဘူး၊ ခြံအတွင်း တစ်ခေါက်မှ လမ်းမလျှောက်ဘူး။

ကျင်းနားသို့ အသက်ကင်းမဲ့နေသော အလောင်းရောက်လာ သည်နှင့် သစ်ကိုင်းများကို ဖယ်လိုက်ပြီး ကိုမိုးထွေးကို မြှုပ်ထား လိုက်သည်။

"ကဲ ... ရှင် ကျုပ်နဲ့ပဲနေတော့ ဘယ်မှမသွားရဘူး ရှင်စားချိန်ရောက်ရင် ကျုပ်ကျွေးမယ်"

www.burmeseclassic.com

www.burmeseclassic.com


ထိုသို့ပြောဆိုပြီး ဖြေဖို့က သစ်ကိုင်းများကို ပုံးအုပ်၍ အိမ်သို့ ပြန်လာခဲ့သည်။

ရက်တွေကြာလာခဲ့သည်။ ကိုမိုးထွေး ကားထွက်သွားလျှင် ရက်ကြာတတ်ပြီး ပြန်လာလျှင်လည်း အိမ်မှာ နှစ်ညသုံးညခန့်သာ နေတတ်သဖြင့် မည်သူကမှ ဂရုတစိုက် မရှိကြ။

လမှသည် နှစ်ကြာလာ၍ ရင်းနှီးသူအချို့က မေးလာသော အခါ ကားမောင်းသည့် အလုပ်ထက် ကောင်းသော ဝင်ငွေရသည့် မလေးရှားမှာ အလုပ်သွားလုပ်နေသည်ဟု ပြောသည်။

အခြေအနေကောင်းမှသာ ပြန်လာလိမ့်မည်ဟု ပြောကာ သတင်းလွှင့်ထားသဖြင့် မည်သူမျှ စိတ်ဝင်တစား မမေးမြန်းကြတော့။

ကိုမိုးထွေး သေဆုံးခဲ့သည်မှာ ဆယ်နှစ်နီးပါးရှိခဲ့ပြီ။ မဖြိုးမှသည် ဒေါ်မြင့်အဖြစ်သို့ ကူးပြောင်းရောက်ရှိလာသည်။

အချို့က စပ်စုကြသေးသည်။

"ဦးမိုးထွေးတစ်ယောက် မလေးရှားမှာ အလုပ်သွားလုပ်နေတာ အတော်ကြာပြီနော် ပြန်မလာသေးဘူးလား"

"ဟိုမှာပဲ အိမ်ထောင်ကျနေပြီလားမသိဘူး။ သူသွားပြီးကတည်းက တစ်ခါမှ ငွေမပို့ဘူး"

ဟူ၍ မေးသူများကို စကားပြတ်ပြေခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com


ထိုအချိန်က ယောက်ျားအတော်များများ ထိုင်း၊ မလေးရှား၊ စင်္ကာပူတိုင်းပြည်များသို့ ထွက်ပြီး အလုပ်လုပ်ကိုင်နေကြသော အချိန်ဖြစ်၍ မည်သူမှ စပ်စပ်စုစုမရှိကြ။

ဒါပေမဲ့ ဒေါ်မြင့်အတွက်ကတော့ အထီးကျန်မဟုတ်ပါ။ ဦးမိုးထွေး၏ ဝိညာဉ်ကတော့ သူခေါ်ထားသည့်အတိုင်း သူနှင့်အတူ ရှိနေပါသည်။

စားချိန်တန်စား အိပ်ချိန်တန်အိပ်သည်။

အိမ်တွင်းမှာ အသေးစားအကူအညီများ လုပ်ပေးနိုင်သည်။ ဘယ်သူမှ မမြင်ကြပေမယ့် ဒေါ်မြင့်ကတော့ ဦးမိုးထွေးကို လူအတိုင်းပင် မြင်နေရသည်။

❖ ❖ ❖

ဒေါ်တင်စိန်ဦးဆောင်၍ ဦးမျိုးမြင့်၊ ဦးခင်အောင်တို့သုံးယောက် ညရှစ်နာရီကျော်သည်နှင့် ဒေါ်မြင့်၏ ခြံအတွင်းသို့ ဝင်နေကြသည်။

ဒေါ်မြင့်ဆိုင်ပိတ်ပြီး အိမ်ထဲဝင်သွားသည့် အချိန်ကို အပြင်မှ စောင့်ကြည့်နေကြပြီး ဒေါ်မြင့် အိမ်ထဲဝင်သွားမှ ခြံထဲလိုက်ဝင်ခဲ့သည်။

ထိုအချိန်ဆိုလျှင် ဒေါ်မြင့် ထမင်းစားချိန်ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com


သူတို့ ပြတင်းပေါက်မှ ချောင်းကြည့်ကြသည်။

ဒေါ်မြင့် ခူးခပ်ပေးနေသည်ကို ဦးမိုးထွေးက ပန်းကန်များယူပြီး စားပွဲဝိုင်းပေါ် ချပေးနေသည်။

ဒေါ်မြင့်ကိုသာ သူတို့က မြင်ရသည်။

ဒေါ်မြင့်၏လက်မှ လွတ်သွားသော ပန်းကန်က၊ ထမင်းစား စားပွဲပေါ် ရောက်သွားသည်။

တစ်ပန်းကန်ပြီး တစ်ပန်းကန်ရောက်သွားသည်။

"ကိုထွေး ရေနွေးဓာတ်ဘူး မယူခဲ့ဘူးလား၊ သွားယူလိုက်ဦး ဖန်ခွက်ပါယူခဲ့"

ဓာတ်ဘူးနှင့် ဖန်ခွက်က အိမ်ရှေ့မှနေ၍ ထမင်းစားပွဲရှိရာသို့ လေထဲမှ တရွေ့ရွေ့လာနေသည်ကို တွေ့လိုက်ကြရသည်။

ဓာတ်ဘူးယူလာသူကို မတွေ့ကြရ။

ဓာတ်ဘူးနှင့် ဖန်ခွက်က စားပွဲပေါ်သို့ ညင်သာစွာ ရောက်ရှိလာသည်။

ဓာတ်ဘူးအဖုံးဖွင့်ပြီး ဖန်ခွက်ထဲသို့ ရေနွေးငှဲ့ထည့်ကာ ထမင်း မစားခင် ရေနွေးတစ်ခွက်အား မော့သောက်နေသည်ကို လူမမြင်ရဘဲ တွေ့ကြရသည်။

ထို့နောက် ဒေါ်မြင့်က လူမရှိသော သူ့ဘေးက ထမင်းပန်းကန်


www.burmeseclassic.com

www.burmeseclassic.com


ထဲသို့ ဟင်းခပ်ထည့်ပေးနေသည်ကို တွေ့ရသည်။

"ကဲ ... ကိုထွေးစား၊ ဒီနေ့တော့ ငါးခြောက်နဲ့ပဲသီး ဆီပြန် ရောချက်ထားတယ်။

နောက်နေ့မှ ရှင်ကြိုက်တဲ့ ဝက်သားဝယ်ချက်ကျွေးမယ်၊ ဒီမှာ ပဲသီးနုနု တို့စရာ၊ အပြုတ်လည်းရှိတယ်။ ငါးပိရည်စပ်စပ် လေးနဲ့ ရှင်ထမင်းမြိန်မှာပါ"

ဒေါ်မြင့်က ပြောရင်း ဘေးမှ ပန်းကန်ထဲသို့ ဟင်းများ ခပ်ထည့် ပေးနေသည်။

ထိုပန်းကန်မှာ လူမရှိဘဲ ထမင်းလက်တစ်ဆုပ်စာ အပေါ် မြောက်သွားပြီး လေထဲပျောက်သွားသည်။

ကြည့်နေသူတို့ အံ့သြနေကြသည်။

"ဒါဆို သူ့ယောက်ျား မလေးရှားသွားတာ မဟုတ်ဘူးပေါ့"

"သူသေသွားလို့ သရဲဖြစ်ပြီး သူ့အိမ်မှာ နေထိုင်စားသောက် နေတာဖြစ်မယ်"

"ကဲလာပြန်ကြမယ်... တို့ကိုတွေ့သွားလို့ မဖြစ်ဘူး"

ဒေါ်မြင့်၏ ခြံအတွင်းမှ ဒေါ်တင်စိန်တို့ သုံးယောက် အပြင်သို့ ခြေဖွနင်းရင်း ပြန်ထွက်လာခဲ့ကြသည်။

ဦးမျိုးမြင့်၊ ဦးခင်အောင်၊ ဒေါ်တင်စိန်တို့ ဒေါ်မြင့်၏ခြံထဲမှာ


www.burmeseclassic.com

www.burmeseclassic.com


စကားပြောချင်သော်လည်း မျိုသိပ်ထားရသည့်အတွက် ဖြုံဖြင်ရောက်သည်နှင့် မြင်တွေ့ခဲ့သော အကြောင်းအရာများကို တစ်ယောက်တစ်မျိုး ဝေဖန်နေကြသည်။

"ဒေါ်မြင့် ... သရဲမွေးထားတာပဲ"

"သူမို့ မကြောက်မလန့် သရဲတစ်ကောင်နဲ့ နှစ်ရှည်လများနေနိုင်တယ်"

"သူ့ယောက်ျားက ဘယ်အချိန်က သေတာလဲ၊ မလေးရှားမှာသေပြီး ဝိညာဉ်ရောက်လာတာများလား"

ဒေါ်မြင့်အိမ်ကအကြောင်းကို ဒေါ်တင်စိန်ကလည်း ရွာထဲမှာဖောက်သည်ချသည်။

ဒေါ်မြင့် မသိပေမဲ့ ဒေါ်တင်စိန်၊ ဦးမျိုးမြင့်နှင့် ဦးခင်အောင်တို့ကြောင့် တစ်ရွာလုံး ဦးမိုးထွေး မကျွတ်မလွတ်ဘဲ သရဲဖြစ်ကာဒေါ်မြင့်နှင့်အတူနေကြောင်း သိကုန်ကြသည်။

အချို့က သွားကြည့်ရန် တိုင်ပင်ကြသည်။

အချို့ကတော့ ဆိုင်မှာ ဈေးဝယ်ရင်း မသိမသာ အကဲခတ်ကြသည်။

ထို့နောက်ပိုင်းမှစ၍ ဒေါ်မြင့်ဆိုင် အရောင်းအဝယ် ရှသည်ကားလာသည်။


www.burmeseclassic.com

www.burmeseclassic.com


ဒေါ်မြင့်ကလည်း ခါတိုင်းထက် နှစ်ဆခန့်ရောင်းအားတက်လာသဖြင့် စိတ်ထဲထူးဆန်းနေသည်။

ဈေးလာဝယ်ကြသူများကလည်း စကားမရှိ စကားရှာပြီး လျှောက်ပြောနေသလို မျက်လုံးများကလည်း ဂနာမငြိမ် တစ်ဆိုင်လုံး မျက်စိလျှောက်ကစားနေသည်။

ဆိုင်အတွင်း ကြည့်ရုံအားမရသေး၊ အိမ်ထဲကိုပါ လှမ်းကြည့်တတ်ကြသေးသည်။

"ဟင် ဒီလူတွေရဲ့ အကြည့်ကို ငါတယ်မသင်္ကာချင်ဘူး။ အိမ်မှာ ကိုထွေးရှိနေတာကို သိတဲ့လူများ ရှိနေပြီလားပဲ"

ထို့နောက်ပိုင်း ဗိုဗိုရိရိ နေနိုင်သမျှနေရန် ဆုံးဖြတ်လိုက်သည်။ ဒါပေမဲ့ ရွာထဲမှာ ထိုသတင်းကို စိတ်ဝင်စားမှုက လျော့မသွားခဲ့ပါပေ။

တစ်နေ့ တစ်နေ့ ဒေါ်တင်စိန်၏အိမ်၊ ဦးခင်အောင်၏အိမ်၊ ဦးမျိုးမြင့်တို့၏အိမ်မှာ နေ့စဉ် လူစည်ကားလျက်ရှိတော့သည်။

❖ ❖ ❖

တစ်ရက် ဦးခင်အောင်မျက်စိက အိမ်ရှေ့မှ ဖြတ်သွားကြသောလူသုံးယောက်ကို လှမ်းမြင်လိုက်သည်။ ထိုအခါ အနီးမှာထိုင်နေ

www.burmeseclassic.com

www.burmeseclassic.com



သော ထွေးညွန့်ဆိုသည့် လူငယ်အား …

"ထွေးညွန့် သူတို့နောက် အမြန်လိုက်စမ်း၊ ဆရာတို့ကို သတင်းတစ်ခုပေးချင်လို့ ဟိုအိမ်ကို ခဏလောက်လိုက်ခဲ့ပါဆိုပြီး ဝိုအိမ်ကိုခေါ်ခဲ့ … သွားမြန်မြန်"

အသက် ဆယ့်ရှစ်နှစ်ခန့်ရှိသော ထွေးညွန့်လည်း သွက်လက်စွာ အိမ်ပေါ်ကဆင်းပြီး ဦးခင်အောင်ခိုင်းသည့်အတိုင်း အမိ ပြေးလိုက်သည်။

"ဆရာတို့ ဆရာတို့ ခဏလောက်"

နောက်မှ အသံကြားသဖြင့် လျှောက်နေသော ခြေလှမ်းတို့ တုံ့ရပ်သွားကာ နောက်သို့ လှမ်းကြည့်လိုက်သည်။

"ဆရာတို့ကို ဟိုအိမ်က ဦးလေးကြီးက သတင်းတစ်ခု ပေးချင်လို့ အိမ်ကို ခဏလောက် ဝင်ခဲ့ပါတဲ့"

သူတို့လည်း လူငယ်ခေါ်ရာ လိုက်ခဲ့သည်။

အိမ်ပေါ်သို့ တက်လာခဲ့သည်။

"ထိုင်ပါ ဆရာတို့"

"သတင်းပေးစရာရှိတယ်ဆိုလို့ လိုက်ခဲ့တာ … ပြောပါ ကျွန်တော်က အမှုလိုက်နယ်ထိန်း ဒုရဲအုပ်ဝင်းကိုပါ"

"ဒီလိုပါဆရာ … ကျွန်တော်တို့ရွာမှာ သရဲနဲ့အတူတူ



www.burmeseclassic.com

www.burmeseclassic.com 

နေတဲ့ ဒေါ်မြင့်အကြောင်း ပြောချင်လို့ပါ"

"သရဲ ... သရဲ ... ဘာလဲ ... ကျုပ်တို့က သရဲဖမ်းပေးရမှာလား"

"အဲ့ဒီလိုတော့ မဟုတ်ပါဘူးဆရာ၊ ကျွန်တော်ပြောမယ့် စကားတော့ ခဏလေးသည်းခံပြီး ဆုံးအောင်နားထောင်ပေးပါ"

"အင်း ... ပြော"

"ဒီအမျိုးသမီးရဲ့ယောကျ်ားက အရင်ကုန်တင်ကား ဒရိုင်ဘာပါ။

သူကားမောင်းထွက်သွားရင် ဝေးရင်ဝေးသလို နီးရင်နီးသလို အိမ်ကို တစ်ပတ်ဆယ်ရက် ပြန်မလာဘူး။ ကားပြန်ဝင်လာရင် အိမ်မှာ နှစ်ညသုံးည အိပ်တယ်၊ ပြီးရင် ကားပြန်ထွက်တယ်။

ဒီလိုနေရာက သူ့အိမ်ကို သူ့ယောကျ်ား အဝင်အထွက် မလုပ်တာ နှစ်နဲ့ချီ ကြာပြီး လူတွေ သတိထားမိလို့ မေးတော့ မလေးရှားမှာ အလုပ်သွားလုပ်နေတယ်တဲ့။

အဲ့ဒီလိုပြောပြီး မလေးရှားသွားတဲ့ ယောကျ်ားက ပြန်မလာတော့ဘူး။ ပစ္စည်းပို့တာ မကြားရဘူး၊ ငွေလည်းမပို့ဘူး"

"ခင်ဗျားတို့ မသိတဲ့အချိန် ငွေနဲ့ ပစ္စည်း ရောက်ချင်ရောက်မှာပေါ့၊ တစ်ခေါက်နှစ်ခေါက်လည်း ပြန်လာချင်ပြန်လာမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို မဖြစ်နိုင်ပါဘူး၊ သူက ဈေးဆိုင်ဖွင့်ထားတာ လူဝင် လူထွက်ရှိတာ သိနိုင်တာပေါ့။ တစ်အိမ်နဲ့တစ်အိမ် အဝေးကြီးလည်း မဟုတ်ဘူး၊

တစ်ယောက်မဟုတ်တစ်ယောက် သိနိုင်တယ်ဆရာ"

"အင်း … ခင်ဗျားတို့ သူ့ကို ဘယ်လိုမသင်္ကာဖြစ်လို့လဲ၊ သူနဲ့သရဲ အတူနေတဲ့အကြောင်း ရှင်းအောင်ပြောပါ"

"လွန်ခဲ့တဲ့ ဆယ်ရက်လောက်က ဒေါ်တင်စိန် ကြွေးဆပ်မယ် ဆိုပြီးသွားတာ၊ ဆိုင်ပိတ်သွားလို့ အိမ်ထဲဝင်လိုက်သွားတယ်။

ဒေါ်တင်စိန်လည်း လှမ်းခေါ်မယ်ပြင်တုန်း မီးဖိုထဲမှာ စကား သံကြားလို့ ပြတင်းပေါက်က ချောင်းကြည့်လိုက်တော့မှ အဖြစ် မှန်ကို သိရတယ်။

သူ့ရှေ့မှာ ထိုင်နေတဲ့ သရဲကရှိနေတယ်။

ဒေါ်မြင့်က သူ့ယောက်ျားနာမည်ခေါ်ပြီး သူ့ရှေ့မှာ ချထားတဲ့ ပန်းကန်ထဲ လှမ်းပြီး ဟင်းတွေ ထည့်ပေးတယ်။

ဒေါ်မြင့်ရဲ့ ရှေ့ကလူကို မတွေ့ရဘဲ၊ ဇွန်းနဲ့ ဟင်းတွေ ခပ်နေတယ်၊ ထမင်းတွေ နှိုက်စားတယ်၊ ခွက်ဘူးထဲက ရေနွေးငှဲ့ သောက်တယ်၊ တစ်မျိုးပြီးတစ်မျိုး လူမရှိဘဲ မျက်လှည့်ပြသလို ပစ္စည်းတွေ ပြောက်ပြောက်သွားတာ မြင်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခေါ်မြင့်ခြံထဲက ပြန်ထွက်လာပြီး ကျွန်တော်တို့ကို ပြောပြလို့ နောက်ညှ၊ သွားချောင်းကြည့်ကြတယ်ဆရာ။

သူ့ယောက်ျားရဲ့ နာမည်ကိုခေါ်ပြီး ထမင်းစားခိုင်းတယ်။ သူ့ရှေ့မှာ လူတစ်ယောက်ရှိနေသလိုပဲ ကျွန်တော်တို့လည်း လူမမြင်ရတဲ့ ဟင်းခပ်စားတာရော၊ ဟင်းချိုခပ်သောက်တာရော၊ ထမင်းလုပ်ပါးပါးစပ်ထဲသွင်းတာရော၊ ခါတ်ဘူးထဲက ရေနွေးငှဲ့သောက်တာရော အားလုံးထူးထူးဆန်းဆန်းတွေ မြင်ရတယ်"

"အင်းနည်းနည်းတော့ စိတ်ဝင်စားသွားပြီ"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်တော့်အထင် သူ့ယောက်ျားဟာ တကယ်ပဲ မလေးရှားသွားတာလား၊ မလေးရှားမှာ သေသွားတာလား၊ သူ့အိမ်မှာသာ သေသွားတယ်ဆိုရင် အပြင်ကို ဘာကြောင့် သတင်းမပေါက်ကြားတာလဲ နည်းနည်းစိတ်ဝင်စားမိလို့ ဆရာတို့ကို ခေါ်တိုင်ပင်တာ"

"ခင်ဗျားတို့ ပြောမှပဲ စဉ်းစားမိတယ်။

သူ့အိမ်မှာ သေသွားတာလား၊ ဒီလိုဟာမျိုးက အစိမ်းသေ သေမှ သရဲကိုခေါ်ထားလို့ရတာ၊ တစ်ခါက အမှုမပေါ်လို့ ပယောဂ အကြောင်း နားလည်တဲ့ ဆရာတစ်ယောက်နဲ့ ဝိညာဉ်ခေါ်ပြီး အမှုကို ဖော်ထုတ်ဖူးတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီ ဆရာကပြောတယ်၊ သဘာဝအတိုင်း ဝင့်နာကံနာနဲ့ သေချိန်တန်လို့သေတဲ့ ဝိညာဉ်တွေကို ခေါ်ထားလို့ မလွယ်ဘူး။ ခိုင်းစားလို့လည်း မရဘူးတဲ့။

ဒါပေမဲ့ အစိမ်းသေ၊ သေတဲ့ ဝိညာဉ်တွေကိုတော့ ခေါ်ထားလို့ရတယ်။ ခိုင်းစားလို့လည်းရတယ်၊ မေးလို့မြန်းလို့လည်း လွယ်တယ်လို့ အဲဒီပယောဂဆရာက ပြောဖူးတယ်"

"ဒါဆို ဒီလူ ကားအက်ဆီးဒင့်ဖြစ်ပြီး အစိမ်းသေသေခဲ့တာလား၊ ဒါမှမဟုတ် လင်မယားစကားများ ရန်ဖြစ်ပြီး သေခဲ့တာလား စဉ်းစားစရာပဲ"

"ဒီအချိန် သွားလို့ မသင့်တော်ဘူး။ စုံစမ်းလို့မေးလို့ရမှာ မဟုတ်ဘူး၊ အဲ့ဒီကိစ္စသိရအောင် ခင်ဗျားတို့ပြောတဲ့ ထမင်းစားချိန် ကျုပ်တို့ ခင်ဗျားတို့အိမ်ကို လာခဲ့မယ်"

"ဟုတ်ကဲ့ ဆရာတို့လာရင် ခုနစ်နာရီခွဲမတိုင်ခင် အရောက် လာခဲ့ပါ။

သူက ညရှစ်နာရီဆို ဆိုင်ပိတ်ပြီး အိမ်ထဲဝင်တာနဲ့ ထမင်းစားဖို့ပြင်တာ"

"သိပြီ ... ကျွန်တော်တို့ ကိစ္စလေးတစ်ခုရှိလို့ ရွာထဲ သွားလိုက်ပါဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com


ညလာခဲ့မယ် ... အပြင်လူ ဘယ်သူ့မှ ခေါ်မထားပါနဲ့။ ကျွန်တော်တို့လာမယ့်အကြောင်းလည်း ဘယ်သူ့မှ ပြောမထားပါနဲ့"

"ဟုတ်ကဲ့ စိတ်ချပါဆရာ ကျွန်တော်စောင့်နေပါ့မယ်"

ခုရဲအုပ်နှင့် သူ့ရဲဘော်နှစ်ယောက် အိမ်ပေါ်မှ နုတ်ဆက်ပြီး ဆင်းသွားကြတော့သည်။

❖ ❖ ❖

"ခေါ်မြင့် ... ခေါ်မြင့် ... ကျွန်တော်တို့ရဲတပ်ဖွဲ့ခင်တွေပါ မေးစရာရှိလို့ တံခါးဖွင့်ပေးပါ"

"ဟင်"

ခေါ်မြင့်က ဦးမိုးထွေးစားနေသော ပန်းကန်များကို ဖွက်ရန် အကြံနှင့် အတင်းလိုက်သိမ်းနေသည်။

"နေပါ ခေါ်မြင့်၊ ကျွန်တော်တို့မြင်ပြီးပါပြီ အဲဒီအတိုင်းထားလိုက်ပါ"

အပြင်မှ အတိအကျပြောနေသည့်အသံကြောင့် ခေါ်မြင့်လည်း ပန်းကန်ကိုင်နေသော လက်က နောက်သို့ တွန့်သွားသည်။

ခေါ်မြင့်အသံကြားရာသို့ မျက်လုံးအကြည့်ကရောက်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com



မှန်ပြတင်းပေါက်မှ ကြည့်နေကြသော လူနှစ်ယောက် သုံးယောက်ခန့်ကို အရိပ်မည်းမည်းများအဖြစ် မြင်ရသည်။

အေးမြင့် အားမတန် မာန်လျှော့၍ ထိုင်ရာက ထသွားပြီး အိမ်ရှေ့တံခါးကို ဖွင့်ပေးလိုက်သည်။

ရဲတပ်ဖွဲ့ဝင်သုံးယောက်နှင့် ရွာလူကြီး ရွာသားနှစ်ယောက် အားလုံး ခြောက်ယောက် အိမ်ပေါ်တက်လာကြသည်။

"ကဲ ... အေးမြင့်နဲ့အတူ အေးမြင့်ယောက်ျား ဦးမိုးထွေးရဲ့ ဝိညာဉ်အတူရှိနေတာ ကျွန်တော်တို့ သိပြီးပြီ။ အဲ့ဒီအကြောင်း ရှင်းပြစေချင်ပါတယ်"

"မ ... မ .. ရှိပါဘူး"

"ဒီကိစ္စကို ရွာသားတွေသိတာ ဆယ်ရက်ကျော်ပြီ။ ရွာသား တစ်ယောက်မဟုတ်ဘူး၊ တစ်ရွာလုံး သိနေကြတယ်။ ခင်ဗျားနဲ့အတူ ထမင်းစားနေတာကိုလည်း ရွာသားတွေ တွေ့ပြီးကြသလို စောစောကလည်း ကျွန်တော်တို့ တွေ့လိုက်ပြီးပါပြီ"

"ခင်ဗျား ... မျက်လှည့်ပညာတတ်လား"

"မ ... မတတ်ပါဘူးရှင်"

"အဲဒီ စောစောက ထမင်းကျွေး ဟင်းခပ်ခွန်းတွေ ခပ်လိုက် စားလိုက် အပေါ်မြောက်သွားလိုက်၊ အဲ့ဒီကိစ္စ ခင်ဗျား ဘယ်လို





ဖြေရှင်းမလဲ"

"ဟို ... ဟို ... ဆရာတို့ အမြင်မှားတာပါ"

"ခင်ဗျား ... အမှန်ပြောသင့်ပြီ။ ခင်ဗျားယောက်ျား သေသွားပြီမဟုတ်လား"

"မ ... မသေပါဘူး ... သူမလေးရွာမှာပါ"

"အေးမြင့် ...ကျုပ်တို့က မသေချာဘဲမလာဘူး။ ခင်ဗျား ပါးစပ်က ကိုထွေး စားပါ ... ကိုထွေး ဘာယူဦးမလဲဆိုတာ ဘယ်သူ့ကို ပြောတာလဲ"

ထိုအချိန်မှာပင် သူတို့ရှေ့သို့ ဓာတ်ဘူးနှင့် ရေနွေးပန်းကန် နှစ်ချပ်ထပ်လျက် လူမမြင်ရဘဲ လာချသည်ကို အားလုံးတွေ့လိုက်ရသည်။

အားလုံး မျက်လုံးပြူးသွားသည်။

အေးမြင့်လည်း မျက်လုံးပြူးသွားသည်။

မျက်လုံးပြူးပုံခြင်းမတူ အပြင်မှရောက်လာသူများက အံ့ဩ၍ မျက်လုံးပြူးခြင်းဖြစ်သည်။

အေးမြင့်ကတော့ ခြေတုန်လက်တုန်နှင့် အမှားမှားအယွင်းယွင်း ဖြစ်ကာ မျက်လုံးပြူးသွားခြင်းပင်ဖြစ်သည်။

"အခု ဓာတ်ဘူးလာချတဲ့သူဟာ ဦးမိုးထွေးဆိုရင် ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



မှန်ပြတင်းပေါက်မှ ကြည့်နေကြသော လူနှစ်ယောက် သုံးယောက်ခန့်ကို အရိပ်မည်းမည်းများအဖြစ် မြင်ရသည်။

ဒေါ်မြင့် အားမတန် မာန်လျှော့၍ ထိုင်ရာက ထသွားပြီး အိမ်ရှေ့တံခါးကို ဖွင့်ပေးလိုက်သည်။

ရဲတပ်ဖွဲ့ဝင်သုံးယောက်နှင့် ရွာလူကြီး ရွာသားနှစ်ယောက် အားလုံး ခြောက်ယောက် အိမ်ပေါ်တက်လာကြသည်။

"ကဲ ... ဒေါ်မြင့်နဲ့အတူ ဒေါ်မြင့်ယောက်ျား ဦးမိုးထွေးရဲ့ ဝိညာဉ်အတူရှိနေတာ ကျွန်တော်တို့ သိပြီးပြီ။ အဲဒီအကြောင်း ရှင်းပြစေချင်ပါတယ်"

"မ ... မ .. ရှိပါဘူး"

"ဒီကိစ္စကို ရွာသားတွေသိတာ ဆယ်ရက်ကျော်ပြီ။ ရွာသား တစ်ယောက်မဟုတ်ဘူး၊ တစ်ရွာလုံး သိနေကြတယ်။ ခင်ဖျားနဲ့အတူ ထမင်းစားနေတာကိုလည်း ရွာသားတွေ တွေ့ပြီးကြသလို စောစော ကလည်း ကျွန်တော်တို့ တွေ့လိုက်ပြီးပါပြီ"

"ခင်ဖျား ... မျက်လှည့်ပညာတတ်လား"

"မ ... မတတ်ပါဘူးရှင်"

"ဒါဆို စောစောက ထမင်းကျွေး ဟင်းခပ်ခွန်းတွေခပ်လိုက် စားလိုက် အပေါ်ပြောက်သွားလိုက်၊ အဲဒီကိစ္စ ခင်ဖျား ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းမလဲ"

"ဟို ... ဟို ... ဆရာတို့ အမြင်မှားတာပါ"

"ခင်ဗျား ... အမှန်ပြောသင့်ပြီ။ ခင်ဗျားယောကျ်ား သေသွားပြီမဟုတ်လား"

"မ ... မဖသေပါဘူး ... သူမလေးရှားမှာပါ"

"ဒေါ်မြင့် ...ကျုပ်တို့က မသေချာဘဲမလာဘူး။ ခင်ဗျားပါးစပ်က ကိုထွေး စားပါ ... ကိုထွေး ဘာယူဦးမလဲဆိုတာ ဘယ်သူ့ကို ပြောတာလဲ"

ထိုအချိန်မှာပင် သူတို့ရှေ့သို့ ဓာတ်ဘူးနှင့် ရေနွေးပန်းကန် နှစ်ချပ်ထပ်လျက် လူမမြင်ရဘဲ လာချသည်ကို အားလုံးတွေ့လိုက်ရသည်။

အားလုံး မျက်လုံးပြူးသွားသည်။

ဒေါ်မြင့်လည်း မျက်လုံးပြူးသွားသည်။

မျက်လုံးပြူးပုံခြင်းမတူ အပြင်မှရောက်လာသူများက အံ့သြ၍ မျက်လုံးပြူးခြင်းဖြစ်သည်။

ဒေါ်မြင့်ကတော့ ခြေတုန်လက်တုန်နှင့် အမှားမှားအယွင်းယွင်း ဖြစ်ကာ မျက်လုံးပြူးသွားခြင်းပင်ဖြစ်သည်။

"အခု ဓာတ်ဘူးလာချတဲ့သူဟာ ဦးမိုးထွေးဆိုရင် ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



အတွက် ထူးခြားချက်ရှိရင် ကျုပ်တို့ကို ပြစေချင်တယ်"

ဒုရဲအုပ်က ပြောလိုက်သည်။

ခဏနေတော့ သူတို့အနီးရှိ ပျဉ်ထရံမှာ ချိတ်ထားသည့် ကြက်မွေးတံမြက်စည်းက အိမ်ရှေ့တံခါးပေါက်မှ ဟပြည်းပြည်း အပြင်သို့ထွက်သွားသည်ကို အတိုင်းသားမြင်နေရသည်။

သူတို့အားလုံး နောက်မှလိုက်ခဲ့သည်။

"ဒေါ်မြင့် ... ခင်ဗျားလည်း လိုက်ခဲ့ပါ"

ဒုရဲအုပ်က ခေါ်သဖြင့် ဒေါ်မြင့် ခြေလှမ်းလေးကန်စွာနှင့် နောက်က လိုက်ခဲ့သည်။

ကြက်မွေးတံမြက်စည်းက သူတို့ရှေ့ကနေပြီး ဖြည်းဖြည်းချင်း ခြံနောက်ဘက်သို့ ရွေ့လျားနေသည်။

အမှောင်ထဲမှာ ရဲတပ်ဖွဲ့ဝင်တစ်ယောက်က ဓာတ်မီးနှင့် ထိုးပြသည်။ ရွာသားတစ်ယောက်ကလည်း ဓာတ်မီးပါသည်။

ရုံးပတီပင်များကြားမှ နောက်ဘက်သို့ ဆက်ရွေ့လျားနေသေးသည်။

ကုက္ကိုပင်နှင့် မန်ကျည်းပင်ကြားရောက်တော့ ကြက်မွေးတံမြက်စည်းက ဆက်မသွားတော့။

ထိုစဉ်မှာပဲ ကြက်မွေးကိုကိုင်ပြီး မြေကြီးကိုပြသည့် ပုံစံမျိုး



www.burmeseclassic.com

www.burmeseclassic.com


ကြက်မွေးတံမြက်စည်းက ငါးပေခြောက်ပေခန့် အပိုင်းတစ်ခု ခြစ်ပြသည်။

"ဒီနေရာက ထူးခြားတဲ့ပုံပဲ"

"ဒေါ်မြင့် ... အမှန်အတိုင်းပြောပါ။ ဒီမြေကြီးအောက်မှာ ဘာရှိလဲ"

"ဟို ... ဟို ..."

ကဲ ... အမှန်အတိုင်းပြောဖို့သင့်ပြီ။ ကျုပ်တို့ ဒီမြေကြီးကို တူးကြည့်ရတော့မယ်"

"ကဲ ... လာကြ အိမ်ထဲသွားကြမယ်။ ဒေါ်မြင့် ... ခင်များလည်း အမှန်အတိုင်းပြော။

ဒီနေရာကို ဦးခင်အောင်တို့ ရွာက လူငယ်သုံးလေးယောက်လောက်ခေါ်ပြီး တူးခိုင်းပါ"

"အခုညပိုင်းလားဆရာ"

"ဟုတ်ပါတယ် ... အဖြေကိုတစ်ခါတည်း အားလုံးသိသွားကြရတာပေါ့"

"အခုရွာထဲမှာ သွားခေါ်ပြီး တူးခိုင်းလိုက်ပါ့မယ်"

ဦးခင်အောင်က လူငယ်များခေါ်ရန် ရွာထဲခဏထွက်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မြင့်နှင့်အတူ ရဲတပ်ဖွဲ့ဝင်များ အိမ်ပေါ်တက်လာခဲ့ကြသည်။

မကြာခင်မှာပင် ဒေါ်မြင့်လည်း သူနှင့် သူ၏ယောကျ်ား ဆက်ဆံရေးမပြေလည်မှုများကို ပြောပြသည်။

သူနှင့်ကွာရှင်းဖို့ အတင်းအကျပ် တောင်းဆိုတယ်။

သူ့ယောကျ်ားကို သူမစွန့်လွှတ်နိုင်တဲ့အတွက် အဆိပ်ခပ်သတ်ဖြတ်ခဲ့သည့်အကြောင်း ပြောပြလေတော့သည်။

ထို့နောက် အလောင်းကို သစ်ပင်အောက်မှာ မြှုပ်လိုက်ပြီး ဗိညာဉ်ကိုခေါ်ကာ သူနှင့်အတူတူနေစေခဲ့သည့် အကြောင်းကိုလည်း ပြောင့်ချက်ပေးသည်။

ရွာသားများလည်း အရိုးကျနေပြီဖြစ်သော ဦးမိုးထွေး၏ အလောင်းကို မြေအောက်ထဲမှ တူးဖော်တွေ့ရှိလိုက်ပါတော့သည်။

သရဲနှင့်အတူ ရာသက်ပန်နေမည်စိတ်ကူးထားသော ဒေါ်မြင့် တစ်ယောက် သူ၏မကောင်းမှုဒဏ်ကြောင့် ထောင်နန်းစံသွားရလေတော့သည်။

❖ ❖ ❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com

# ရွာပျက်ကြီးမှ တစ္ဆေအိမ်ကြီး

'ဖွတ် ... ဖွတ် ... ဖွတ် ...''

"ဟာ ... ကားဘာဖြစ်တယ်မသိဘူး"

"စက်ပျက်သွားပြီလား"

မဟုတ်ဘူး ... ဆီပြတ်တာဖြစ်နိုင်တယ်။ ရွာကထွက်တော့ ဆီကို တိုင်းသေးတယ်၊ နီးရာမြို့ရောက်တဲ့အထိ လောက်မယ် ဆင်တာ ... အခုဆီပြတ်သွားပုံပဲ''

"အနီးနားမှာ အိမ်လည်းမရှိ၊ ရွာနဲ့လည်းမနီး ချုံတွေသစ်ပင် အကြားမှာ ဒုက္ခတော့ရောက်ပြီ"

"ဟုတ်တယ် အချိန်ကလည်း နေ့ခင်းပိုင်း ရောက်နေပြီ"

"တို့အသွားတုန်းက ဒီနေရာရောက်တဲ့အချိန်ကို မှတ်မိ သေးလား''



www.burmeseclassic.com

www.burmeseclassic.com

“ဘာကြောင့် မေးတာလဲကွ”

“ငါမှတ်မိတယ်။ လမ်းဆုံကနေ ရွာဘက်ခွဲထွက်လာတော့ ဒီနေရာကို နာရီဝက်နဲ့ ရောက်လာတာ။ ငါက ဒီသစ်ပင်အုပ် မြင်လို့ ရွာနဲ့နီးပြီလား ကျော်လှကို မေးလိုက်သေးတယ်။ မြို့ကနေ လမ်းဆုံကို တစ်နာရီနီးပါး မောင်းခဲ့ရတယ်”

“ဒါက အရေးမကြီးဘူး ကားတားစီးသွားလို့ရတယ်”

“မင်းတို့ ဘယ်လိုစဉ်းစားပြီး အချိန်တွက်နေတာလဲ”

“ဒီလိုကွာ၊ ဓာတ်ဆီဝယ်ရမယ်ဆို ဒီကနေ လမ်းလျှော က်သွားရင် ဘယ်လောက်ကြာကြာ သွားရမလဲ စဉ်းစားနေတာ”

“ခြေလျင်အသွားအပြန်ဆို ညပိုင်းပြန်ရောက်ရင် ကံကောင်းပြီ ကားနဲ့တာဆိုက နာရီဝက်ဆို အနည်းဆုံးဆယ်မိုင်တော့ ကျော်မှာပဲ”

“ဒါဆို အကူအညီမရမချင်း ဒီမှာ အိပ်ရတော့မယ်ပေါ့”

“ဒီလိုပဲ ဒုက္ခခံရတော့မှာပေါ့ ... မနက်စောစောဆိုရင် ရွာ တွေက လှည်းတွေ၊ ထော်လာဂျီတွေ မြို့တက်ကြတယ်။ မနက်မှပဲ ဆီဝယ်တဲ့ကိစ္စ စဉ်းစားတော့မယ်”

“ဒါဆို တို့ဒီညအိပ်ဖို့ရယ်၊ စားဖို့ရယ် ဘယ်လိုကြံကြ မလဲ”

“တစ်ညတစ်လေ ဒုက္ခခံလိုက်ကြတာပေါ့ ... မင်းတို့



www.burmeseclassic.com

www.burmeseclassic.com


မိန်းကလေးတွေ ကားပေါ်မှာအိပ်ကြ"

"ဟ ... ဆရာကြီး ငါတို့က အောက်မှာ ခြင်ကိုက် ဖြုတ်ကိုက် ဒုက္ခခံရမှာလား။ မိန်းကလေးနှစ်ယောက်က ကားရှေ့ခန်းမှာ အိပ်ကြ၊ ငါတို့က နောက်ဘက်မှာ ဖြစ်သလိုအိပ်ကြတာပေါ့"

"ကဲ ... အိပ်တာ ခဏထားဦး၊ အခြေအနေ စောင့်ကြည့်ကြသေးတာပေါ့။ အခုမှ နှစ်နာရီခွဲလောက်ပဲရှိသေးတယ်"

"ထော်လာဂျီဖြစ်ဖြစ်၊ လှည်းဖြစ်ဖြစ် လာနိုင်သေးတာပဲ"

သူတို့ ငါးယောက် လမ်းဘေးဆင်းပြီး သစ်ပင်ရိပ်အောက်မှာ ထိုင်နေကြသည်။ သူတို့မှာ ရွာမှထည့်လာခဲ့သော ရေပုလင်း ငါးပုလင်းပါလာ၍ ရေအတွက် မပူရ။

လွန်ခဲ့သော လေးရက်ခန့်က သူတို့ငါးယောက်ထဲမှ ကျော်လှကို ရွာမှာ ရွာလုံးကျွတ် အလှူရှိသည့်အတွက် သူငယ်ချင်းများ အဖော်စပ်ပြီး ရွာသို့လာခဲ့ခြင်းဖြစ်သည်။

သူ ရွာသို့ မရောက်သည်မှာ ဆယ်နှစ်ကျော်ပြီ၊ ရန်ကုန်မှာ တက္ကသိုလ်လာတက်ပြီး အလုပ်တစ်ခါတည်းဝင်ခဲ့သည်။

ဦးလေးအိမ်မှာနေပြီး ရသည့်လစာကို ဦးလေးက လူကြုံနှင့် ရွာရှိ မိဘများထံပို့ပေးသည်။ ယခု မိဘ္ဘသားစုအလှူမလာမနေရတု ကျော်လှဖခင်၏ တစ်ချက်လွှတ် အမိန့်ကြောင့် အလှူ်မှာ ခွင့်ယူ


www.burmeseclassic.com

www.burmeseclassic.com


ပြီး အလှူသို့ လာခဲ့ခြင်းဖြစ်သည်။

အလုပ်လုပ်ဖက်၊ ကျောင်းနေဖက်သူငယ်ချင်းလေးယောက်ကလည်း တောရွာကို ရောက်ဖူးချင်သည်ဆိုပြီး လိုက်လာခဲ့ကြသည်။ သူတို့ထဲမှ တင်အေးက ကားပိုင်ရှိသဖြင့် သူ၏ကားနှင့် လာခဲ့ကြခြင်းဖြစ်သည်။

ကားလေးနှင့် စိတ်တူကိုယ်တူ သူငယ်ချင်းများဖြစ်သော မြမြစန်း၊ တင်ဇာကျော်၊ ကျော်လှ၊ တင်အေး၊ စံညွန့်တို့ ငါးယောက် ခရီးထွက်လာခဲ့ကြသည်။

တဖြည်းဖြည်း အချိန်က လင့်လာသည်။ အသွားအလာ လူတစ်ယောက်မှမတွေ့ဘဲ လေးနာရီပင် ကျော်သွားပြီ။

ထိုအချိန် လူမရှိသော လမ်းပေါ်မှာ နွားနှစ်ကောင် ဆွဲပြီး အသက်လေးဆယ်ခန့် လူတစ်ယောက်လာနေသည်ကို တွေ့လိုက်သည်။

ဝမ်းသာအားရနှင့် ထိုလူထံ အားလုံးထလာခဲ့သည်။

"ဦးလေးကြီး ဦးလေးကြီး ခဏလောက်ရပ်ပါဦး"

"ငါ့တူတို့ ဘာဖြစ်လို့လဲ"

"ကျွန်တော်တို့ ကားဆီပြတ်သွားလို့ သွားလို့မရတော့ဘူး ဖြစ်နေတယ်။ ဒီအနီးနားမှာ ဓာတ်ဆီရနိုင်မယ့်နေရာမရှိဘူးလား"


www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒီအနီးနားရွာတွေမှာ ဘာကားမှမရှိဘူး၊ မင်းတို့ကားက ဆတ်ဆီလား ဒီဇယ်လားကွ"

"ဓာတ်ဆီပါဦးလေး"

"အေး ရနိုင်ရင် ဒီဇယ်ဆီပဲရမယ်၊ ထော်လာဂျီတွေမောင်းတဲ့ အင်ဂျင်တွေက ဒီဇယ်ဆီပဲသုံးတယ်"

"ခက်ပြီ … ဓာတ်ဆီရဖို့လည်း မလွယ်တော့ဘူး"

"မြို့ကိုသွားနိုင်မှပဲ ရတော့မယ်။ မြို့သွားမယ့် ခရီးကြုံ မရှိနိုင်ဘူးလား"

"မရှိနိုင်ဘူး၊ မနက်ငါးနာရီလောက်ကစပြီး ကိုးနာရီအတွင်း တော့ ခရီးကြုံရနိုင်တယ်"

"ညနေပိုင်းဆို အပြန်သာများပဲ ရှိနိုင်တယ်"

"ဦးလေးက ဘယ်သွားမှာလဲ"

"တဲကို ပြန်မှာ"

"တဲက နီးလား"

"သိပ်တော့မနီးဘူး။ ဒီတောစပ်လွန်ရင် လယ်ကွင်းတွေထဲ ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက် ဖြတ်သွားရင်တော့ ရောက်တယ်။

"ဒါဆို ဒီလောက်ဝေးတာ ကားပစ်ထားပြီး လိုက်အိပ်ဖို့လည်း မလွယ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ညလောက် အိပ်မှာများ ပူနေရသေးလား၊ ရှေ့နားမှာ အထဲဝင်တဲ့ မြေနီလမ်းတစ်ခုတွေ့လိမ့်မယ်။

အတွင်းထဲ နည်းနည်းလျှောက်လိုက်ရင် အိမ်နီကြီးတစ်လုံး တွေ့လိမ့်မယ်။ နှစ်ထပ်တိုက်ကြီး၊ အရင်က ဒီနေရာက ရွာငယ် တစ်ရွာပဲ၊ ဒီသစ်ပင်တွေက ရွာသားတွေ သူတို့ခြံထဲမှာ စိုက်ထားတာ ကပ်ရောဂါတစ်ခုကျပြီး အိမ်ခြေတစ်ရာလောက်ရှိတဲ့ ရွာကလူတွေ ပြောင်းသွားကြတယ်။

အဲဒီအိမ်နီကြီးကို အရင်က ချစ်တီးကုလားသူဌေးကြီးပိုင်တာ။ သူ့ဆွေစဉ်မျိုးဆက် နေထိုင်ကြတယ်၊ အပြင်ကို အသွားအလာတော့ မရှိဘူး။ လူရှိနိုင်သေးတယ်။ အဲဒီမှာ ခွင့်တောင်းပြီး သွားအိပ်ကြ ပါလား"

"ဟာ ... အဲဒီအကြံကောင်းတယ် ... ကျေးဇူးပဲ ဦးလေး"

"အေး ဦးလေးသွားမယ်"

ရွာသားကြီးလည်း နွားနှစ်ကောင်ဆွဲပြီး အနီးက ထွက်သွား သည်။

"ကဲ ... ကားကို တံခါးလုံခြုံအောင်ပိတ်၊ တို့အဲဒီအိမ်နီကြီး ဆီကို သွားကြမယ်"

တစ်ယောက်ကို အဝတ်အစား အိတ်တစ်အိတ်ဆွဲ၍ အိမ်နီကြီး



www.burmeseclassic.com

www.burmeseclassic.com


နောသို့ ထွက်လာခဲ့ကြသည်။

"ဒီလမ်းပဲဖြစ်မယ်"

"မင်းရှေ့ကဝင်ကွာ"

သူတို့အတွင်း လမ်းကျဉ်းလေးထဲ ငါးမိနစ်ပင် မလျှောက်ဆိုက်ရ၊ အိမ်နီကြီးကို လှမ်းမြင်လိုက်သည်။

အနီးသို့ရောက်လာသည်။ အိမ်ကြီးက သော့ခတ်မထားချည့်များ တစ်အိမ်လုံး တက်နေပေမယ့် အိမ်နီကြီးမှန်းတော့သိသာသည်။

"အိမ်ရှင်တို့ ... အိမ်ရှင်တို့"

ခဏကြာတော့ အသက်ငါးဆယ်ခန့် မိန်းမကြီး အိမ်တံခါးလာဖွင့်သည်။

"ဘာကိစ္စလဲကွဲ့"

"ဒီလိုပါ အဒေါ်၊ ကျွန်တော်တို့ ခရီးသွားရင်း ဒီနားမှာဘားပျက်သွားလို့ ရှေ့ကိုလည်း ဆက်သွားလို့ မရတော့ဘူး။ ဒီအိမ်မှာ တစ်ညလောက် တည်းခိုခွင့်ပြုပါခင်ဗျာ"

"အို ... ရှုပ်ရှုပ်ယှက်ယှက် သွား ... သွား မရဘူး"

"ကျွန်တော်တို့ ... ဒီအတိုင်းဆို လမ်းပေါ်မှာ အိပ်ရတော့မှာပါ၊ တစ်ညပဲ တည်းခွင့်ပြုပါ"


www.burmeseclassic.com

www.burmeseclassic.com


"ငါတို့က လူတွေနဲ့ ရောရောနှောနှော မနေချင်လို့ ဘယ် မပြောင်းဘဲနေတာ၊ သွားပါကွယ် ဒုက္ခမရှာပါနဲ့"

ကျော်လှက အတင်းတောင်းပန်နေသောကြောင့် ...

"လာပါကွာ သူမှ မနေစေချင်တာ သွားကြမယ်"

ထိုအချိန် အမျိုးသမီးကြီးနောက်မှ အသက်ခြောက်ဆယ်ခန့် လူကြီးတစ်ယောက် ပေါ်လာပြီး ...

"ဖွင့်ပေးလိုက်ပါကွာ၊ သူတို့လည်း တစ်ညပဲတည်းမှာလို့ ပြောတယ်မဟုတ်လား"

တံခါးဖွင့်ပေးရန် ငြင်းဆိုနေသော အဒေါ်ကြီးလည်း စိတ် မပါ လက်မပါနှင့် တံခါးကို ဖွင့်ပေးလိုက်သည်။

"ကဲလာ ... မင်းတို့ ငါးယောက်တည်းလား"

"ဟုတ်ကဲ့ မိန်းကလေးနှစ်ယောက်နဲ့ ယောကျ်ားလေး သုံး ယောက်ပါ"

သူတို့အထဲရောက်သည်နှင့် အဒေါ်ကြီးက တံခါးပြန်ပိတ်လိုက် သည်။ အချိန်က ငါးနာရီခွဲခန့် အပြင်မှာ မမှောင်သေးသော်လည်း အိမ်အတွင်းမှာ မီးမရှိသဖြင့် အနည်းငယ်မှောင်သွားသည်။

မှန်ပြတင်းပေါက်များရှိ၍ အိမ်ကြီးအတွင်း ရှင်းရှင်းလင်းလင်း မြင်နိုင်သေးသည်။


www.burmeseclassic.com

www.burmeseclassic.com


ယောက်ျားကြီးက စကားစလိုက်သည်။

"ဟိုအခန်းမှာ မိန်းကလေးနှစ်ယောက်နေ ဒီအခန်းမှာ မင်းတို့သုံးယောက်နေ အခန်းထဲမှာ စောင်တွေ၊ ခေါင်းအုံးတွေ ထည့်ထားတဲ့ ဗီရိုတွေရှိတယ်၊ လိုသလောက်ယူထုတ်ပြီးသုံး။

ငါတူတို့ကို တစ်ခုတော့ သတိပေးထားမယ်၊ အပေါ်ထပ်ကို လုံးဝမတက်ဖို့ရယ်၊ သော့ခတ်ထားတဲ့ အခန်းတွေ၊ ပိတ်ထားတဲ့ အခန်းတွေကို သွားမစပ်စုမိဖို့တော့ သတိပေးထားပါရစေ။

ဒီကတည့်တည့်ဝင်သွားရင် ထမင်းစားခန်း၊ ရေချိုးခန်း၊ ရေအိမ် တစ်ဆက်တည်းရှိတယ်။ အိမ်သာအသုံးပြုဖို့ ဒီအတိုင်း အဝင်အထွက် လုပ်ကြ။

မီးကတော့ လျှပ်စစ်မီးလည်း မရှိဘူး၊ မီးစက်လည်း မရှိဘူး၊ ဖယောင်းတိုင်မီးပဲ သုံးတယ်။ မင်းတို့အခန်းမှာ မီးခြစ်နဲ့ ဖယောင်းတိုင် တစ်ထုပ်စီရှိတယ်။ ဒီညအတွက် တစ်ညကို တစ်ခန်း ဖယောင်းတိုင်သုံးတိုင်ထက် ပိုမသုံးမိပါစေနဲ့။

မင်းတို့က ဧည့်သည်အဖြစ် ရောက်လာတဲ့အတွက် ငါ့ရဲ့ မိန်းမက မင်းတို့ညစာအတွက် ချက်ပြုတ်ကျွေးခဲ့လိမ့်မယ်။ အသားဟင်းတော့ တို့အိမ်က မစားဘူး။ အသီးအနှံနဲ့ ပဲဟင်းချက်ကျွေး လိမ့်မယ်။


www.burmeseclassic.com

www.burmeseclassic.com

ငါတို့က ချစ်တီးမျိုးဆက်တွေ ဖြစ်တဲ့အတွက် ရာသက်ပန် သက်သတ်လွတ် စားခဲ့ကြတယ်"

"ဟုတ်ကဲ့ရပါတယ် ဦးလေး"

"အခုလို တည်းခိုခွင့်ပြုတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"

"ကိစ္စမရှိပါဘူးကွယ်၊ မင်းတို့နေရမယ့် အခန်းထဲဝင်ပြီး ရှင်းကြလင်းကြ၊ ရေချိုးချင် ရေချိုးလို့ရတယ်၊ အိမ်သာဘေးကပ် ရက်မှာ အုတ်ရေကန်ရှိတယ်။

အုတ်ရေကန်ဘေးမှာ အုတ်ရေတွင်းရှိတယ်။ ရေက သိပ် မနက်တော့ ပင်ပင်ပန်းပန်း ခပ်ထည့်စရာမလိုဘူး၊ ရေချိုးချင်ရင် ရေခပ်ထည့်ပြီးမှချိုး စိတ်ကြိုက်ချိုး"

"ဟုတ်ကဲ့ ... ကျွန်တော်တို့ ခပ်ချိုးပါ့မယ်"

ဦးလေးကြီးက အခန်းတစ်ခန်းထဲ ဝင်သွားသည်။

အဒေါ်ကြီးက မီးဖိုအတွင်း ဝင်သွားသည်။

ထမင်းဟင်းချက်ရန် ဝင်သွားခြင်းလည်း ဖြစ်နိုင်သည်။

မိန်းကလေးနှစ်ယောက်က သူတို့ကို နေခွင့်ပြုထားသော အခန်းတွင်း ဝင်သွားသလို တင်အေးတို့သုံးယောက်လည်း အခန်းထဲ ဝင်လာကြသည်။ အဝတ်အစားများလဲပြီး ရေချိုးရန် တိုင်ပင်ကြ ကာ ...

www.burmeseclassic.com

www.burmeseclassic.com


"မြမြစမ်း ငါတို့ရေသွားချိုးနှင့်မယ်။ အခုတက်ကန်ထဲ နင်တို့အတွက် ရေခပ်ထည့်ပေးထားမယ်၊ ငါတို့ပြီးမှ နင်တို့သွားချိုးကြ"

ကျော်လှက မြမြစမ်းတို့ အခန်းဝမှ အသံပြုပြီး ရေချိုးရန်ထွက်လာခဲ့ကြသည်။

မီးဖိုခန်းမှာ အဒေါ်ကြီး ထမင်းဟင်းချက်ပြုတ်နေသည်ကိုတွေ့ရသည်။

ရေချိုးပြီး ပြန်လာတော့ မြမြစမ်းတို့ ရေသွားချိုးကြသည်။ ညစာကို ခြောက်နာရီခွဲကျော်မှ စားကြရသည်။ ကုလားပဲဟင်းနှင့် ရေတ်သီး ဆားထောင်း ပဲသီးပြုတ်တို့စရာနှင့် မြိန်ယှက်စွာ စားသောက်လိုက်ကြသည်။

ထမင်းစားနေစဉ် အိမ်ရှင်အဒေါ်ကြီးက အနီးမှာရပ်ပြီး လိုအပ်သမျှ ထည့်ပေးကြသည်။

ထိုစဉ် စားသောက်ပြီး အခန်းသို့ ပြန်ခဲ့ကြသည်။

မြမြစမ်းက အခန်းထဲရောက်သောအခါ အိုက်စပ်စပ်ရှိနေသဖြင့် အခန်းပြတင်းပေါက်ကို ဖွင့်လိုက်ပြီး အိပ်ရာပေါ်လှဲအိပ်လိုက်သည်။

အပြင်မှာ အမှောင်ထုက တဖြည်းဖြည်း ပိုလာသော်လည်း လဆန်းရှစ်ရက် လကဝန်းကျင်ကို အလင်းရောင်ဖျော့ဖျော့ ဖြန့်ပေးနေသည့်အတွက် အနီးဝန်းကျင် မှုန်ဝါးဝါးမြင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



တင်ဇာကျော်က အိပ်ရာပေါ်မလှဲသေးဘဲ ပြတင်းတံခါးမှနေပြီး အပြင်လေကို ရှူရှိုက်ကာ ညအလှကို ခံစားနေသည်။

"ဟင်"

"ဘာပါလိမ့်"

ခြံထဲမှာ အုတ်ဂူလေးငါးခြောက်လုံးတွေ့လိုက်သည်။

"ဟင် ဒီအိမ်ကြီးမှာ သေခဲ့သမျှ လူတွေကို ဒီခြံထဲမှာပဲ မြှုပ်ထားတာလားမသိဘူး"

"မြမြ"

"ဘာလဲ ... ဘာတွေ့လို့လဲ"

"လာ ... ဒီနားကို ခဏထလာဦး"

မြမြစန်းက အိပ်ရာပေါ်လှဲနေရာက တင်ဇာကျော်နားသို့ ထလာသည်။

"ဟိုမှာကြည့်လိုက်စမ်း"

"ဟို"

"ကြောက်စရာကောင်းလိုက်တာ"

"ဟုတ်တယ် ... ခြံထဲမှာ ဂူတွေလုပ်ပြီး လူတွေကို မြှုပ်နှံထားတယ်"

"လာလာ ... ပြတင်းတံခါးပိတ်လိုက်ရအောင်"

www.burmeseclassic.com

www.burmeseclassic.com


မြမြစန်းက တံခါးဂိတ်ပြီး ကုတင်ပေါ် တက်ထိုင်လိုက်သည်။

"ဒီညတစ်ညတော့ သည်းခံပြီး အိပ်လိုက်ကြတာပေါ့"

ကျော်လှတို့လည်း ဖယောင်းတိုင်ထွန်းပြီး စကားထိုင်ပြော နေကြသည်။

"ဟို အပေါ်ထပ်ကို ဘာကြောင့် မတက်ရတာလဲ မသိဘူး။ ငါတက်ပြီး ကြည့်ချင်လိုက်တာ"

"အိမ်ရှင်က မတက်နဲ့ဆို မတက်နဲ့ပေါ့။ ဧည့်သည်ဆိုတာ အိမ်ရှင်မကြိုက်တာ မလုပ်ရဘူးလေ"

"ကဲ ... ဒါဖြင့် ဒီအခန်းထဲမှာပဲ နေကြတာပေါ့"

"ဖယောင်းတိုင်က သုံးတိုင်ပဲဆိုတော့ တစ်တိုင်ကို တစ်နာရီ ခွဲလောက်ကြာမယ်ထင်တယ်၊ နှစ်တိုင်ထွန်းပြီး တစ်တိုင်တော့ လိုရမယ်ရ အရေးအကြောင်းရှိရင် ထွန်းရအောင်ထားတာပေါ့"

သို့ဖြင့် အခန်းနှစ်ခန်းလုံး စကားသံတိုးတိုးပြောဆိုနေကြကာ ကုတင်ပေါ် တုံးလုံးလှဲနေလိုက်ကြတော့သည်။

❖ ❖ ❖

အချိန်က ညဆယ်နာရီခန့်ရှိပြီ။

ကျော်တင့်၊ တင်အေး၊ စံညွန့်တို့သုံးယောက် ခြေထောက်နင်းပြီး

www.burmeseclassic.com

www.burmeseclassic.com


အပေါ်ထပ်သို့ တက်လာခဲ့ကြသည်။

သူတို့ခရီးထွက်လာစဉ်က ဓာတ်မီးတစ်လက် ပါခဲ့သည့်အတွက် ယခုအချိန် အသုံးဝင်လှသည်။

ဓာတ်မီးအပြင် ဖယောင်းတိုင်နှင့် မီးခြစ်ကိုလည်း ဆောင်လာခဲ့သေးသည်။

"ကွီ"

"ဟိုက်"

"ခြေကို ဖော့ပြီး နင်းကွ"

လှေကားများက စရွေးချောင်နေသဖြင့် နင်းလိုက်တိုင်း အသံထွက်ချင်နေသည်။

သူတို့သုံးယောက် အပေါ်ထပ်သို့ရောက်သွားသည်။ အပေါ်ထပ်မှာ ဧည့်ခန်းဘေး အိပ်ခန်းသုံးခန်းတွေ့သည်။

အပေါ်ထပ်ရောက်သည့်တိုင် မီးမထွန်းဖြစ်သေး။ သုံးယောက်သား ပူးပူးကပ်ကပ်ရှိနေသည်။

ရှပ် ... ရှပ် ... ရှပ် ...

သူတို့နှင့် မလှမ်းမကမ်းမှ ခြေသံလိုလို အသံကို အတိုင်းသား ကြားလိုက်သည်။

ရှိုး ... ရှစ် ... ရွှစ် ... ရှိုး ...

www.burmeseclassic.com

www.burmeseclassic.com


အရောဝတ္ထုတစ်ခုခု လေးလေးပင်ပင် ပွတ်ဆွဲသံလိုလို ထပ်ကြား လိုက်သည်။

"မင်းကြားလိုက်လား"

"အေး ... ကြားတယ်"

"မင်းက ဟိုဘက်အခန်းဖွင့်ကြည့်။ ငါက ဒီအခန်း ဖွင့် ကြည့်မယ်"

"အခန်းဝရောက်ရင် ပယောင်းတိုင်ထွန်းလိုက်"

ကျော်လှက စံညွန့်အား ရှေ့အခန်းသို့ သွားခိုင်းလိုက်သည်။

ကျော်လှ တံခါးဖွင့်ရန် တံခါးဝနား ရပ်လိုက်စဉ် ခြေထောက်မှာ စေးကပ်ကပ် အထိအတွေ့ကြောင့် ဓာတ်မီးနှင့် ထိုးကြည့်လိုက် သည်။

"ဟင် ... သွေးတွေ"

တံခါးကို ထိတ်ထိတ်လန့်လန့်နှင့် ဖွင့်လိုက်သည်။ ဓာတ်မီး ရောင်အောက်မှာ တွေ့လိုက်ရသည်က ...

တံခါးဖွင့်ပေးသော အဖိုးကြီးက လူတစ်ယောက်ကို ဓားနှင့် အပိုင်းပိုင်း ခုတ်ထစ်နေသည်။

"ဟာ ... အိမ်ရှင်အဖိုးကြီး လူသတ်နေတာပါလား"

"ဒုန်း"


www.burmeseclassic.com

www.burmeseclassic.com

"အား"

တစ်ဖက်အခန်းဖွင့်ကြည့်နေသော စံညွန့်အော်သံကြောင့် တံခါးကိုပိတ်ပြီး အသံကြားရာသို့ ထွက်လာလိုက်သည်။

"ဘာ ... ဘာဖြစ်တာလဲ စံညွန့်"

"တင်အေး မင်းတို့ဘာတွေ့လို့လဲ"

"အခန်းထဲမှာ ... လူတစ်ယောက် ကြိုးဆွဲချသေနေတယ်။ အမျိုးသမီးကြီးလို့ထင်တယ်"

"ဟာ ... ပြဿနာပဲ"

"ငါကြည့်မိတဲ့အခန်းမှာ အိမ်ရှင် ဦးလေးကြီးက လူတစ်ယောက်ကို ဓားနဲ့ခုတ်ထစ်သတ်နေတယ်"

"ဟာ ... ဘယ်လိုတွေများဖြစ်ကုန်တာလဲ"

"လာကွာ တို့အမှုမပတ်ခင် အောက်ကိုဆင်းကြမယ်"

"နေဦး ဆွဲကြိုးချသေနေတဲ့အလောင်းကို ကြည့်ရအောင် တို့ကို ထမင်းချက်ကျွေးတဲ့ အဒေါ်ကြီးလားလို့"

ကျော်လှက ရှေ့တံခါးနားကပ်သွားစဉ် တင်အေးနှင့် စံညွန့်တို့က နောက်ကကပ်ပြီး လိုက်ခဲ့သည်။

တံခါးဖွင့်ပြီး ... အခန်းထဲဓာတ်မီးနှင့် ဝေ့ဝိုက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


အထဲမှာ ဘာမှမရှိ။ အခန်းက ဟောင်းလောင်းကြီး။

"ဟင် မင်းတို့ပြောတဲ့ ကြိုးတန်းလန်းနဲ့လူလည်း မတွေ့ပါလား"

"ဘယ်လိုဖြစ်တာလဲ၊ ငါတို့နှစ်ယောက်လုံး သေသေချာချာ မြင်လိုက်တာ"

"ဒါဆို ကျော်လှ မင်းမြင်တဲ့အခန်းကို သွားကြည့်ကြမလား"

"အဖိုးကြီး ငါတို့ကို ဓားနဲ့လိုက်ခုတ်ရင် ဘယ်လိုလုပ်မလဲ"

"တို့က သုံးယောက်ပဲ သူရန်ပြုမယ်ဆိုရင် ဝင်လုံးကြတာပေါ့"

"ကဲလာ ... သေချာအောင် သွားကြည့်ကြမယ်"

ကျော်လှက အနီးကပ်သွားပြီး တံခါးဖွင့်ရန် လက်လှမ်းလိုက်စဉ် ...

"ကျွီ"

"ဟင်"

တံခါးက သူ့အလိုလို ပွင့်သွားသည်နှင့် ခေတ်မီးထိုးကြည့်လိုက်ရာ အခန်းထဲမှာ ဘာမှမရှိ။

"ငါ ... သေသေချာချာကို မြင်လိုက်တာ"

"ဒါဆို ... ငါတို့သရဲအခြောက်ခံနေရပြီထင်တယ်"

"ပြန်ဆင်းကြမယ်"


www.burmeseclassic.com

www.burmeseclassic.com

"ခေါင်းရင်းဘက်မှာ တစ်ခန်းကျန်သေးတယ်။ သွားကြည့်ဦးမလား"

"မကြည့်တော့ပါဘူး အောက်ပြန်ဆင်းကြမယ်"

"လှေကားကို သေသေချာချာနင်း"

သူတို့ လှေကားထိပ်အရောက်မှာပဲ ...

"ဟီး ... ဟီး ..."

"ဟီး ... ဟီး ... ဟီး"

ညည်းသံကြီးလိုလို ... ငိုသံလိုလို ခေါင်းရင်းဘက်အခန်းက ထွက်လာသည်။

"ရှပ် ... ရှပ် ... ရှပ် ..."

ငိုညည်းသံကြီး ကြားလိုက်ရ၍ အားလုံးရပ်ပြီး နားစွင့်နေစဉ် အနီးမှ လမ်းလျှောက်သံ ကြားလိုက်ရပြန်သည်။

စံညွန့်က ဓာတ်မီးနှင့် လှမ်းထိုးလိုက်သည်။

ဘာမှမတွေ့ အသံရပ်သွားသည်။

"တော်ပြီကွာ၊ အောက်ဆင်းတော့မယ်။ တို့ကို သရဲခြောက်နေတာပဲ"

"ဒုန်း ... ဒုန်း"

"အမယ်လေး"


www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ် အခန်းထဲမှ မြမြစန်းတို့ ပြေးထွက်လာသည်။

"တဲ့ ... ဘာဖြစ်တာလဲ"

"ငါတို့ အိပ်ပျော်မယ်ရှိသေးတယ် ... ခြေထောက်တွေကို လာဆွဲလို့"

"ငါက အဆွဲပဲခံရတာ ... တင်ဇာဆို ကုတင်အောက်ကို ပြုတ်ကျသွားတယ်" -

"နင်တို့ အပေါ်ထပ်ကို ဘာတက်လုပ်တာလဲ"

"တိုးတိုးမေးပါဟ ... အပေါ်ထပ်မှာ လျှို့ဝှက်ချက်ရှိလား၊ သိချင်လို့ တက်ကြည့်တာ"

"ဘာတွေ့လဲ"

"လျှို့ဝှက်ချက်တော့ မရှိဘူး သရဲတွေတော့ရှိတယ်"

"လာ ငါတို့အခန်းထဲလိုက်ခဲ့"

"ဘာလုပ်မလို့လဲ"

"ပြစရာရှိလို့"

"မိန်းကလေးတွေက ပြမယ်ဆိုတော့ နည်းနည်း စိတ်ဝင်စားတယ်"

"သေနာတွေ မဟုတ်ကဟုတ်က လျှောက်ပြောမနေနဲ့"

"လာကြ ... ခြံထဲမှာ ဘာတွေရှိလဲ ပြမလို့"


www.burmeseclassic.com

www.burmeseclassic.com


မြမြစန်းက ပြတင်းတံခါးဖွင့်လိုက်သည်။

ညဆယ်နာရီခန့် လကခေါင်းပေါ်တည့်တည့် ရောက်နေသဖြင့် အလင်းက တိုက်ရိုက်ကျနေသည်။

"အဲဒါဘာတွေလဲ အုတ်ဂူတွေလား"

"ဟုတ်တယ် ... မိသားစုတွေသေပြီး ခြံထဲမှာပဲ ဂူသွင်း ထားတာ"

"သွားကြည့်မလား"

တင်အေးက စကားစသည်။

"မကြည့်ရဲပါဘူးကွာ ... အိမ်ထဲမှာနေတာတောင် သရဲ အခြောက်ခံနေရတာ၊ ခြံထဲမှာက ဂူတွေနဲ့ ဒီမိသားစုရဲ့ မကျွတ် မလွတ်တဲ့ သရဲတစ္ဆေတွေ ရှိနေနိုင်တာ မဆန်းဘူး"

"ဘာဖြစ်လို့လဲ မင်းစကားက"

"ဒီခြံကြီးက သင်္ချိုင်းအသေးစားလေးလို ဖြစ်နေတာ မဟုတ် လား။ ဒီမှာသေတဲ့လူတွေရဲ့ ဝိညာဉ်တွေ၊ ဒီအိမ်နဲ့ ဒီခြံကြီးမှာပဲ ရှိမှာပေါ့"

"ဟုတ်တယ်နော်၊ ဘာကြောင့်များ လူသေတွေကို သင်္ချိုင်း မပို့ဘဲ ခြံထဲမှာ ဂူသွင်းထားရတာလဲ။ စဉ်းစားလိုက်တိုင်း အံ့သြ ယားစရာကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com


"ငါတော့ ဒီအခန်းထဲမှာ မအိပ်ရဲဘူး၊ သရဲက သိသိသာသာကြီး ခြေထောက်ကို ဆွဲချတာ"

"ဟုတ်တယ် လက်ကြီးက အေးစက်နေတာပဲ"

"အဲဆို ငါတို့အခန်းမှာလာအိပ်၊ နင်တို့မိန်းကလေးနှစ်ယောက်က ကုတင်ပေါ်မှာအိပ် ငါတို့က ကြမ်းပြင်မှာအိပ်မယ်"

"ငရဲကြီးနေပါ့မယ်"

"အဲဒီလိုမအိပ်ရင် နင်တို့နှစ်ယောက် ငါတို့အခန်းမှာအိပ် ငါတို့ ဒီအခန်းမှာအိပ်မယ်"

"နင်တို့အခန်းမှာလည်း မအိပ်ရဲဘူး"

"ငါလည်း ဒီအခန်းမှာ မအိပ်ရဲဘူး၊ တော်ကြာအိပ်နေတုန်း ခြေထောက်လာဆွဲတာသိရင် ငါအသက်ထွက်မှာကွ"

"တင်အေးတို့ကတော့ ဗန္ဓုလသွေးအပြည့်ပါတယ်"

"အဲ့နေဦး ဒီအိမ်ရှင် အဖိုးကြီးနဲ့ အဖွားကြီး ဘယ်အခန်းမှာအိပ်ကြတာလဲ၊ တို့ထမင်းကျွေးပြီးကတည်းက ပျောက်သွားတယ်။ ဘယ်မသင်္ကာချင်ဘူး"

"သူတို့နှစ်ယောက်ကရော ... လူအစစ်မှ ဟုတ်ရဲ့လား"

"လူဟုတ်လို့ ငါတို့ကို ထမင်းချက်ကျွေးတာပေါ့"

မင်းတွေ့ခဲ့တဲ့သရဲက သူတို့အယောင်ဆောင်ပြီး ခြေထောက်လှန့်



www.burmeseclassic.com

www.burmeseclassic.com



တာလားမှ မသိတာ"

"ငါလည်း မစဉ်းစားတတ်တော့ဘူး"

"ဝုန်း ... ဒုန်း ... ဒုန်း ..."

"ဟာ ဟိုရှေ့က အခန်းထဲကအသံပဲ တိတ်တိတ်နေ နားထောင်ကြည့်ထား"

ဝုန်း ... ဝုန်း ... ဝုန်း ...

အပြင်တံခါးကို တွန်းဖွင့်နေသံကြားရသည်။

ဝုန်း ... ဝုန်း ...

"အဲဒီအခန်းထဲမှာ လူရှိတယ်နဲ့တူတယ်"

"လာ အပြင်ထွက်ပြီး အခြေအနေ ကြည့်ရအောင်။ ဒီလောက် ဝုန်းဒိုင်းကျဲနေတဲ့အသံကို အိမ်ရှင်တွေ ကြားနိုင်တယ်"

ဝုန်း ... ဒုန်း ... ဝုန်း ...

ဖံခါးကို မဖွင့်ပေးမချင်း တွန်းဖွင့်နေသံကို ကျယ်လောင်စွာ ကြားရသည်။

"လာကွာ အပြင်က တံခါးပိတ်ထားလို့ အတွင်းက ဖွင့်မရ ဖြစ်နေတာနဲ့တူတယ် သွားဖွင့်ပေးကြမယ်"

"မလုပ်နဲ့ အိမ်ရှင်အဖိုးကြီးက ပိတ်ထားတဲ့အခန်းတွေကို မစပ်စုရဘူးလို့ ပြောတာ မကြားလိုက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com


"ဟင် ... ဘယ်လိုပြောရမယ်မှန်း မသိတော့ဘူး၊ လာကွာ အနားသွားပြီး အကဲခတ်ကြမယ်"

သူတို့ငါးယောက် ဆူညံနေသော အခန်းရှေ့သို့ ရောက်သွားသည်။

"ဝုန်း ... ဝုန်း ..."

"တံခါးဖွင့် ... တံခါးဖွင့်"

"ဘယ်လိုလဲ ဖွင့်ပေးရမလား"

"ဖွင့်လိုက်ကွာ"

"သော့မှ မရှိဘဲ"

"မီးပိုအခန်းထဲမှာ ကလန့်ပြီး ဖွင့်လို့ရမယ့်ပစ္စည်း သွားရှာကြမယ်"

ဓာတ်မီးယူပြီး စံညွှန့်နှင့်တင်အေးတို့ ထွက်သွားကြသည်။

ကျော်လှနှင့် မိန်းကလေးနှစ်ယောက် အခန်းဝမှာ ကျန်ခဲ့သည်။

မကြာခင် တစ်ပေခန့်ရှည်သော သံချောင်းတစ်ချောင်းယူပြီး ပြန်လာကြသည်။

"ဝုန်း ... ဝုန်း ... တံခါးဖွင့် ... တံခါးဖွင့်ပေး"

သော့ခလောက် ချိတ်ထဲ သံချောင်းလျှိုသွင်းပြီး ဖိချလိုက်ရာ


www.burmeseclassic.com

www.burmeseclassic.com


သော့ခလောက် ပွင့်သွားသည်။

ထို့နောက် ကျော်လှက တံခါးကို ဆွဲဖွင့်လိုက်သည်။

"ဟင်"

"ဟာ"

"ဟယ်တော့"

သူတို့ကို အထဲမှာ ဖွင့်ခိုင်းနေသူလည်းမရှိ၊ ဘာဆိုဘာမှမရှိ အခန်းဟောင်းလောင်းကြီး။

"စောဟောက့ပဲ အခန်းကို အသည်းအသန် ဖွင့်ခိုင်းပြီး အခု ဘယ်သူမှလည်း မရှိဘူး"

"ဘယ်လိုတွေလဲကွာ"

သူတို့ အခန်းဘက် ပြန်လှည့်လိုက်စဉ်

"ကျွိ"

ဘယ်သူမှမရှိသော အခန်းတံခါးက ပြန်ပိတ်သွားသည်ကို တွေ့လိုက်သည်။

"လာကွာ ... ကိုယ့်အခန်းကိုယ်ပြန်နေတော့မယ်၊ ဘယ် အခန်းက အသံကြားကြား ထွက်မကြည့်တော့ဘူးကွာ"

သူတို့ငါးယောက် အခန်းသို့ ပြန်လာခဲ့သည်။

"ဟာ ... ဘယ်လိုဖြစ်ပြန်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com


သူတို့အခန်းက ဖွင့်မရ။

"အထဲကတစ်ယောက်ယောက် ပိတ်လိုက်တာပဲ"

"ဟိုဘက်အခန်းပွင့်နေရင် ဟိုဘက်အခန်းမှာပဲ အိပ်မယ်"

ထိုအခန်းလည်း ဖွင့်မရ၊ ဘယ်လိုတွန်းတွန်း ဖွင့်မရ။

"တို့တော့ အပြင်မှာထိုင်ပြီး မိုးလင်းရတော့မယ်နဲ့တူတယ်"

ဒုန်း ... ဂျိန်း ... ဂျိန်း ...

"ဟိး ... ဟိး ... ဟား ... ဟား ..."

အပေါ်ထပ်က အခန်းပြတင်းတံခါးတွေ ပိတ်လိုက်ဖွင့်လိုက်နှင့် တဝုန်းဝုန်း အသံတွေ ထွက်နေသည်။

တစ်အိမ်လုံး ပြိုကျတော့မယောင် တုန်ခါနေသည်။

"အမယ်လေး အပေါ်ထပ်မှာ သရဲကြီး မျက်လုံးကြီး ရဲနေတာပဲ"

ဝုန်း ... ဝုန်း ... ဒုန်း ... ဒုန်း ...

တံခါးများက ချက်မချထားသည့်အလား ပွင့်လိုက်ပိတ်လိုက်နှင့် အသည်းယားစရာ မြင်နေကြရသည်။

"ဘယ်လိုသရဲတွေလဲ။ ဘယ်နှစ်ကောင်တောင်ရှိနေလဲ မသိဘူး။ အိမ်ရှင်အဖွားကြီးနဲ့ အဖိုးကြီး ဒီအသံတွေကို မကြားဘူးဟား၊ သူတို့ကလည်း လူမဟုတ်ဘဲ သရဲတွေများလား"


www.burmeseclassic.com

www.burmeseclassic.com


"မဟုတ်ပါဘူးကွာ၊ လူပါ ... ထမင်းနဲ့ဟင်းမှ ချက်ကျွေးတာ အငွေ့တစ်ထောင်းထောင်းနဲ့ ဟင်းချက်ကလည်း ကောင်းမှကောင်း ကွာ"

"လာကွာ ဟုတ်မဟုတ် သေချာအောင် မီးဖိုထဲ သွားကြည့်ကြမယ်"

"စောစောက မျက်လုံးရဲရဲကြီးနဲ့ သရဲမီးဖိုထဲမှာ ရှိနေမှဖြင့်"

သူတို့ မီးဖိုထဲ ဝင်လာခဲ့သည်။

မီးဖိုထဲက မြင်ကွင်းကိုကြည့်ပြီး သူတို့အားလုံး မျက်လုံးပြူးနေသည်။

"ဟင် ... တို့ကို ထမင်းကျွေးတုန်းက အခန်းသန့်ရှင်းနေတယ်။ အခု ... အမှိုက်တွေရော ပိုးအိမ်တွေ အပြည့်ပါလား၊ လူအသုံးပြုထားတဲ့ ပုံစံမျိုးမဟုတ်ဘူး"

အိုးတွေ ပန်းကန်တွေကလည်း ချက်ထားပြုတ်ထားသည့်ဟန် မရှိ။

"ငါတို့ သရဲတွေ လှည့်စားတာ ခံလိုက်ရပြီ"

"ဘာတွေ ကျွေးလိုက်တာလဲ မသိဘူး"

"ဝေါ့"

"ဝေါ့"


www.burmeseclassic.com

www.burmeseclassic.com


မြမြစန်းနှင့် တင်ဇာသော်တို့က မသတိစိတ်ဖြင့် ဗိုက်အနံ့တက်လာသဖြင့် တဝေါဝေါဖြစ်နေသည်။

"ငါတို့ငါးယောက်လုံး စားလိုက်တာပဲ။ တစ်ခုခုဖြစ်ရင် ငါးယောက်လုံးဖြစ်မှာပဲ ... နေပါစေတော့ အပြင်ထွက်ကြမယ်"

"မြို့ထဲ ဆင်းနေကြမလား"

"ဟာ မြို့ထဲလည်း မဆင်းရဲပါဘူး၊ အုတ်ဂူတွေနဲ့"

"ဒါဆို တို့ကားပေါ်မှာ သွားပြန်အိပ်ကြမယ်"

"ဘယ်ဖြစ်မလဲ ငါတို့အဝတ်အစားအိတ်တွေက အခန်းထဲမှာ ရှိသေးတယ်။ လာ ... အခန်းသွားဖွင့်ကြည့်ဦးမယ်"

သူတို့အခန်းကို ဖွင့်ကြည့်လိုက်သည်။

"ဟင်"

တံခါးက အလွယ်တကူ ပွင့်သွားသည်။

"ဘယ်လိုဖြစ်တာလဲ၊ စောစောကတော့ ဖွင့်မရဘူး။ ဒါဆို ဟိုဘက်အခန်းကို ဖွင့်ကြည့်ဦးမယ်"

"ဟာ ဒီအခန်းက ဖွင့်မရဘူး"

တစ်ယောက်ပြီးတစ်ယောက် ဆွဲဖွင့်သည်။ လုံးဝမရ။

"ကဲ ... ဒါဆို ဟိုဘက်အခန်းပြန်ပြီး အားလုံးစုအိပ်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com


"ကဲ ... ဘယ်အခန်းမှ စပ်စုမနေကြနဲ့တော့၊ ဒီအခန်းမှာပဲ စုပြီးအိပ်ကြမယ်"

"ဒီအခန်းကတော့ အလွယ်တကူ ဖွင့်လို့ရတယ်။ ငါတို့ကို နှစ်ခန်းပေးမအိပ်ချင်လို့ ဒီအခန်းပဲ ဖွင့်ပေးတာလား မသိဘူး"

သူတို့ငါးယောက် အခန်းထဲဝင်ပြီး ထိုင်နေကြသည်။ အိပ်ရန် မစဉ်းစားဝံ့သေး။ အိပ်နေစဉ် သရဲခြေထောက်ဆွဲမှာ ကြောက်နေသလို အပြင်က ခြောက်လှန့်သံများ ကြားရမှာကို စိုးမိသည်။

အချိန်က ညဆယ့်နှစ်နာရီကျော်ပြီ။

ဖယောင်းတိုင်က တစ်တိုင်ပဲ ထွန်းခွင့်ရှိတော့သည်။

"အိပ်ကြမလား၊ ဖယောင်းတိုင်တစ်တိုင်ပဲ ကျန်တော့တယ်"

"လိုရမယ်ရ ထားဦးမှ"

"နှစ်ခန်းကို ခြောက်တိုင်ထွန်းခွင့်ပြုထားတာ ဟိုဘက်မှာ နှစ်တိုင်ကျန်သေးတယ်၊ မနက်မှ နှစ်တိုင်အစား ပြန်ထည့်ထားမယ်။ ခြောက်တိုင်ပြည့်အောင် ထွန်းကြမယ်"

"ပြဿနာဖြစ်လို့ကတော့ နင့်ကိုလွှဲချမယ်"

"အိပ်ချင်တဲ့လူ အိပ်ကြလေ ... နင်တို့နှစ်ယောက်ကတော့ ကုတင်ပေါ်မှာအိပ်ကြ၊ ငါတို့ ထိုင်စကားပြောနေဦးမယ်"

ရှပ် ... ရှပ် ...


www.burmeseclassic.com

www.burmeseclassic.com


ရှပ် ... ရှပ် ... ရှပ် ...

သူတို့အခန်းတွင်းမှာ စကားသံတိတ်ဆိတ်သွားသည်နှင့် တစ်ပြိုင်နက် အပြင်က လမ်းလျှောက်သံကို အတိုင်းသားကြားလာရသည်။

ဒေါက် ... ဒေါက် ... ဒေါက် ...

ဒေါက် ... ဒေါက် ... ဒေါက် ...

သူတို့အခန်းတံခါးကို လာခေါက်သည့်အသံ ကြားလိုက်သည်။

"မ ... မဖွင့်နဲ့ သရဲလာခေါက်တာဖြစ်မယ်"

"ကလေးတို့ ... ကလေးတို့ ... တံခါးဖွင့်ပါဦး"

"တင် ... တို့ကို ထမင်းချက်ကျွေးတဲ့ အဒေါ်ကြီးရဲ့အသံပဲ"

"မဖွင့်နဲ့။ သရဲက အဒေါ်ကြီးအယောင်ဆောင်ပြီး ရောက်လာတာဖြစ်မယ်၊ ဒါမှမဟုတ် အဲဒီအဒေါ်ကြီးကလည်း သရဲပဲဖြစ်မယ်"

"ကလေးတို့ တံခါးခဏဖွင့်ပါ။ ဒေါ်ကြီးက ထမင်းကျွေးပြီး ကတည်းက အခန်းထဲမှာ အိပ်ပျော်သွားတာ၊ အခုမှ တစ်ရေးနိုးလို့ ဒို့တူနဲ့ တူမတို့ဆီ လာခဲ့တာ"

"ဖွင့်ပေးလိုက်မယ်"

တင်အေးက ထပြီး ဖွင့်ပေးလိုက်သည်။

သူတို့ထင်သည့်အတိုင်း ထမင်းချက်ကျွေးသည့် အဒေါ်ကြီးဖြစ်နေကြောင်း သိရသည်။


www.burmeseclassic.com

www.burmeseclassic.com



"လာ အဒေါ် ကုတင်ပေါ်မှာထိုင်"

အားလုံး အောက်သို့ဆင်းထိုင်လိုက်ပြီး အဒေါ်ကြီးအား ကုတင်ပေါ် ထိုင်စေလိုက်သည်။

"အဒေါ် တစ်အိမ်လုံးလည်း သရဲတွေနဲ့ အပြည့်ပဲ၊ အဒေါ်က ဘယ်သွားနေတာလဲ"

"အဒေါ်တို့အခန်းမှာ အဒေါ်တို့ ဝင်အိပ်နေတာ"

"မင်းတို့က တစ်ခန်းစီဘာလို့ မနေတာလဲ"

"ဟိုဘက်အခန်းက ဖွင့်မရတော့လို့ ဒီတစ်ခန်းတည်း စုပြုံ အိပ်ရမှာ"

"မင်းတို့ အများတစ်ခုခု လုပ်မိလို့နေမှာ၊ အပေါ်ထပ်တွေ လျှောက်တက်နေတယ်မဟုတ်လား၊ ပိတ်ထားတဲ့ အခန်းတွေလည်း လိုက်ပြီးဖွင့်တယ်နဲ့တူတယ်။

သူ့စကား နားမထောင်လို့ မင်းတို့အခုလိုဖြစ်တာ"

"ဦးလေးကော မမြင်ပါလား"

"အဒေါ်အခန်းမှာ အိပ်ပျော်နေတယ်လေ ဘာဖြစ်လို့လဲ"

"ဟို ... ဟိုအပေါ်ထပ်က အခန်းတစ်ခုထဲမှာ ..."

"မင်းတို့သရဲအခြောက်ခံရပြီမဟုတ်လား ... သရဲဆိုတာ ပုံစံအမျိုးမျိုးနဲ့ ဖန်ဆင်းခြောက်လှန့်နိုင်တယ် ... အပေါ်ထပ်က

www.burmeseclassic.com

www.burmeseclassic.com


သရဲအခြောက်ကြမ်းလို့ မသွားနဲ့လို့ တားထားကာမှ သွားဖြစ်အောင် သွားကြတယ်"

"ဒီသရဲတွေက ဒီအိမ်ကြီးက မိသားစုတွေလား"

"အေး ... ဟုတ်တယ် ... လောဘဒေါသတွေကြောင့် သရဲဖြစ်နေကြတာ ... ပစ္စည်းတပ်မက်တဲ့စိတ်ကြောင့် မကျွတ်မလွတ်သေးတာ"

"အဒေါ် ဒီအိမ်ကြီးအကြောင်းနဲ့ ဒီမိသားစုကြီးအကြောင်း ပြောပြပါလား"

"အင်း သိချင်ရင် ပြောပြရတာပေါ့ ... ဒီအိမ်ပိုင်ရှင်က ချစ်တီးသူဌေးဇာစ်ယောက်ပဲ။ အင်္ဂလိပ်အုပ်စိုးစဉ်က ဒီနယ်တစ်ဝိုက်မှာ ငွေတိုးပေးစားရင်း၊ ဂျပန်ခေတ်ပါ ကျော်ဖြတ်ခဲ့တယ်။ လွတ်လပ်ရေး ရပြီးခေတ်အထိ ရွာသူရွာသားတွေအပေါ် အမြတ်ကြီးစား ငွေတိုး ပေးခဲ့လို့ ကျိကျိတက်ချမ်းသာခဲ့တယ်။ ဒီရွာမှာ အခြေချပြီး ဒီအိမ် ကြီးကို ဆောက်ခဲ့တယ်။

၁၉၇၀ ခုနှစ်ခန့်မှာ သူသေဆုံးသွားတယ်။ လွန်ခဲ့တဲ့ အနှစ် သုံးဆယ်ခန့်က ရွာမှာ ကပ်ရောဂါဖြစ်လို့ တစ်ရွာလုံး ပြောင်းပြေး ကြပေမယ့်၊ ဒီအိမ်ကြီးကို တပ်မက်ပြီး ဘယ်ကိုမှ ပြေးဖို့ စိတ်မကူးကြဘူး။ ချစ်တီးကုလားကြီး သေဆုံးသွားပေမယ့် သူ

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်တဲ့ ရွှေငွေရတနာတွေ၊ ဘယ်မှာသိမ်းခဲ့မှန်းမသိလို့ ဘယ်သူမှ မရခဲ့ကြဘူး။

ဘယ်သူ့ကိုမှ အမွေမပေးခဲ့လို့ မိသားစုတွေလည်း စည်းစည်းလုံးလုံးမရှိ၊ စိတ်ဝမ်းကွဲနေကြတယ်။

ချစ်တီးကြီးယူထားတာက ဗမာအမျိုးသမီး။ သူနဲ့ ... သားသုံးယောက်၊ သမီးနှစ်ယောက် မွေးခဲ့တယ်။

သမီးတစ်ယောက်က အိမ်ထောင်မကျဘဲ သေဆုံးသွားခဲ့တယ်၊

သားသုံးယောက်၊ သမီးတစ်ယောက်တို့ အိမ်ထောင်အသီးသီး ကျကုန်ပေမယ့် ဒီအိမ်ကြီးမှာပဲ အားလုံးနေထိုင်ခဲ့ကြတယ်။

ချစ်တီးကြီးအပါအဝင် ဒီအိမ်ကြီးက သေဆုံးသွားသူတွေ အားလုံး ဒီခြံထဲမှာ ဂူသွင်းမြှုပ်ထားကြတာ။

အဖိုးကြီးသေဆုံးပြီးတဲ့နောက်ပိုင်း အဖိုးကြီးရဲ့ ရတနာတွေ သူယူထားတယ်၊ ငါယူထားတယ်နဲ့ တစ်ဦးကိုတစ်ဦး စွပ်စွဲရင်း ရင်ထဲက မကျေနပ်မှုတွေကို မျိုသိပ်ရင်း အမှားကို စောင့်ကြည့်နေကြတယ်။

ဒီလိုနဲ့ သားသမီးတွေလည်း တစ်ယောက်နဲ့တစ်ယောက် ကြည့်မရအောင် မုန်းနေကြတယ်။ သူ့အခန်း၊ ကိုယ့်အခန်း အဆက်အဆံ မလုပ်တဲ့အထိ ဖြစ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com


နောက်တော့ ညီအစ်ကိုတွေ တစ်ဦးကိုတစ်ဦး ရှေ့ငွေ
ရမယ့်အတူတူ သူသေကိုယ်သေ အလစ်အငိုက် ချောင်းရင်း
သတ်ဖြတ်ကုန်တော့တာပဲ…။

ဒီအိမ်ကြီးက တစ်စထက်တစ်စ လူသတ်ကုန်းကြီး ဖြစ်နေတာ”

“အဒေါ်က သူတို့နဲ့ ဘာတော်လဲ။

“ချစ်တီးအဘိုးကြီးရဲ့ မြေးချွေးမပေါ့၊ အဘိုးကြီးသားအလတ်ရဲ့
သားနဲ့ အဒေါ်နဲ့ အိမ်ထောင်ကျတာ၊ အခု ဒီအိမ်မှာ အဒေါ်တို့
သင်မယားပဲ ကျန်တော့တယ်။

နာဖျားလို့သေတာက နည်းနည်း၊ တစ်ယောက်နဲ့တစ်ယောက်
သကောက်ကြံပြီး သေကုန်ကြတာ။

ဒါကြောင့် ဒီအိမ်ကြီးအတွင်းအပြင် လျှောက်မသွားနဲ့၊ မစပ်စု
နဲ့လို့ ပြောတာ။ သရဲတွေက တစ်အိမ်လုံးအပြည့်ရှိတယ်။

ကဲကဲ … အဒေါ်သွားပြန်အိပ်တော့မယ်။ မိုးလင်းတဲ့အထိ
အိပ်ကြ၊ အိမ်ထဲလျှောက်မသွားနဲ့တော့”

“ဟုတ်ကဲ့”

အဒေါ်ကြီး တံခါးဖွင့်ပြီး ထွက်သွားသည်။

“ကဲ ပြောသွားတာကြားလား၊ ဒါက အပေါ်သွားမလေး
စိတ်ကူးနေတာ၊ အပြင်မထွက်ကြနဲ့တော့တဲ့”


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဖေါလည်း အပေ့ါသွားချင်နေတယ်"

"ဒါဆို ခဏနေဦး အဖွားကြီးအိပ်လောက်တဲ့အချိန်ကြမှ သွားကြမယ်"

နာရီဝက်ခန့်ကြာတော့ အိမ်သာသို့ ထွက်ခဲ့ကြသည်။

ဓာတ်မီးကို အောက်သို့နှိမ့်ပြီးထိုးကာ လာခဲ့ကြသည်။

မြမြစန်းက မိန်းကလေး ဦးစားပေးဆိုပြီး အိမ်သာတံခါး ဖွင့်လိုက်သည်။

"အမယ်လေး ... သ ... သ ... ရဲ"

မြမြစန်း၏ ဓာတ်မီးရောင်အောက်မှာ မျက်လုံးနှစ်လုံး ပြောက်ပြက် လျှာကြီးတွဲကျလျက် အိမ်သာထောင့်မှာ ရပ်နေသော သရဲ တစ်ကောင်ကို အားလုံးတွေ့လိုက်ကြသည်။

အပေ့ါသွားချင်စိတ် ပျောက်သွားပြီး အခန်းသို့ ပြန်ပြေးလာကြသည်။

"တစ်အိမ်လုံး သရဲတွေ အပြည့်ပဲ"

"ဒုက္ခပါပဲ ... အိမ်သာဘယ်လိုတက်ရပါ့မလဲ"

"ဒီတစ်ညတော့ ကြိတ်မှိတ်ပြီး အောင့်ထားလိုက်ကြ"

သို့ဖြင့် ခဏမျှ ထိုင်နေကြပြီး မကြာခင်မှာပင် အားလုံး အိပ်ပျော်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com


မနက်ခြောက်နာရီခန့် အားလုံးနိုးလာကြသည်။ အိမ်ကြီးက တစ်ညလုံး ဖြောင်းဆန်အောင် ခြောက်လှန့်နေသော်လည်း ယခု သူမဟုတ်သည့်အလား တိတ်ဆိတ်ငြိမ်သက်နေသည်။

"ဟင် ... လာကြည့်ကြစမ်း"

"ဘာလဲ ... ဘာတွေ့လို့လဲ"

"အိမ်ကြီးရဲ့ ထူးခြားချက်ကိုတွေ့လား"

"မသိဘူး ဘာမှမထူးခြားပါဘူး"

"ဒီအိမ်ကြီးမှာ လူမနေတာ တော်တော်ကြာပြီကွ"

"ဘာတွေ့လို့လဲ ဘာကြောင့် ပြောနိုင်တာလဲ"

"ကြမ်းပြင်ကို ... ကြည့်စမ်း၊ တို့ဝင်လာတဲ့ခြေရာ၊ တို့အိမ်နောက်ဘက် သွားတဲ့ခြေရာ၊ ဟိုရှေ့က အခန်းသွားဖွင့်တဲ့ခြေရာ၊ အပေါ်ထပ်တက်ကြည့်တဲ့ခြေရာ အားလုံးအသွားအပြန် ခြေရာတွေပဲ ရှိနေတယ်။

"ဟုတ်တယ် အိမ်ကြီးကို ဖုန်အမှိုက်မရှင်းဘဲ ပစ်ထားတာ နှစ်ကြာပြီ။ ဖုန်က ထုတက်နေတယ်၊ တကယ်လို့ လူတစ်ယောက် ခဲ့ရှိ ... ဖုန်တော့ လှဲကျင်းထားမှာပဲ"

"လာ အိမ်သာနဲ့ ရေချိုးခန်း သွားကြည့်ရအောင်"

သူတို့ မီးဖိုကဖြတ်ပြီး အိမ်သာသို့ လာခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com


ထမင်းစားပွဲပေါ်မှာ ဖုန်အပြည့်။

"တို့ကို ထမင်းကျွေးတာ သရဲတွေ ဖန်ဆင်းပြီး ကျွေးတာပဲ။

အိမ်သာထဲမှာလည်း ရေမရှိ၊ အုတ်ကန်မှာလည်း ရေမရှိ၊ ညတုန်းကတော့ လိုလေသေးမရှိ အားလုံး ပြည့်စုံနေသည်။

"ကဲ ... ဒီအတိုင်းဆို ဒီအိမ်ကြီးက လူမရှိတဲ့ တစ္ဆေအိမ်ကြီး ဆိုတာ သေချာသွားပြီ"

"တို့ကားဆီ မြန်မြန်ပြန်ကြမယ်"

"တစ်ခုတော့ ကျေးဇူးတင်ရမယ်"

"ဘာကြောင့်လဲ မင်းစကားက"

"ရောက်စက သရဲမှန်းမသိဘဲ သူတို့ ဖန်ဆင်းပေးထားတဲ့ အရာတွေကို တကယ့်အစစ်အမှန်ထင်ပြီး ငါတို့အပြတ်စားပစ်လိုက် တယ်၊ ရေလည်းအဝချိုးပစ်လိုက်တယ်"

"တော်ပါကွာ မသတိရတဲ့အထဲ ပြောမယုံကြုံမှပဲ သိတော့ တယ်"

အခန်းသို့ပြန်ရောက်တော့ နှစ်ခန်းလုံး ဖွင့်၍ရသည်။

မြမြစန်းက ဖယောင်းတိုင် ပြန်ဖြည့်လိုက်သည်။

"တို့ ညက အိပ်တဲ့ ကုတင်နဲ့အခန်းကို ကြည့်ပါဦး၊ ဖုန် အလိမ်းလိမ်းနဲ့ နင်တို့၊ ငါတို့တစ်ကိုယ်လုံး ဖုန်တွေအပြည့်ပဲ"

www.burmeseclassic.com

"ရေချိုးလို့လည်း မရတော့ဘူး။ အဝတ်အစား အမြန်လဲဝတ်ပြီး အပြင်ပြန်ထွက်ကြမယ်"

ခဏနေတော့ အိမ်ပြင်သို့ ထွက်လာကြသည်။ အပြင်ရောက်မှ အိမ်ကြီးကို လှမ်းကြည့်လိုက်သည်။

အိမ်ကြီးက ပြိုတော့မည့်အလား အတော်လေး ယိုယွင်းနေပြီ။

"တို့ညီက ဒီလောက်အမြင်မဆိုးပါဘူး။ ဒီလောက်သာ အခြေအနေဆိုးတာကို မြင်လိုက်ရင် ဝင်အိပ်ရဲမှာမဟုတ်ဘူး"

ခဏအတွင်း ကားဆီသို့ ရောက်ခဲ့သည်။

ကားနားမှာ ထော်လာဂျီတစ်စီးနှင့် လူလေးယောက်ခန့် ဆင်းပြီး ကားကို လှည့်ပတ်ကြည့်နေသည်။

"ဟိတ်လူတွေ အဲဒါ ကျုပ်တို့ကားဗျ"

"မသိပါဘူး ကားတွေ့ပြီး လူမတွေ့လို့ ထူးဆန်းလို့ ကြည့်နေတာ"

"ကားဆီပြတ်ပြီး မောင်းလို့မဖြစ်တော့တာနဲ့ ဒီနောက်ဘက်က တိုက်အိမ်ကြီးမှာ သွားအိပ်ကြတာ"

"ဟင်"

"ဘာ ... ဘာ ... ပြောတယ်"

"ဘာဖြစ်လို့ အံ့သြသွားကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com


"သရဲခြောက်လွန်းလို့ အနီးနားက လူတွေ အိမ်ကြီးနား မသွားဝံ့ကြဘူး။ လူမနေတာ ငါးနှစ်လောက် ရှိပြီထင်တယ်"

"မင်းတို့ သရဲအခြောက်မခံရဘူးလား"

"အိမ်ကြီးကို လူမရှိရင် ဝင်ဖြစ်မှာမဟုတ်ဘူး။ အိမ်ရှေ့က လှမ်းခေါ်လိုက်တာနဲ့ အဖိုးကြီးနဲ့ အဖွားကြီး ပေါ်လာပြီး။ အဖွားကြီးက ပေးမတည်းဘူး၊ အဖိုးကြီးက ပေးတည်းလို့ အိမ်ပေါ် ရောက်ခဲ့တာ။ သရဲခြောက်လား မခြောက်လားတော့ မေးမနေနဲ့တော့ဗျာ ... တစ်ညလုံး ပုံစံအမျိုးမျိုးနဲ့ အခြောက်ခံရတာ မသေရုံတမယ်ပဲ၊ လူကငါးယောက်မို့လို့ တစ်ယောက်ထဲဆို ကြောက်လန့်ပြီး သေပြီ"

"အသက်နဲ့ ကိုယ်မြဲပြီး ပြန်လာတာ သရဲကို ကျေးဇူးတင်ရ မလိုဖြစ်နေပြီ ဟား ... ဟား ... ဟား ..."

"ကဲ ... ရယ်မောမနေကြနဲ့။ တို့အခက်အခဲကိုလည်း ပြောပြလိုက်ဦး"

ကျော်လှက ရွာသားများကို ပြောပြလိုက်သည်။

"ဟာ ... အတော်ပဲ ... အခု ဒီထော်လာဂျီက မြို့ကို သွားပြီး ကုန်သယ်ပြီးပြန်လာရမှာ၊ ညီလေးတို့ထဲက တစ်ယောက် လိုက်သွားပြီး လိုအပ်တာဝယ်ပေါ့"


www.burmeseclassic.com

www.burmeseclassic.com


“ကျေးဇူးပါပဲ အစ်ကိုတို့ရာ၊ ကားခလည်း ပေးပါ့မယ်”

တင်အေးက ထော်လာဂျီနှင့် လိုက်သွားသည် လိုအပ်သော စားစရာများ ရေသန့်ဘူးများ မှာလိုက်သည်။

ရွာသားများနှင့်တင်အေး ထော်လာဂျီနှင့် ပါသွားသည်။

နေ့ဆယ့်တစ်နာရီခန့် တင်အေးထော်လာဂျီနှင့် ပြန်ပါလာသည်။

ကားဆီဖြည့်ပြီး ပါလာသော စားစရာများ စားသောက်ပြီး ဗိုက်ဖြည့်လိုက်ကြသည်။

ထို့နောက် ရန်ကုန်သို့ ကားမောင်းပြီး ပြန်ခဲ့ကြသည်။

လမ်းခရီးမှာ ကြုံလိုက်ရသော ရွာပျက်ကြီးက တစ္ဆေအိမ်ကြီး အကြောင်းကိုတော့ သူတို့ငါးယောက် ဒီတစ်သက် မေ့နိုင်တော့မည် မဟုတ်ပါလေတော့။

❖ ❖ ❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com

# ရွှေကျွန်းပင်သိုက်နဲ့ ဘောဂဗလသိုက်

ဆရာကြီး ဦးကံသာနှင့် တပည့်မောင်လှဝင်းတို့ ဝိဇ္ဇာရေတောင်သို့ အဓိဋ္ဌာန်စခန်း လာဝင်နေကြသည်။

သက်သတ်လွတ်စားပြီး ၄၉ ရက် အဓိဋ္ဌာန်ဝင်ပြီးပြီ။

နောက်နေ့ပြန်ရတော့မည်။ ထိုဝိဇ္ဇာရေဂူကား အထက်လမ်းဆရာအပေါင်းတို့ အဓိဋ္ဌာန်ဝင်ကြရာ ဂူကြီးလည်းဖြစ်သည်။

"ဆရာကြီး အိပ်တော့မလား"

"မအိပ်သေးပါဘူးကွယ့် ... မောင်လှဝင်း အိပ်ချင်သာသွားပြီဆို အိပ်တော့၊ မနက်စောစော ပြန်ထွက်ကြမယ်"

ထိုသို့ပြော၍ စကားအဆုံးမှာပင်

www.burmeseclassic.com

www.burmeseclassic.com 

"အဟမ်း ... အဟမ်း ..."

ချောင်းဟန့်သံကြောင့် မောင်လှဝင်း ထိတ်လန့်သွားပြီး နောက်သို့လှမ်းကြည့်လိုက်မိသည်။

ဂူဝဆီမှ မည်းမည်းသဏ္ဌာန်နှစ်ခုကို တွေ့လိုက်သဖြင့် ...

"ဆရာကြီး ဆရာကြီး ဟို ... ဟိုမှာ မည်းမည်းကြီးတွေ အိမ်ထဲဝင်လာနေပြီ"

ကြောက်ကြောက်နှင့်အသံထွက်ပြီး ပြောလိုက်ရာ ဆရာကြီးက ရုတ်တရက် လှည့်ကြည့်လိုက်သည်။

ချက်ချင်းပင် လက်အုပ်ချီလိုက်သည်ကို တွေ့သဖြင့် မောင်လှဝင်း ဆရာကြီးကိုကြည့်ပြီး အံ့သြနေသည်။

မည်းမည်းသဏ္ဌာန်နှစ်ခုမှာ မောင်လှဝင်းတို့ရှိရာသို့ မလာဘဲ သူတို့ အမိဋ္ဌာန်ဝင်ခဲ့ရာ ဘုရားဆင်းတုတော်ရှိသည့်ဂူသို့ ရွေ့၍ သွားနေသည်။ ဆရာကြီးက လက်အုပ်ချီပြီး နောက်ကလိုက်သွားသည်။

ထို့နောက် ဆရာကြီးနှင့် ထိုပုဂ္ဂိုလ်ကြီးများ စကားအချီအချ ပြောကြသည်။

"မောင်ကံသာ လိုအပ်သော ပညာရပ်များကို ဒီတစ်ခါအပြီး လေ့လာပြီး ပြန်ပေတော့၊ သန်းခေါင်ယံအချိန်မှာ ဆရာတော်


www.burmeseclassic.com

www.burmeseclassic.com

ကြွလာလိမ့်မယ်"

"မှန်ပါ့"

"အိမ်း ကိစ္စပြီးလို့ပြန်ရင် မောင်ကံသာကို တာဝန်ပေးရမကွဲ့"

"ဟုတ်ကဲ့ ပြောပါ"

"အရိမေတ္တေယျရှင်တော်မြတ်အတွက် သက်ဆိုင်ရာပုဂ္ဂိုလ်များ ရည်စူးထားခဲ့သော ဘုရားဘဏ္ဍာတော်များ လူမသမာ မိစ္ဆာ သိုက်ဆရာတွေလက် မရောက်ရှိစေရန် လိုက်လံကာကွယ်ရမယ်"

"မှန်ပါ၊ အဘယ်သို့သွားရောက်ကာကွယ်ရမည်ကို မိန့်တော်မူပါ"

"ရွှေကျွန်းပင်သိုက်နဲ့ မဟာဗောဓိဘုရားသိုက်တွေကို သွားရောက် ကာကွယ်ရမယ်"

"ပထမဆုံး ရွှေကျွန်းပင်သိုက်ကို သွားရောက်ကာကွယ်ရမယ်၊ ရွှေကျွန်းပင်သိုက်က ဝိဇ္ဇာဓရလိုဏ်ဂူနှင့်လည်း သိပ်မဝေး တစ်ညအိပ်ခရီး ဖြစ်ပေတယ်"

"ဒီဝိဇ္ဇာဓရလိုဏ်ဂူရှိရာမှ အရှေ့မြောက်စွန်းဝယ် တည်ရှိပေသည်။

"ဒုတိယမဟာဗောဓိသိုက်ကတော့ ဒီနေရာနှင့် အလှမ်းဝေးလှသည်။ အင်းဝမြို့ဟောင်း အနော်ရဟ္မာဥပဇ္ဈာယ်အတွင်းမှာ


www.burmeseclassic.com

www.burmeseclassic.com


ရှိတယ်။ ခရီးစဉ်အညွှန်းကို မစလိုက်မယ်"

ထိုသို့ပြောပြီး တစ်ထွာခန့်ရှိသော ပေတိုလေးကို ဆရာကြီး လက်သို့ အပ်လိုက်လေသည်။

"မဟာဗောဓိသိုက်က နေရာပြောင်းပေးဖို့ မလိုဘူးကွဲ့၊ ရွှေကျွန်းပင်သိုက်ကိုတော့ နေရာပြောင်းပေးရလိမ့်မယ်ကွဲ့"

"ကောင်းလှပါပြီ၊ အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ်"

ထိုသို့ပြောပြီးသည်နှင့် အထက်ပုဂ္ဂိုလ်ကြီးနှစ်ပါး ရှေ့နောက်မှာ ရုတ်ခြည်းပျောက်ကွယ်၍ သွားကြလေတော့သတည်း။

❖ ❖ ❖

နောက်တစ်နေ့ နေထွက်စမှာပင် ဆရာတပည့်နှစ်ယောက် အဓိဋ္ဌာန်ဂူမှ ခရီးစထွက်လာခဲ့ကြသည်။

"မောင်လှဝင်း သွားသတိ လာသတိ ရှိပစေနော် .... ဆရာကြီးတို့ သွားမယ့်လမ်းက အနှောင့်အယှက်မကင်းဘူးကွဲ့။ ဒါပေမဲ့ အန္တရာယ်ရှိမှန်းသိပေမဲ့ ... မသွားလို့လည်း မဖြစ်ဘူး ဆိုတော့ တွေ့လာတဲ့ အန္တရာယ်ရင်ဆိုင်ပြီး သွားရမှာပဲ။

ဟိုဘက်တောင်ပေါ်ရောက်မှပဲ ... နားနေစားသောက်ကြ တာပေါ့"


www.burmeseclassic.com

www.burmeseclassic.com

နံနက်စောစောကပင် ခရီးထွက်လာကြသော ဆရာတပည့် အန္တရာယ်ရှိသည်ဆိုသော တောင်ပေါ်သို့ရောက်ခဲ့ပြီး တောင်ထိပ်သို့ပင် ရောက်တော့မည်။

အနှောင့်အယှက် တစ်စုံတစ်ရာမတွေ့ရသေးသဖြင့် စိတ်အေးနေမိတော့သည်။

တောင်က သိပ်မကြီးသဖြင့် မကြာခင်ဖြတ်ကျော်နိုင်မည်ထင်ကာ အေးဆေးစွာပင် လှမ်းခဲ့ကြရာ တစ်နေရာအရောက် ဆရာကြီးက ရုတ်တရက် ရပ်တန့်လိုက်သဖြင့် နောက်မှလိုက်လာသော မောင်လှဝင်းလည်း ရပ်တန့်လိုက်သည်။

"သဘာဝမကျဘူး၊ နောက်နည်းနည်းဆုတ်လိုက်ဦး"

ဆရာကြီးက ရှေ့ကိုကြည့်ပြီး ရှေ့မတိုးဘဲ နောက်ဆုတ်ခိုင်းသဖြင့် မောင်လှဝင်းနောက်သို့ အနည်းငယ်ဆုတ်လိုက်သည်။

ဘယ်ကဲ့သို့ အနှောင့်အယှက်နှင့် တိုးနေသည်ကို မောင်လှဝင်း စိတ်ဝင်စားသလို ရင်ထဲမှလည်း ထိတ်ခနဲဖြစ်သွားသည်။

"ဘာတွေ့လို့လဲ ဆရာကြီး၊ ဘာအနှောင့်အယှက်များလဲ"

ကသောကမျော မေးလိုက်သည်။

"အိမ်း ဒီဝိဇ္ဇာဂူကို တော်ရုံလူတွေ မလာဝံ့တာလည်း ဒီ သတ္တဝါကြီးရဲ့ လက်ချက်ပဲကိုးကွဲ့"


www.burmeseclassic.com

www.burmeseclassic.com


"ဘယ်လိုသတ္တဝါကြီးလဲ"

"ကုဗ္ဘဏ်မျိုးနွယ် သဘက်ကြီးကွဲ့"

ဒီကောင်ကြီးက ပထမံဂိုဏ်းဝင် ဆရာကြီးကိုဝင် အံတုဝံ့တယ်လား၊ ချောက်ချားလှစွာ ဘယ်ညာရှေ့နောက်သို့ ကြောက်ကြောက်နှင့် ကြည့်ရှုလိုက်မိသည်။

ဝေါ ... ဝေါ ... ဝေါ ...

ထိတ်လန့်ဖွယ်ရာ၊ ကြီးမားပြင်းထန်လှသော မိုးသံလေသံကြီးနှင့် အချိန်အခါမဟုတ်၊ တဝေါဝေါမြည်ဟည်း၍ လာလေရာအရောသောပါး/ ပြေးလွှားကြကုန်သော တောတိရစ္ဆာန်များလည်း တိတ်ဆိတ်မှုကို ဖြိုခွင်းကာ အလွန်အမင်းကြောက်ရွံ့၍ နေကြလေတော့သည်။

ဖျောင်း ... ဖျောင်း ... ဖျောင်း ...

ဘုရား ... ဘုရား ... ဘယ်လိုသတ္တဝါကြီးပါလိမ့်၊ သစ်ပင်ချုံနွယ်များကို တဖျောင်းဖျောင်းမြည်အောင် နင်းချေနေသည်။

ပတ်ဝန်းကျင်ကို ကြည့်တော့လည်း မောင်လှဝင်း ဘာမှမမြင်ရ။ အသံမျိုးစုံသာ ကြားနေရသည်။ ဆရာကြီးကလည်း ကျောက်ရုပ်ပမာ ရပ်၍သာနေသည်။

"ဝိုင်းကြပေါ့ ... ဝိုင်းကြဟ"


www.burmeseclassic.com

www.burmeseclassic.com


"ဖမ်းကြပေါ့ ... ဖမ်းကြ"

မမြင်ရသော အကောင်မျိုးစုံ၏ အသံများ ဆူညံစွာ ကြားလာရလေရာ ဆရာကြီးက ကောင်ဝေးဖြင့် စည်းသုံးတန်း တားလိုက်သည်။

"လာကုန်ပြီ ဆရာကြီး ... အမယ်လေး လုပ်ပါဦး"

"အမယ်လေး အကောင်တွေ အများကြီးပဲ"

နံဘေးပတ်လည် ဝိုင်းရံလျက်ရှိသော မျက်လုံးပြူးပြူး၊ လျှာတွဲလွဲနှင့် နက်မှောင်ကြမ်းကြုတ်၊ စုတ်စုတ်ဖွားဖွား၊ ကုန်းကုန်းကွကွ လုပ်နေကြသော များပြားလှသည့် သတ္တဝါဇာစွေကြီးများကို တွေ့လိုက်ရသည်။

"ဆရာကြီး ဟိုအကောင်တွေထဲက အကောင်ကြီးတစ်ကောင်လာနေပြီ"

တစ်လှမ်းချင်း ရွေ့တိုးလာနေသော ကြောက်စရာ တစ္ဆေသရဲကြီးအားကြည့်ရင်း ကြောက်မက်ဖွယ်ကောင်းလှသော သရဲတစ္ဆေများထက်ကို ပိုပြီး ကြောက်လန့်ဖွယ်ကောင်းသော အကောင်ကြီးကြောင့် အသားများ တဆတ်ဆတ်တုန်နေမိသည်။

"အဲဒါပေါ့ကွဲ့ ... ဒီကောင်ကြီးမှာ ကြီးစိုးနေတဲ့ သဘက်ကြီးဆိုတာ"

www.burmeseclassic.com

www.burmeseclassic.com


"အမယ်လေး ဘုရား ... ဘုရား ကြောက်စရာကြီး"

မည်းနက်ပုကွ အရိုးအစားမကျသည့် ကိုးရိုးကားရား နာနာဘာဝကောင်ကြီးသည် တယားယား ရယ်မောလျက် လာနေသည်ကို မောင်လှဝင်းမြင်ပြီး ကြောက်အူးတုန်နေသည်။

ထိုအခိုက် တဝေါဝေါမြည်ဟည်းနေသော လေကြမ်းကြီးကလည်း တစ်ချက်မျှ ပြင်းပြင်းကြီး ဝှေ့ရမ်း၍ သွားလေရာ သစ်ပင်ကြီးငယ်တို့ လဲကျမတတ် ဖြစ်ကုန်တော့သည်။

ထိုအချိန် ဆရာကြီး လွယ်အိတ်ထဲမှ အင်းချပ်ကို နှိုက်ယူ၍ ရှိသေးသည်။ သတ္တဝါကောင်များနောက်သို့ တဝုန်းဝုန်းနှင့် အော်ဟစ်ပြေးထွက်သွားတော့သည်။

မောင်လှဝင်းလည်း အင်းကို ကိုင်ရုံနှင့်ပင် သရဲတစ္ဆေများ ထွက်ပြေးသွားသည်ကို မြင်သဖြင့် အားတက်သွားရသည်။

"ဟီး ... ဟီး ... ဟီး ... ဟီး ..."

ပြေးသွားသော တစ္ဆေသရဲများ အဝေးကနေ အသံမျိုးစုံပေးပြီး အော်ဟစ်နေပြန်သည်။

သဘက်ကြီးကတော့ ဆရာကြီး၏ အခြေအနေကို ကြည့်နေသည်။

"ဆရာကြီး ဆရာကြီး သဘက်ကြီး ရှေ့တိုးလာပြီ"

www.burmeseclassic.com

www.burmeseclassic.com


"ဘာမှမကြောက်နဲ့ သူ့ဘာမှမလုပ်နိုင်ဘူး"

သဘက်ကြီးက ကုပ်ချိုးကိုက်ဝါးမည့်ဟန်မျိုးနှင့် ဆရာကြီးကို ကိုက်စားမည့်အလား တရိပ်ရိပ် ထိုးတက်လာနေသည်မှာ သွေးပျက်ဖွယ် မြင်ကွင်းဖြစ်နေတော့သည်။

"ဟော့ သဘက်ကြီး ရှောင်လော့ ... ရှားလော့"

ဆရာကြီးက ထိုသို့ ပြောလိုက်ကာမှပင် သဘက်ကြီးသည် မျက်မှောင်ကြီးကုတ်ကာ တင်းပုတ်ကြီးကို မြောက်ချီဟန်လွှဲလျက် ထုနှက်တော့မည်ကဲ့သို့ ပြုနေရာ ဆရာကြီးက လွယ်အိတ်အတွင်း နတ်မင်းကြီးအရုပ်ကိုယူ၍ လက်ပေါ်တင်ကာ မန်းမှုတ်လိုက်သည်နှင့် သဘက်ကြီးနောက်သို့ ဆုတ်သွားသည်ကို တွေ့လိုက်သည်။

နတ်မင်းကြီးအား မန်းမှုတ်အသက်သွင်းလိုက်သည်နှင့် အသက်ဝင်လာပြီး သဘက်ကြီးအားလိုက်၍ ရိုက်နှက်နေလေရာ တောင်ကြီးတစ်ခုလုံး သဘက်ကြီး၏ ပြေးလွှားအော်ဟစ်သည်းညူသံတို့ ဆူညံ၍ နေလေတော့သည်။

"မောင်လှဝင်း အန္တရာယ်ကင်းသွားပါပြီ။ တောင်ခြေရောက်အောင် ဆင်းကြစို့ကွဲ့"

ဆရာကြီး ပြောလိုက်သည်နှင့် စည်းအတွင်းမှာ ရပ်နေရာက တောင်ဆင်းလမ်းအတိုင်း ပြေးဆင်းခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com


နာနာဘာဝ၊ သဘက်ကြီးနှင့်လည်း ဝေး၍ လာခဲ့ပြီကို သိသည်နှင့် ခြေလှမ်းကို ရပ်လိုက်ကာ နောက်မှ တဖြည်းဖြည်း တောင်ဝှေး ထောက်ပြီး ဆင်းလာသော ဆရာကြီးကို ရပ်စောင့်နေလိုက်သည်။

မကြာခင် ဆရာကြီး မီလာသည်။

"သဘက်ကြီးရန်က ဝေးပါပြီ … နတ်မင်းကြီးအလာ စောင့်ကြဦးစို့ကွဲ့"

မကြာခင်မှာပင် ဆရာကြီး လက်ဆန့်တန်းထားရာ ဝင်းခနဲ တစ်ချက်ဖြစ်သွားပြီး နတ်ဆေးရုပ်မှာ ဆရာကြီးလက်တွင်းသို့ ပြန်လည်ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ထိုအခါမှပင် ဆရာကြီးနှင့် မောင်လှဝင်းတို့လည်း အန္တရာယ်ရှိသော တောင်ကြီးပေါ်မှ ဘေးရန်ကင်းရှင်းစွာ ထွက်လာနိုင်ခဲ့တော့သည်။

❖ ❖ ❖

အထက်ဆရာကြီးများ အမှာရှိသည့်အတိုင်း ဝိဇ္ဇာဂူမှ အရှေ့မြောက်ယွန်းယွန်းတွင်ရှိသော ရွှေကျွန်းပင်သိုက်ရှိရာသို့ ဆရာ အပည့်နှစ်ယောက် ထွက်လာခဲ့ကြသည်။

သက်သတ်လွတ်စားသုံးနေသဖြင့် သစ်တောအတွင်း စား

www.burmeseclassic.com

www.burmeseclassic.com


ကောင်းသော အသီးအနှံများ လှည့်လည်ရှာဖွေ စားသောက်ရင်း ခရီးဆက်ခဲ့ကြသည်။

ဆရာကြီး၏ သိလတာန်မိုးကြောင့်လည်း စားသုံးရန်အသီးအနှံ များကို အချိန်ကြာမြင့်စွာ မရှာရ။

သို့ဖြင့် တစ်ရက်နှင့် နေ့တစ်ဝက် ခရီးအရောက် ရွှေကျွန်းပင် သိုက်ရှိရာသို့ ရောက်ပြီဖြစ်ကြောင်း ဆရာကြီးက ပြောသဖြင့် မောင်လှဝင်း သိလိုက်ရသည်။

"အထက်က ညွှန်ကြားတဲ့အတိုင်းဆိုရင် ရွှေကျွန်းပင်သိုက်ကို ဒီရက်ပိုင်းအတွင်း အနှောင့်အယှက်ပေးလိမ့်မယ်။

ဒါကြောင့် သိုက်ကို ရန်သူလက်မဦးခင် အထက်ဆရာကြီးများ သိုက်ချုပ်ပုဂ္ဂိုလ်များရဲ့အမိန့်နဲ့ သိုက်ကို ပြောင်းရွှေ့ပေးရလိမ့် မယ်"

"ဆရာကြီးတို့ ရောက်တုန်းရောက်ခိုက် သိုက်တူးမယ့် ဆရာ တွေနဲ့ တွေ့လို့ကတော့ တားဆီးပေးရလိမ့်မယ်။ အကယ်၍ မတွေ့ကြုံခဲ့ရင် သူတို့ရောက်လာအောင် မစောင့်ဘဲ သိုက်ကို ပြောင်းရွှေ့မိန့်တောင်းပြီး ပြောင်းရွှေ့ပေးရမယ်ကွဲ့"

"ဘယ်နေရာကို ပြောင်းပေးရမှာလဲ ဆရာကြီး"

"ကျောက်တစ်လုံး ရေတံခွန်သိုက်ကို ပြောင်းပေးရမယ်လို့

www.burmeseclassic.com



နေ့ကြားထားတယ်။

အထက်ဆရာကြီးက ပေစာအညွှန်းပေးလိုက်တယ်ကွဲ့။

လာ သိုက်ဝကို သွားကြစို့"

ဆရာတပည့်နှစ်ယောက် ဖြည်းဖြည်းချင်း လျှောက်လာခဲ့ကြ

သည်။ အတော်လေးလျှောက်မိသည်နှင့် မမျှော်လင့်ဘဲ ကျွန်းပင်ကြီး

များ ပေါက်နေသည်ကို တွေ့လိုက်သည်။

"ထိုကျွန်းပင်ကြီးများအောက်မှာ သံလျက်ထမ်းထားသော

ဘီလူးမရုပ်တစ်ရုပ် ထိုင်လျက်အနေအထားကို တွေ့လိုက်သည်။

"ဟင် ... ဆရာကြီး ... ဘီလူးမအရုပ်ကြီး"

"ဒီ သိုက်ထဲမဝင်နိုင်အောင် အပြင်စည်းကိုစောင့်တဲ့ ယက္ခနီပဲ"

"ကဲ ... ဆရာကြီးသိုက်ကိုနှိုးလိုက်ဦးမယ်"

ဆရာကြီးလည်း လွယ်အိတ်ထဲက အင်းတစ်ချပ်ကိုထုတ်လိုက်

ပါးစပ်က မန်းမှုတ်လိုက်ကာ ရှေ့သို့ လှမ်းပစ်လိုက်သည်။

"ဝုန်း"

မီးခိုးလုံးကြီး ထွက်လာသည်။

မီးခိုးလုံးများ ကင်းစင်သွားသည်နှင့် ကျွန်းပင်များအလယ်မှာ

ညားထည်ဝါသော ခုတ်တိုက်နန်းတော်ကြီးပေါ်လာသည်။

ထိုပတ်ဝန်းကျင်မှာ လှုပ်လှုပ်ရှရှ မှန်သမျှ သူရုပ်ဘက်

www.burmeseclassic.com

www.burmeseclassic.com



ဘီလူး တစ္ဆေများ ဆယ့်လေးငါးထောင်ခန့် ဓါးလှံလက်န
တင်းပုတ်များကိုင်လျက် ကြောက်စရာအသွင်နှင့် တွေ့ရသည်။

"စောစောက ကျောက်ရုပ်ဘီလူးမက အသွင်ပြောင်းလျ
သက်ရှိဘီလူးမတစ်ကောင် ဖြစ်နေသည်။ အားလုံးရန်ပြုမည့်တ
မမြှ"

"ဟဲ့ ... ယက္ခနီ ငါ့ဘာကြောင့် လာတာလဲသိလား"

"သိပါတယ် ဆရာကြီး ... နောက်နှစ်ရက်လကွယ်
ရောက်ရင် သိုက်တူးမယ့် ဆရာတွေ ရောက်လာလိမ့်မယ်
အထက်က အသိပေးထားပါတယ်"

"သူတို့ရောက်မလာခင် သိုက်ကို လုံခြုံတဲ့နေရာ ရွှေ့ပြောင်
ပေးဖို့ အန္တရာယ်ရှင်းပေးဖို့၊ ဆရာကြီးနဲ့ တပည့်တစ်ယော
လာလိမ့်မယ်လို့လည်း သိုက်ချုပ်ဘိုးဘိုးက အသိပေးအကြော
ကြားထားပြီးပါပြီ"

"အေး ဒါဆို ဒီည ... ပစ္စည်းတွေ သိမ်းကြ ဆည်း
မနက်မိုးလင်းတာနဲ့ ကျောက်တစ်လုံး ရေတံခွန်သိုက်နဲ့ သွားေ
ရမယ်"

"ဒီသိုက်က သိုက်စောင့်အင်အားလည်း တော့်တင်းတ
သိုက်ဆရာတွေ လာရင်လည်း တော်ရုံလူသားတွေ သွားရပေ

www.burmeseclassic.com

www.burmeseclassic.com


ာ်ခဲ့တဲ့နေရာပဲ။ နောက်ကို သိုက်ဆရာတွေလာရင်လည်း အင်အား
ာင့်တင်းတဲ့အတွက် စိုးရိမ်စရာ မလိုတော့ဘူး”

“ယက္ခနီရဲ့ ငယ်သားတွေ စုရုံးလိုက်၊ မနက်စောစော ခရီး
ထွက်ကြမယ်”

“အော် ဘိုးတော်ကြီးတွေကအစ ကျွန်မတို့အတွက် အပူ
ပင် များနေရပါလား ဆရာကြီးရယ်”

“ဒါက မြတ်စွာဘုရားအတွက် လှူဒါန်းမယ့်ရတနာတွေပဲ
ဝန်းပြီး စောင့်ရှောက်ရမှာပေါ့”

ထိုစဉ် ဆရာကြီးအနီးသို့ ယက္ခနီမက သိုက်ဝန်းကျင်မှ
နာဘာဝများကို ခေါ်လိုက်ရာ မြင်မကောင်းလောက်အောင်
ကြောက်စရာရုပ်ဆင်းအင်္ဂါနှင့် အကောင်ကြီးများ အနားမှာ ပေါ်လာရာ

“ကဲ … အားလုံး လူအသွင်ပြောင်းလိုက်ကြ”

ထိုသို့ပြောလိုက်သည်နှင့် သူတို့အားလုံးရှေ့မှာပင် လူငယ်
ကြီး ဆယ့်လေးငါးယောက်ခန့်ဖြစ်သွားသည်။

ထိုသူတို့က မောင်လှဝင်းအား ရယ်ပြသဖြင့် သူက အလိုက်သင့်
ရယ်ပြလိုက်သည်။ ဘိလူးမက မိန်းမချောလေး ဖြစ်သွားသည်။

“ကိုင်းသွားကြ …၊ အားလုံးပစ္စည်းတွေ သိမ်းဆည်းစော
ာ်သိုက်ပြောင်းကြရမယ်”


www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပါပြီ ဆရာကြီး ကျွန်မတို့ သွားပါဦးမယ်"

"အိမ်း ဆရာကြီးတို့လည်း ဒီသိုက်အဝမှ အိပ်မယ်ကွဲ့"

"အဆောင်ကြီးထဲ ဝင်အိပ်ပါ ဆရာကြီး"

"မလိုပါဘူးကွယ် ... သိုက်မရွှေ့ခင် ဘာအန္တရာယ်မှ မကျရောက်အောင် ဆရာကြီးတို့ ဒီအပြင်ကပဲ စောင့်အိပ်ပါ့မယ်"

"ကဲ အကောင်ကြီး ပြန်ဖျောက်လိုက်မယ်"

ဆရာကြီးလည်း အင်းတစ်ချပ်ကို မန်းမှုတ်လိုက်ပြီး ပစ်ပေါ လိုက်သည်နှင့် သိုက်အစောင့်ကြီး ပျောက်ကွယ်သွားသည်။

"အရုဏ်တက်ရင် သူတို့ကို ပစ္စည်းတွေနဲ့ လွှတ်လိုက်ပြ ကျွန်မဆရာကြီးတို့နဲ့ ခြေကျင်လိုက်ပါရစေ"

"အိမ်း လိုက်လိုက လိုက်ပေါ့ကွယ်"

မိန်းမချောလေးလည်း ဆရာကြီးအား ဦးညွှတ်ကာ မော လှဝင်းအား ပြုံးကြည့်လိုက်ပြီး ပျောက်သွားသည်။

သိုက်အဝမှာပင် ဆရာကြီးနှင့် မောင်လှဝင်းတို့လည်း အိပ် များ ပြင်ဆင်ကာ အိပ်စက်လိုက်ကြသည်။

ထိုအချိန် သိုက်အတွင်းမှ ပစ္စည်းများ သယ်ယူသိမ်းဆ နေသည့်အသံကို ကြားနေရလေသည်။


www.burmeseclassic.com

www.burmeseclassic.com


သို့သော် မကြာမီအတွင်းမှာပင် ခရီးပန်းခဲ့သမျှ အနားယူကာ မှေးခနဲ အိပ်ပျော်၍သွားလေတော့သည်။

❖ ❖ ❖

ဆရာကြီးက မနက်လေးနာရီခန့်ကထပြီး ဘုရားဝတ်ပြုနေသည်။ ငါးနာရီထိုးကာနီးတော့ ဘုရားကို ဦးချပြီး နေရာပြင်ထိုင်လိုက်သည်။

ငါးနာရီခန့်အရောက် မိန်းမချောလေးနှင့် လူတစ်ယောက် ရေနွေးအိုးနှင့် စားသောက်ဖွယ်ရာများ ယူဆောင်လာကြသည်။

"ဆရာကြီး ကောက်ညှင်းပေါင်းနဲ့ ရေနွေးကြမ်း သုံးဆောင်လိုက်ပါဦး၊ သိုက်ထဲမှာတော့ ငါးရံ့ခြောက်တို့ ဆတ်သားခြောက်တို့နဲ့ စားနေကြတယ်။ ဆရာကြီးတို့က သက်သတ်လွတ်မို့ ပဲနဲ့ပဲ ပေါင်းလာခဲ့တာပါ"

"အေးအေး ဗိုက်ပြည့်ဖို့ အဓိကပဲ"

မောင်လှဝင်းလည်း မျက်နှာသစ်သွားနေရာက ပြန်ရောက်လာသည်။ မိန်းမချောလေးအသင့်ပြင်ပေးထားသော ကောက်ညှင်းပေါင်းနှင့် ရေနွေးကြမ်းကို အားမနာတမ်း စားသောက်နေမိတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

စားသောက်ပြီးသည်နှင့် ဆရာဟာပည့်နှစ်ယောက်လည်း ထိုနေရာမှ ထွက်ခွာရန်ပြင်တော့သည်။

သိုက်ရှိရာနေရာကို မူလအတိုင်း သိုက်ရှိနေသကဲ့သို့ ထင်မြင်စေရန် မိန်းမချောလေးက ဖန်တီးထားခဲ့လေသည်။

မိန်းမချောလေးမှာ ညကမြင်တွေ့ခဲ့ကထက်ပင် ပို၍ လှပနေသည်ကို တွေ့ရလေသည်။ အသားအရေလေးများကလည်း ထိရက်စရာမရှိအောင် နူးညံ့နေလိမ့်မည်ဟု အမြင်နှင့်ပင် ထင်မှတ်မိသည်။

ညနေပိုင်းကသာ ယက္ခနိမ်၏ မူလပုံကို မမြင်ခဲ့ရလျှင် ထိုမိန်းမချောလေးကို မောင်လှဝင်း စိတ်ယိုင်မိမည်အမှန်ပင်။ ယခု မိန်းမချောလေးသည် ကြောက်စရာအသွင်ရှိ ဘီလူးမမှန်း သိထားသည့်အတွက် ဘယ်ကဲ့သို့မှ စိတ်ညွှတ်ယိမ်းယိုင်မှုမဖြစ်မိပေ။

"ဆရာကြီး ရှေ့ကသွားတဲ့အဖွဲ့တွေနောက်လိုက်ပြီး စစ်ဆေးကြည့်လိုက်ဦးမယ်"

လမ်းခရီးတစ်နေရာသို့အရောက် မိန်းမချောလေးက ပြောလိုက်လေရာ ဆရာကြီးက ...

"အိမ်း ... သွားပြီး ... စီစဉ်ပေးလိုက်ဦးကွဲ"

စကားဆုံးသည်နှင့် ပျောက်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com


ဆရာကြီးနှင့် မောင်လှဝင်းတို့လည်း ကုန်းမြင့်လေးတစ်ခု ပေါ်မှာနားရင်း ...

"ဆရာကြီး သူက သိုက်စောင့်ဘီလူးမပေါ့ ဟုတ်လား"

"အေးလေ မနေ့က မင်းအမြင်ပဲ"

"ဘီလူးမက တော်တော်ချောတာပဲ"

"သွားကြိုက်ဖို့တော့ စိတ်မကူးလေနဲ့"

ရွှေကျွန်းပင်သိုက်မှ မနက်အရုဏ်တက်အချိန်ကစ၍ ထွက်လာကြရာ ညနေပိုင်းအချိန်သို့ ရောက်ခဲ့ပြီ။

ညနေလေးနာရီ ကျော်ကျော်ခန့်ရောက်တော့၊ ကျောက်တစ်လုံးသိုက်ကြီးကို ရောက်ပြီဟု ဆရာကြီးကဆိုသည်။

ထိုသိုက်နှင့်ပေါင်းလိုက်သဖြင့် အင်အားတောင့်တင်းသွားသည်။ ထိုသိုက်မှာ သိုက်စောင့်က သိုက်နန်းရှင် အမျိုးသမီးတစ်ယောက် ဖြစ်သည်။ နန်းဒေဝီဟု ခေါ်ဆိုကြောင်း သိရသည်။

ဆရာကြီးလည်း ယက္ခမိန်းကလေးနှင့် အပေါင်းပါတို့အား သိုက်နန်းရှင်ထံ အပ်လိုက်သည်။

မောင်လှဝင်းအမြင်မှာ ယက္ခမိန်းကလေးနှင့် သိုက်နန်းရှင် မိန်းကလေးတို့ အလှချင်းပြိုင်ပြီး လှနေသည်။

ဆရာကြီးတို့ ဆရာတပည့်နှစ်ယောက် နံနက်စောစော မြန်

www.burmeseclassic.com

www.burmeseclassic.com

ရမည်ဖြစ်သဖြင့် မိန်းမချောလေးများအား အစစအရာရာ မှာကြား ပြောဆိုနေသည်ကို တွေ့ရသည်။

"ကဲ ... ဒီနေ့ကစပြီး ကျောက်တစ်လုံးသိုက်ကို ပိုင်းဝန်း စောင့်ရှောက်ကြပေတော့"

"ဟုတ်ကဲ့ ဆရာကြီး"

ဟော့ ... ဒီမှာ သိုက်စည်းစောင့်ဖို့ ကျားတစ်ကောင် ထားပေးခဲ့မယ်။ သိုက်ကိုဖွင့်တဲ့ အင်းထိတာနဲ့ ဒီကျားဖြူကြီးက အသက်ဝင်ပြီး ကာကွယ်ပေးလိမ့်မယ်။

"ဟုတ်ကဲ့ ... ဆရာကြီး၊ အကြောင်းထူးရှိရင် ဘိုးဘိုးတို့၊ ဘိုးတော်တို့ကို ဘယ်လိုပင့်ခေါ်ရမလဲဆိုတာကို အမိန့်ရှိခဲ့ပါဦး ဆရာကြီး"

"အိမ်း ... ဒီက အထက်မှာရှိတဲ့ ဝိဇ္ဇာဓရလိုဏ်ဂူကို အရောက်သွားပြီး လိုဏ်ဂူအတွင်းမှာ သီတင်းသုံးနေတဲ့ ကျောက်စိမ်း ရုပ်ပွားတော်ရှေ့မှာ ဝတ်ပြုတမ်းတလိုက်ရင် သိုက်ချုပ်ဘိုးဘိုးတို့ ရောက်လာကြလိမ့်မယ်ကွဲ့"

ညအချိန်မှာ သိုက်နန်းရှင် မိန်းမချောလေးနှင့်အတူ ပျော့ မိန်းကလေးလည်း သက်သတ်လွတ် စားစရာများကို ပြင်ဆင် ကျွေးမွေးလေသည်။


www.burmeseclassic.com

www.burmeseclassic.com


စားသောက်ရင်း ဆရာကြီးနှင့် စကားထိုင်ပြောကာ အချိန်ဖြုန်းနေကြသည်။ ညဥ့်နက်မှပင် အိပ်စက်ကြလေ၏။

မနက်စောစော အိပ်ရာမှထပြီး မျက်နှာသစ်ကြသည်။ မနက်စာ စားစရာများကို အသင့်ပြင်ဆင်ပေးထားသည်။ သိုက်နန်းရှင်မိန်းကလေးက ဘာမှမဖြစ်သော်လည်း ယက္ခမိန်းကလေးမျက်နှာမှာ ရွှင်ပြခြင်း မရှိလှသည်ကို တွေ့ရလေရာ မောင်လှဝင်းကလည်း စိတ်မကောင်းနှင့် အကြည့်နှင့် ကြည့်နေသည်။

ဆရာကြီးက မိန်းကလေးအား ...

"ဘာဖြစ်လို့လဲ နေမကောင်းဘူးလား" ဟူ၍မေးလိုက်ရာ

"အို ကျွန်မတို့မှာ ဘဝပြောင်းကာမှပြောင်းရော မကျန်းမာတယ်ဆိုတာ မရှိပါဘူးရှင်"

"ယက္ခမိန်းကလေး စိတ်မကောင်းမဖြစ်နဲ့။ ဆရာတို့နဲ့ ယက္ခမိန်းကလေးတို့ဟာ ဘဝဇာတ်ကွာခြားနေတော့ ခွဲခွာကြရမှာပဲကွဲ့"

ဆရာကြီးက ယက္ခမိန်းကလေးမှာ မောင်လှဝင်းကို စိတ်ဝင်စားနေကြောင်း ရိပ်မိလိုက်သည်။

သို့ကြောင့် ဆရာကြီးကလည်း ကျိုးကြောင်းမှန်သိရုံသတိပေးစကား ပြောလိုက်သဖြင့် ယက္ခမိန်းကလေးလည်း


www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းသည့် မျက်နှာနှင့် မောင်လှဝင်းအား ငေးငိုင်ကြည့်နေရာမှ ခေါင်းလှည့်သွားသည်။

စားသောက်ပြီးသည်နှင့် ဆရာကြီးလည်း အားလုံးကို နှုတ်ဆက်ပြီးပြန်ခဲ့သည်။ မောင်လှဝင်းလည်း မျက်စိတဆုံး ငေးမျှော်ကြည့်ရင်း ကျန်ရစ်ခဲ့ရှာသော မိန်းမချောလေးအား မခွဲချင်သလိုလို လွမ်းဆွတ်မိသလို စိတ်ကို ချုပ်တည်းလျက် ခေါင်းငိုက်စိုက်၍ ထွက်ခွာလာခဲ့တော့သည်။

❖ ❖ ❖

ဆရာကြီးနှင့် မောင်လှဝင်းတို့လည်း ကားတစ်တန်၊ ရထားတစ်တန် စီးပြီး မန္တလေးသို့ ထွက်ခဲ့ကြသည်။ ထို့နောက် တံတားဦးသို့ ထွက်သောရထားနှင့်လိုက်ခဲ့ပြီး ဆရာတပည့်နှစ်ယောက် တံတားဦးမှာ ဆင်းလိုက်ကြသည်။

တံတားဦးမှ အင်းဝသို့ ဆရာကြီးနှင့်အတူ ခြေလျင်လျှောက်ခဲ့ကြသည်။

အင်းဝတွင် ထင်ရှားကျော်ကြားသော မယ်နုအုတ်ကျောင်းကြီးမျှော်စင်၊ ဝရည်းပင်၊ ဟံသာဝတီပါမင်းတည်ခဲ့သော ဘုရား၊ ကြီးလေးကြီးဟုခေါ်သော ကျောက်တော်ကြီးဘုရား၊ ရွှေလေးထပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com


ဘုရား၊ ရွှေကျောင်းတော်ကြီး၊ ထို့အပြင် ဗားမဲ့ကျောင်းတို့ကိုပါ ကျော်ဖြတ်ရောက်ရှိခဲ့သည်။

တောင်ပလူအရပ်ရှိ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်မှာသောက်လိုက်ကြသည်။

"မောင်လှမင်း ဆရာတို့သွားရမှာက မြစ်ငယ်အရှေ့ဘက် ကုလားရွာအထိ သွားရဦးမယ်"

"ကုလားရွာအနီး အရှေ့ဘက်မှာ အနော်ရထာဥယျာဉ်ရှိခဲ့တယ်"

"အဲဒီမှာ ဘောဂဗလ သူဌေးကြီးတည်ခဲ့တဲ့ မဟာဗောဓိ စေတီ၊ အဲဒါ ဆရာကြီးတို့ သွားရမယ့် အဓိကသိုက်ပဲ"

"အထက်ဆရာကြီး မိန့်ခဲ့တာက လကွယ်နေ့ရောက်ရင် သိုက်ဆရာတွေ ရောက်လာပြီး သိုက်တူးလိမ့်မယ်တဲ့ ... တို့အခု ရောက်တဲ့အချိန်နဲ့ လကွယ်ရောက်ဖို့ဆိုရင် ရက်အတော်လို သေးတယ်"

"ဒါကြောင့် တည်းခိုမယ့်နေရာနဲ့ မဝေးတဲ့ စေတီတစ်ဆူဆူ မှာ အဓိဋ္ဌာန်ကိုးရက် ဝင်ကြတာပေါ့"

"ဟုတ်ကဲ့ ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



ကျောက်တစ်လုံးသိုက်ကို ရှာ့ပေးခဲ့သောရက်နှင့် ဘောဂဗလ သိုက်ကို ကာကွယ်စောင့်ရှောက်ရမယ့်အချိန် တစ်လသာခြားသည်။ သိုက်ဆရာများ သိုက်တူးရာတွင် လမိုက်ညကိုသာ အသုံးများသည်။

သို့ကြောင့် ယခု မဟာဗောဓိ စေတီအနီးမှာရှိသော ဘောဂဗ လသိုက်ကိုလည်း သိုက်ဆရာတို့ လမိုက်ညကို ရွေးချယ်တူးကြ မည်ဟုဆိုသည်။

သူတို့ဆရာတပည့်နှစ်ယောက် ဆရာတော်တစ်ပါး အကူအညီ နှင့် ဘုန်းကြီးကျောင်းမှာ တည်းခိုရင်း လေးထပ်ကြီးဘုရားမှာ အဓိဋ္ဌာန်ဝင်ခဲ့ကြသည်။

မကြာခင်မှာပင် အဓိဋ္ဌာန်ကိုးရက် ပြီးမြောက်ခဲ့သည်။

"မောင်လှဝင်း ဆရာတို့ အနော်ရဓာဥယျာဉ်နေရာဟောင်း ဘက်ကို မနက်ဖြန်ကစပြီး သွားကြမယ်။ သဘက်ခါလကွယ်ပဲ သိုက်တူးမယ့်လူတွေ ရောက်လာလိမ့်မယ်"

"ဆရာကြီး အဲဒီမှာ ဘုရားအဟောင်းတွေလည်း မရှိတော့ဘူး။ အုတ်ပုံအပြိုအပျက်တွေရယ်၊ လယ်ကွက်တွေပဲ ရှိတာယ်မဟုတ်လား"

"သာမန်လူတွေအတွက်တော့ လယ်ကွက်တွေနဲ့ အုတ်ကျိုး အုတ်ပဲ့တွေပေါ့ကွယ်။ ဒါပေမဲ့ သိုက်ဆရာတွေကတော့ ဒီအင်းဝ နယ်တကြောမှာ သိုက်ဖိုတွေ လက်ညှိုးထိုးမလွဲအောင်ရှိတာ သိကြ

www.burmeseclassic.com



တယ်ကွဲ့.”

❖ ❖ ❖

လကွယ်နေ့ ညနေပိုင်းဖြစ်သည်။

ဆရာကြီးနှင့် မောင်လှဝင်းတို့လည်း အနော်ရထာဥယျာဉ် ဟောင်းနေရာ ဝန်းကျင်သို့ ထွက်ခဲ့ကြသည်။

အချိန်က ညနေပိုင်းဖြစ်သည်။

ဆရာကြီးလည်း အခြေအနေကို စောင့်ကြည့်အကဲခတ်ရန် ထွက်ခဲ့သည်။ တစ်နေရာအရောက်မှာ ဆရာကြီးက ရပ်လိုက်ပြီး မောင်လှဝင်းအား ...

“ကဲ ... မောင်လှဝင်း ဆရာကြီးတို့ ဒီနားမှာပဲ အနား ယူရင်း ထိုင်ကြမယ်ကွဲ့.”

“ဒီနေရာက အကာအကွယ်လေးလည်းရတယ်၊ မဟာဗောဓိ ကုန်းကိုလည်း လှမ်းမြင်နေရတယ်”

သို့ဖြင့် တဖြည်းဖြည်း ညနေခြောက်နာရီခန့်အချိန် ရောက် လာသည်။

ထိုအချိန်မှာပင် လူကြီးနှစ်ယောက်နှင့် လူငယ်တစ်ယောက် ပေါင်းသုံးယောက် ဘုရားကုန်းအနီးသို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသုံးယောက်က ဝိုင်းဖွဲ့ထိုင်နေပြီး တစ်ခုခုတိုင်ပင်နေပုံ ရသည်။

"ဒီဆရာတွေဟာ ဘုရားဘဏ္ဍာတော်အတွက်မှန်း သိလျက်နဲ့ ဖျက်ဆီးချင်ကြတယ်"

"လောဘသားတွေပဲကွယ်၊ သာတော့လည်း စံ ... ၊ သိုက်က နိုင်တော့လည်း သေရင်သေ၊ မသေရင် ဘဝပျက်၊ တစ်ခုခုပေါ့ တပည့်ရယ်"

"ဒါနဲ့ ဆရာကြီး ဒီသိုက်မှာ အစောင့်အနေအထား စောင့် တင်းတဲ့ပုံ မရှိလို့ ဆရာကြီးကို တာဝန်ပေးထားတာလား"

"အင်း ဆရာကြီးက အထက်အမိန့်နာခံပြီးပြီကွဲ့၊ ဒီသိုက်ကို ပိုင်တာက ဘောဂဗလသူဌေးကြီး၊ သူက တရားမမှန့်ပဲ မွေ့လျော် နေတာ သူ့မှာ သမီးတစ်ယောက်ရှိတယ်။ သိုက်နန်းရှင်ပေါ့ကွယ်၊ သူ့မှာ ရံရွှေတော်နှစ်ယောက်ရယ် သိုက်စောင့်မြွေကြီးတစ်ကောင်ပဲ ရှိတယ်။ ဒါကြောင့် ဝိုင်းဝန်းစောင့်ရှောက်ပေးဖို့ လွှတ်လိုက်တာကွဲ့"

"ကဲကဲ ... ဟိုဆရာတွေ စည်းချနေပြီ၊ စကားမပြောနဲ့တော့။ ဆရာကြီး ကြည့်ပြီး စီစဉ်မယ်"

ဆရာနှစ်ယောက်နှင့် တပည့်တစ်ယောက်တို့မှာ အလုပ် များလျက်ရှိပြီး သိုက်ကို ချုပ်ရန် ကြိုးစားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ဖြစ်ဟန်တူသော လူကြီးက လက်တွင်းရှိအင်းကို ကိုင်မြှောက်လျက် နုတ်မှ ဂါထာရွတ်ဆိုကာ ပေါက်လိုက်သည်တွင် တဝေါဝေါမြည်ဟည်းလာပြီး လေပြင်းကြီးကျကာ သိုက်ရှိမည်ထင်ရသော နေရာမှ ဖုန်များက ထောင်းထောင်းထလာလျက် မြေစာခဲ အုတ်ကျိုး အုတ်ပဲ့များ လွင့်စင်ပြန့်ထွက်ကုန်သည်။

လေပြင်းကြီးက ရုတ်တရက် တစ်နေရာတည်းပြင်းစွာတိုက်ခတ်လာသည်။ အချိန်က မှောင်လုလုဖြစ်နေသဖြင့် စိတ်နှလုံး ချောက်ချားဖွယ်ကောင်းနေသည်။

မီးခိုးများ ဖုန်မှုန့်များ ငြိမ်သက်သွားရာ မျက်နှာရှေ့မှာ ကြီးမားသော မြွေကြီး၊ ထန်းလုံးလောက်ရှိသော မြွေကြီးကို တွေ့လိုက်ရသည်။

ထိုမြွေကြီးကို ဖြူဖြူအငွေ့များ ဝိုင်းပတ်ရစ်သိုင်းနေရာက မြွေကြီးမှာ တဖြည်းဖြည်း သေးသွားပြီး လက်မောင်းအရွယ် အကောင်လေးဖြစ်သွားကာ မလှုပ်မယှက်ရှိနေတော့သည်။

"မြွေကြီးလည်း အချုပ်ခံလိုက်ရပြီကွဲ့"

ထို့နောက် မြွေကြီးကို ချုပ်ပြီးသည်နှင့်တစ်ပြိုင်နက် ခေါင်းဆောင်လုပ်သူ ဆရာလည်း ဒုတိယ အင်းတစ်ချပ်ကို ပစ်သွင်းလိုက်လေရာ တဂျုံးဂျုံး တကျိန်းကျိန်း မြည်သံကြီးနှင့်အတူ...



www.burmeseclassic.com

www.burmeseclassic.com


"ဝုန်း"

ကျယ်လောင်သော အသံကြီး မြည်ဟည်းလာကာ မြေကြီးထဲမှ အဆောက်အဦးသဏ္ဍာန်ကြီးတစ်ခု ပေါ်လာသည်။

"အိမ်း ... သိုက်ပေါ်ပြီ၊ သူတို့ကို ရန်မူမယ့် နာနာဘာဝ အစောင့်တွေ ရှိပုံမပေါ်ဘူး။ ဒီတော့ ဒီအတိုင်း ကြည့်နေလို့ မဖြစ်တော့ဘူး"

ထိုအချိန် သိုက်အဝသို့ အလွန်လှပသော အမျိုးသမီးတစ်ယောက် ထွက်လာသည်။

"ဟဲ့ ဆရာစုတ်တွေ ဒါ ဘုရားအတွက် ရည်စူးလှူဒါန်းမို့ ထားတဲ့ ပစ္စည်းတွေ သင်တို့မဖြစ်မှားထိုက်ဘူး"

"ဟား ... ဟား ... ငါတို့ကို တရားလာမပေးနဲ့၊ နင်တို့ သိုက်မှာ အစောင့်ကြီးကြီးမားမား မရှိဘူးဆိုတာ သိလို့ လာခဲ့တာ"

"ကဲ စကားမရှည်နဲ့တော့"

"ဝုန်း"

"ဟာ"

မိန်းကလေး နောက်သို့ထိုင်လျက် လဲကျသွားကာ အင်း၏ ချုပ်နှောင်ခြင်းကို ခံလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ ဆရာကြီးလည်း လွယ်အိတ်ထဲ လက်နှိုက်ပြီး ပြန်ထုတ်လိုက်စဉ် လက်ထဲမှာ နွားရုပ်တစ်ရုပ်ပါလာသည်။

"ကဲ အဲ့ဒီဆရာတွေ စည်းပေါက်သွားအောင် စည်းဝိုင်းထဲ ပြေးဝင်ပြီး ခွေ့ပစ်လိုက်စမ်း"

ဆရာကြီးက အမိန့်ပေးရင်း မန်းမှုတ်လိုက်ရာ ဗွစ်ခနဲ အလင်းရောင့်တစ်ခု ဖြစ်ပေါ်သွားပြီး လက်ပေါ်မှ နွားရုပ်ကလေး ခုန်ဆင်းသွားစဉ် မြေပြင်ပေါ်အရောက်မှာ နွားလားဥသဘကြီး တစ်ကောင် ဖြစ်သွားသည်။

"ကဲ နောက်ဘက်ကနေ ဝင်စမ်းသားကြီး"

နွားကြီးက ဆရာကြီးစေခိုင်းသည့်အတိုင်း အသံမပေးဘဲ အပြေးထွက်သွားသည်။

နွားကြီးစည်းဝိုင်းအတွင်း ခုန်ဝင်ပြီး ဆရာတစ်ယောက်ကို ဖေ့ထည့်လိုက်သည်။

"အား ..."

ထိုဆရာတစ်ယောက် စည်းဝိုင်းအပြင် ဆယ်ပေခန့် လွင့်ထွက်သွားသည်။

ဆရာတပည့်နှစ်ယောက် နွားကြီးရန်က လွတ်ရန် ရှောက် ဘက်သို့ ထွက်ပြေးလေသည်။


www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက အင်းတစ်ချပ်ကို ထုတ်၍ မြွေကြီးနှင့် သိုက်နန်းရှင်တို့ကို ချုပ်နှောင်ထားမှုပြေရန် ပစ်သွင်းလိုက်သည်။

"ဝုန်း"

မီးခိုးများထွက်လာပြီး မကြာခင်မှာပင် ထန်းလုံးခန့်ရှိသော မြွေကြီးအဖြစ်သို့ ပြန်ပြောင်းပြီး ထိုဆရာများနောက်သို့ လျှောခနဲ လျှောခနဲ လိုက်သွားတော့သည်။

နွားကြီးကြောင့် ဆရာတစ်ယောက် မြေပေါ်ပစ်ကျရာမှ ပြန်မထနိုင်တော့။

ဆရာကြီးက နွားကြီးကို လက်ဝါးဖြန့်ပြီး ပြန်ခေါ်လိုက်ရာ အလင်းတန်းအသွင်နှင့် လက်ပေါ် နွားရုပ်လေးအဖြစ် ပြန်လည် ရောက်ရှိလာတော့သည်။

ထိုအချိန် အရှိန်ပြင်းစွာ ပြေးလိုက်သွားသော မြွေကြီးလည်း သိုက်ဆရာနှစ်ယောက်ကို မီသွားပြီး ပေါက်သတ်ပစ်လိုက်သည်။

ဆရာကြီးလည်း တောင်ဝှေးကြီးထောက်၍ ရှေ့သို့ထွက်သွားသည်နှင့် မောင်လှဝင်းလည်း နောက်က လိုက်သွားသည်။

ဆရာကြီးအား သိုက်နန်းရှင် မိန်းကလေးက ဆီးကြိုနေလေသည်။

"ကျေးဇူးကြီးလိုက်တာ ဆရာကြီး ... ဆရာကြီးတို့

www.burmeseclassic.com

www.burmeseclassic.com



ကယ်လို့ ရန်အပေါင်းရှင်းသွားတာ”

“ဒါနဲ့ မိန်းကလေးရဲ့ ဖခင်ကြီးက ဘယ်မှာလဲ”

“အဖေက ... လပြည့်၊ လကွယ် ညလုံးပေါက် မဟာဗောဓိဘုရားမှာ အဓိဋ္ဌာန်ဝင်နေပါတယ်”

“အော် ဒါကြောင့် မတွေ့တာဘဲ၊ သိုက်ဆရာတွေ နှောင့်ယှက်မှာ မစိုးရိမ်ဘူးလား”

“အဖေကတော့ သူအဓိဋ္ဌာန်ဝင်ပြီဆိုရင် ဘာဖြစ်ဖြစ် ထိုင်ရာက မထတော့ဘူး။

ဒါဆို ဆရာကြီးလည်း ကလေးမရဲ့ အဖေ တရားထိုင်တဲ့ မဟာဗောဓိဘုရားကို လိုက်ပို့ပေးပါလား။ အဘလည်းတရားဝင်ထိုင်ဦးမကွဲ့၊ မနက်လင်းမှပဲ ခရီးဆက်မယ်”

“စိတ်ချမ်းသာစွာ အဓိဋ္ဌာန်ဝင်ပါဆရာကြီး”

“ဒါနဲ့ ကလေးမ၊ ဒီကဆရာ့တပည့်ကို ဒီအဆောင်မှာပဲ ညအိပ်ခိုင်းလိုက်ပါ၊ မနက်ဆရာလာခေါ်ပါ့မယ်”

“ဘာမှ နောက်ဆံမတင်းပါနဲ့။ နန်းခင်နဲ့ ရွှေတုတ်တို့က ဒီကမောင်လေးကို ဧည့်ခံထား ... မမ ဆရာကြီးကို ဖေဖေရှိတဲ့ ဘုရားကုန်းကို လိုက်ပို့ပေးလိုက်ဦးမယ်”

“စိတ်ချသွားပါမမ”



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ကျွန်တော်လည်း ပုတီးလိုက်စိတ်ချင်တယ်"

"မဖြစ်ဘူး ... သူဌေးကြီးကို အနှောင့်အယှက်ဖြစ်မယ် ... ဒီမှာ တစ်ညအိပ်လိုက်"

"ဟုတ်ကဲ့"

ဆရာကြီးက မလိုက်စေလိုမှန်းသိသဖြင့် မောင်လှဝင်းလည်း ငြိမ်နေခဲ့လိုက်သည်။

ဆရာကြီးနှင့် သိုက်နန်းရှင်မမလည်း အနီးက ထွက်သွားကြသည်။ သိုက်နန်းရှင် မိန်းကလေးက အသက်နှစ်ဆယ့်ငါး သုံးဆယ်နီးပါး ရှိပုံရသည်။ ခန့်ထည်သော အလှပိုင်ရှင်ဖြစ်သည်။

မောင်လှဝင်းက အသက်နှစ်ဆယ့်တစ်နှစ်သာ ရှိသေးသဖြင့် အသက်ကွာမှန်းသိ၍ မောင်လေးဟု သုံးနှုန်းခြင်းဖြစ်သည်။

မောင်လှဝင်းအား နန်းခင်နှင့် ရွှေဘုတ်တို့က စားစရာများနှင့် ရေနွေးကြမ်းလာချပေးပြီး ...

"ကဲ ... မောင်လေးကြိုက်တာ သုံးဆောင်ပါ။ ရေနွေးကြမ်းလည်း သုံးဆောင်ပါ။ မကြာခင် မမပြန်လာပါလိမ့်မယ်"

ထိုသို့ပြောပြီး အနီးက ထွက်သွားကြသည်။

သိပ်မကြာခင်မှာပင် သိုက်နန်းရှင် မမပြန်လာသည်။

"စားနော် ဘာမှအားမနာနဲ့။ ဘာမှလည်း မစိုးရိမ်နဲ့ စိတ်ချ

www.burmeseclassic.com

လက်ချသာစား"

"ပြီးရင် ဒီသလွန်ပေါ်မှာပဲ အိပ်ဖို့ အိပ်ရာပြင်ပေးမယ်၊ အိပ်ချင်တဲ့အချိန်ပြော ဟုတ်လား"

"ဟုတ်ကဲ့ ကျွန်တော် ဒီအချိန် မအိပ်တတ်သေးပါဘူး"

"ဒါဆို စကားထိုင်ပြောကြတာပေ့ါ"

"ကျွန်တော်သိချင်တာ မေးလို့ရမလား မမ"

"မေးပါ သိတာရှိရင် ပြောပါ့မယ်"

"ဟို ... ဘောဂဗလ သူဌေးကြီးက မမရဲ့အဖေလား"

"ဟုတ်ပါတယ် မမရဲ့အဖေပါ၊ မမအမည်က နန်းစောမူပါ"

"ဟုတ်ကဲ့ ... ဒီသိုက်က အခြားသိုက်တွေလို အစောင့်လည်း မများဘူးနော်"

"အဖေက ခေါင်းရှုပ်မခံချင်လို့ အဖွဲ့လက်သားများများ မထားဘူး။ မြွေကြီးတစ်ကောင်ကိုပဲ အစောင့်ထားတယ်"

"အဲဒီမြွေကြီးက နာနာဘာဝက ဖန်ဆင်းထားတာလား တကယ့်မြွေကြီးလား"

"တကယ့်မြွေကြီး၊ နှစ်ပေါင်းရာကျော်နေပြီဖြစ်တဲ့ မြွေကြီးပါ"

"ဒါနဲ့ မမတို့ရဲ့ သိုက်နန်း ဖြစ်ပေါ်လာပုံကို ပြောပြနိုင်မလား မမနဲ့ မမအဖေရဲ့ အကြောင်းပေ့ါ"



www.burmeseclassic.com

www.burmeseclassic.com



“မောင်လေးက စိတ်ဝင်စားလို့လား”

“ဟုတ်ကဲ့ အချိန်လည်းဖြုန်းရင်း မမတို့အကြောင်း ပြောပြမယ် ဆိုရင် နားထောင်ချင်ပါတယ်”

ထိုအခါ ဥစ္စာစောင့် သိုက်နန်းရှင် နန်းစောမူသည် သူမ၏ ကြည်လဲ့ဝင်းပသော မျက်နှာပြင်ဝယ်၊ ကြေကွဲဝမ်းနည်းဖွယ်သော အရိပ်အယောင်များ ထင်ဟပ်ဖြစ်ပေါ်လာကာ ကျက် တနင့်နင့်ခံစားနေရသော ခံစားချက်တို့နှင့်အတူ သူမတို့၏ ရှေ့ဖြစ်ဟောင်းဇာတ်ကြောင်းကို သနားဖွယ်ရာ ပြောပြပါတော့သည်။

❖ ❖ ❖

မြန်မာသက္ကရာဇ် ၈၈၀ ခုနှစ်တွင် အင်းဝနေပြည်တော်သည် မိုးညင်းရှမ်းတို့၏ လာရောက်တိုက်ခိုက်မှုကြောင့် တိုင်းပြည်မငြိမ်မသက် အထိတ်ထိတ်အလန့်လန့် ကျိုးလန့်အစာစား ရှိတော့သည်။

ထိုအချိန် အင်းဝနေပြည်တော်၌ ပစ္စည်းဥစ္စာ အလွန်ပေါများ ချမ်းသာလျက် ထင်ပေါ်ကျော်ကြားသော သူဌေးကြီး ဘောဂဗလ လည်း အရွယ်ရောက်လာသော သမီးအား ဗိုလ်မှူးကလေး ဘယ ကျော်သူနှင့် လက်ဆက်ပေးခဲ့သည်။

ဗိုလ်မှူးလေးဘယကျော်သူက ညားကာစ ချစ်ဇနီးလေးအား



www.burmeseclassic.com

www.burmeseclassic.com



မျိုးမတတ်ပင် ချစ်ရှာလေသည်။ သို့သော် အချစ်ရေးထက် ပြည်ထဲရေးခက်ဆိုသလို နေပြည်တော်အား ခဏခဏလာရောက် ထိပါးကြသော တောင်ငူဘုရင်၊ ပြည်ဘုရင်တို့၏ရန်ကို မကြာမကြာ သွားရောက် နှိမ်နင်းတိုက်ခိုက်ရသော စစ်ပွဲများတွင်သာ အချိန်ကုန်ရရှာသည်။

နန်းဖော်မှူးလေးမှာလည်း ချစ်စကြဝ်၊ ဇနီးမောင်နှံများ ဖြစ်လေသမို့ အေးအေးချမ်းချမ်းနှင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ချစ်လို့မဝအောင် နေရရှာပါသည်။

သို့သော်လည်း တိုင်းရေးပြည်ရာ စစ်ပွဲများကြားဝယ် အပန်းတကြီး တိုက်ခိုက်နေရရှာသော မောင်တော်ဘယကျော်သူအတွက် စိတ်ရတက်မအေးဖွယ်ရှိတော့သည်။

ဗိုလ်မှူးလေး ဘယကျော်သူကား အင်းဝဘုရင်အပေါ်ထားသော သစ္စာကို စောင့်ထိန်းနိုင်သူဖြစ်သည်။

ပြည်ဘုရင် သတိုးမင်းစောသည် ဘယကျော်သူ၏ သစ္စာကြီးပုံ သိသဖြင့် သူ့ထံမှောက်မှာ အမှုထမ်းရန် ခေါ်တော်မူဖူးသည်။

အင်းဝဘုရင်ကို သစ္စာမဖောက်လို၍ ငြင်းလိုက်သော်လည်း ထိုကိစ္စကို အင်းဝဘုရင် ရွှေနန်းကျော့ရှင်၏ သားတော်မင်းရှေ့ မင်းသား ကြားသိသဖြင့် ဘယကျော်သူအပေါ် သံသယဖြစ်တာ



www.burmeseclassic.com

www.burmeseclassic.com



အယုံအကြည်မရှိ ဖြစ်နေလေသည်။

တိုင်းရေးပြည်ရေး ပိုမိုပြင်းထန်လာချေပြီ သက္ကရာဇ် ၈၈၆ ခုနှစ် သိုဟံဘွားၡ၏ ခမည်းတော် မိုးညင်းစလုံသည် ပြည်မင်းသတိုး မင်းစောနှင့်အတူပေါင်းပြီး ရေတပ်ကုန်းတပ် ဆင်လုံးမြင်းလုံး ချီလျက် အင်းဝကို ထိပါးလာသည်။

ထို့ကြောင့် ဗိုလ်မှူးလေးဘယကျော်သူသည် ဇနီးချောလေး အနား တစ်လပြည့်အောင်ပင် မနေရဘဲ စစ်ထွက်ရတော့သည်။

ပြာလွဲ့ကြည်လင်သော ကောင်းကင်ပြင်ဝယ် လအဝန်းသည် ရွှန်းလဲ့စွာ ပေါ်ထွက်လာချေပြီ။ ဆောင်တော်ကူးပန်းရနံ့တို့အား သွေးယူလာကာ ညအလှအား ချိုအေးသောရနံ့တို့ဖြင့် ကြိုင်လှိုင် စေတော့သည်။

သည်ည၏ အလှမှာ မသာယာနိုင်သူနှစ်ဦးက နန်းစောမူနှင့် ဗိုလ်မှူးလေးဘယကျော်သူတို့ ဖြစ်လေသည်။

"မောင့်အတွက် စော ... သိပ်စိုးရိမ်တာပဲ၊ ဒီစစ်ပွဲကို မောင် ရှောင်နေလို့ မရဘူးလားမောင်ရယ်"

"အို ဘယ်ဖြစ်ပါ့မလဲ အစောရယ်၊ လူပျော့လူညံ့ သူခို ဖောက်တစ်ယောက်လို့ သတ်မှတ်မှာပေါ့။ ဒီလောက်လည်း မစိုးရိမ် ပါနဲ့။ မောင်ဘာမှ မဖြစ်နိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com


"စိုးရိမ်ရပါသော်ကော၊ စစ်ဆိုတာ အလွန်ကြောက်စရာကောင်းတဲ့ လူသတ်ပွဲပဲမဟုတ်လား"

သည်အခိုက် အသက်နှစ်ဆယ်အရွယ်ရှိ ကိုယ်နေကိုယ်ထားတောင့်တောင့်မောင်းမောင်း ရှေးခေတ်မြန်မာ စစ်ဗိုလ်မှူးတို့၏ဝတ်စားတန်ဆာ အဆောင်အယောင် အပြည့်အစုံနှင့် ဗိုလ်မှူးလေးတစ်ယောက် ခြေသံပြင်းပြင်းနှင့် နန်းစောမူတို့အိမ်အတွင်း ဝင်လာသည်။

ထိုဗိုလ်မှူးလေးသည် အိမ်တော်အတွင်း အလယ်ခန်းမဆောင်သို့အရောက်တွင် ...

"ဟော့ နန်းစောမူတို့ အစ်ကိုကျော်သူတို့ ရှိကြရဲ့လား"

"ရှိပ့ါ မောင်ရန်နောင် စောမူတို့ဒီမှာ စကားပြောနေကြပါတယ်၊ လေသာဆောင်ကိုလာခဲ့ပါ"

ဗိုလ်မှူးလေးရန်နောင်လည်း နန်းစောမူတို့ရှိရာ လေသာဆောင်သို့ တက်သွားသည်။

ထိုအခါ ဘယကျော်သူသည် ဗိုလ်မှူးရန်နောင်အား စူးစမ်းသောမျက်လုံးဖြင့်ကြည့်ကာ လာရင်းကို မေးလိုက်သည်။

"ညီမောင် ဘာများ အကြောင်းထူးလာသလဲ"

"အကြောင်းထူးတော့ ဘာမှမရှိပါဘူး၊ ကိုယ်တို့က အစီအစဉ်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပါပဲ၊ အိမ်ရှေ့ကိုယ်တော်လေးက ရေတပ်က လိုက်မှာတဲ့ အစ်ကိုနဲ့ ကျွန်တော်က ကြည်းတပ်ကို ဦးစီးရမှာတဲ့"

ဟုပြောပြီး ရွှံ့ရာမုန်းတီးသော အသွင်ဖြင့် တောက်တစ်ချက် ပြင်းပြင်းခေါက်ကာ ...

"တောက် ... သိပ်ကို ရှေသာခိုတဲ့လူပါပဲ၊ ကျွန်တော်တော့ အမြင်ကပ်လာပြီ"

"ဒါကတော့ သူ ကျွမ်းကျင်တဲ့နေရာမှာ နေတာဖြစ်မှာပါ ညီမောင်ရာ"

"ဘာများကျွမ်းကျင်တာရှိလို့လဲဗျ၊ သူ့အကြောင်း ကျွန်တော် ကောင်းကောင်း သိတယ်။ သူများအောင်ပွဲကိုလည်း သူ့အောင်ပွဲ လုပ်လားလုပ်ရဲ့"

"နောက်ပိုင်းကနေပြီး နားမလည်ဘဲ စိမ်လား စိမ့်ရဲ့၊ အလကားလူပါ အစ်ကိုရာ"

"ဟာ ... မောင်ရန်နောင် အဲဒါ အခြားလူ ဟုတ်လို့လား မင်းအစ်ကိုဆိုတာလည်း သတိထားဦးမှပေါ့ ငါ့ညီရာ"

"အို.. ညီအစ်ကိုပဲဖြစ်ဖြစ် မကောင်းတဲ့လူကို ကောင်းတယ်လို့ မပြောနိုင်ပါဘူး"

"ဗိုလ်မှူးရန်နောင်သည် သူ့ထက် အသက်အနည်းငယ်ကြီး၍



www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုလိုနေလာသော ဗိုလ်မှူးဘယကျော်သူ၏ နှစ်သိမ့်သော စကားကိုပင် မကျေနပ်ချင်၊ ပြီးမှတစ်ဖန် ဘယကျော်သူအားလည်း

"အစ်ကို့ကိုလည်း သတိတစ်ခုပေးချင်တယ်၊ ဆရာလုပ်တယ်လည်း မအောက်မေ့နဲ့ဦး၊ စစ်မြေပြင်မှာ အစ်ကိုတာ ရဲတင်းလွန်းအားကြီးတယ်။ ရန်သူအင်အားကြီးမားတဲ့အထဲ အတင်းဝင်တိုက်တာကို ကျွန်တော်သိပ်ပြီး စိုးရိမ်မိတယ်"

"ဒါကတော့ ညီမောင်ရာ စစ်မြေပြင်ဆိုတာ အနိုင်နဲ့အရှုံး ဆုံးဖြတ်ပေးတဲ့ပွဲဆိုတော့ သေရေးရှင်ရေး ဘယ်သိနိုင်ပါ့မလဲ ဗိုလ်ညီရာ"

"ဒါတော့ ဟုတ်တာပေါ့၊ အသက်ကို ဉာဏ်စောင့်ဆိုတဲ့ စကားကိုတော့ သတိရစမ်းပါအစ်ကိုရာ"

"မောင်မောင် ... မောင်ရန်နိုင်ပြောတဲ့စကား အမှန်ပဲလား အဲဒီလောက်အတင့်မရဲပါနဲ့၊ မောင်မောင့်မှာ အခုတစ်ယောက်ထဲ မဟုတ်ဘူးနော် ... စောကိုလည်း ငဲ့ပါဦး"

"ဟုတ်တယ် ... မမစောမူရေ စစ်မထွက်ခင် အဆောအချာ မှာပါဦး"

"ကဲ ... အချိန်လည်းမနည်းတော့ဘူး၊ ကျွန်တော်ပြန်ဦးမယ်"

ဗိုလ်မှူးရန်နောင်သည် ဘယကျော်သူတို့ ဇနီးမောင်နှံတို့

www.burmeseclassic.com

www.burmeseclassic.com

နှုတ်ဆက်ပြီး မှုံဝါးဝါးလရောင်အောက်မှ တစ်ကိုယ်တည်းမြင်းစီး၍ ရွှေနန်းတော်ဆီသို့ ထွက်ခွာသွားသည်။

အင်းဝနေပြည်တော်ကြီးသည်လည်း လရောင်မှုံဝါးဝါးအောက်တွင် လူသေကောင်ကဲ့သို့ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပေသည်။

အရှေ့ကောင်းကင်ပြင်ဝယ် ရောင်နီဦးသည် ပျို့အံ၍ထွက်လာချေပြီ။ ဗဟိုစည်မှ ထွက်ပေါ်လာသော အသံသည် လူသေကောင်ကဲ့သို့ မလှုပ်မယှက် တိတ်ဆိတ်နေသော အင်းဝမြို့အလုံးအားတပ်လှန့်၍ နှိုးလိုက်လေတော့သည်။

ထိုအခါ အင်းဝမြို့အလုံးသည် လှုပ်လှုပ်ရှရှဖြင့် အသက်ဝင်လှုပ်ရှားသွားလေတော့သည်။

ဗိုလ်မှူးဘယကျော်သူသည် စစ်ထွက်ချိန်တိုင်ပြီမို့ စစ်ဝတ်တန်ဆာတို့ကို အပြည့်အစုံ ဝတ်ဆင်လိုက်လေသည်။ ပြီးမှ မိမိ၏အနားတွင် သနားဖွယ်ရာ မျက်ရည်အဝဲသားနှင့် ရပ်နေရှာသော ချစ်ဇနီးလေး နန်းစောမူအား ...

"အချစ်ရယ် မောင့်အတွက် ဘာမှစိုးရိမ်ပူပန်သောက မဖြစ်ပါနဲ့၊ မောင်ဘာမှမဖြစ်နိုင်ပါဘူးကွယ်"

အားပေးနှစ်သိမ့်စကားပြောကာ နန်းစောမူ၏ နဖူးပြင်လေးအား ဖွဖွလေးတစ်ချက် နမ်းရှုံ့လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ မိမိကပ်ရင်းရှိရာ ရွှေနန်းတော်ဆီသို့ ထွက်ခွာ၍ သွားလေတော့သည်။

နံနက်ခင်း၏ နေရောင်ခြည် ဖျော့ဖျော့အောက်ဝယ် ပြင်းပြ ထကြွသော စိတ်ဓာတ်တို့ဖြင့် အပြင်းချီတတ်လျက် ရှိလေသည်။ ကုန်းတပ်ချီအောလကျာစစ်ကြောင်းတွင် ဗိုလ်မှူးဘယကျော်သူက ကွပ်ကဲအုပ်ချုပ်ကာ လက်ဝဲစစ်ကြောင်းတွင်ကား ဗိုလ်မှူးရန်နောင်က ဦးစီးအုပ်ချုပ်၍ ရေလမ်းစစ်ကြောင်းတွင် အိမ်ရှေ့မင်းက ဦးဆောင်လျက် အလုံးအရင်းဖြင့် ချီတက်လေတော့သည်။

ရှမ်းတပ်များနှင့် အတန်ငယ်ဝေးသော နေပြည်တော်၏ အရှေ့ဘက် ရွာသစ်ကြီး ကျောက်တစ်လုံးသို့ရောက်သောအခါ တပ်စခန်းချ၍ နေလေတော့သည်။

ထိုနေရာမှာ နှစ်ရက်တာမျှ စခန်းချနေကြတော့သည်။

ဒုတိယမြောက် လရောင်ဝိုးတဝါးအောက် မှုံရေးရေးသာ မြင်နေရသော အင်းဝနေပြည်တော်မှ စည်သံကိုပင် မကြားရတော့ဘဲ မင်းမဲ့နေသော နေပြည်တော်ကြီး တိတ်ဆိတ်ငြိမ်သက်နေသည်ကို ဗိုလ်မှူး ငေးမောကြည့်ရှုနေမိသည်။

သည်အခိုက်တပ်စခန်းဝန်းကျင်မှ မြင်းခွာသံ တဖြောင်းဖြောင်း နှင့်အတူ ...

www.burmeseclassic.com

www.burmeseclassic.com



"တိုက်ကြဖော့"

"ဝိုင်းကြဖော့"

"ထိုးကြဖော့"

"သတ်ကြပါတော့လား"

မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှသော အချိန်တွင်းမှာပင် ဗိုလ်မှူးဘယကျော်သူ တပ်သားများမှာ အငိုက်မိလိုက်သဖြင့် ရန်သူ မိုးညင်းစလုံ၏ တပ်သားများ လက်ချက်ဖြင့် အတုံးအရုံး အကွဲကွဲ အပြားပြား ဖြစ်ကုန်ကြသည်။

အရေးတော်ပုံမလှတော့ကြောင်းကို ဗိုလ်မှူးဘယကျော်သူ ကောင်းစွာသိလိုက်သည်။

သို့ကြောင့် လက်ရွေးစင် ဆယ်ယောက်နှင့်အတူ မိမိတို့အား ပိတ်ဆို့ထားသော အင်အားကြီးမားသည့် ရှမ်းတပ်များကို အတင်း ထိုးဖောက်တိုက်ခိုက်ရန် ဓားလွတ်များကိုင်ဆောင်လျက် မြင်းဇက် ကိုလွှတ်၍ ထိုးဖောက်တိုက်ခိုက်သည်။

လက်ရွေးစင်တစ်ကျိပ်သော သူရဲကောင်းတို့လည်း ဘယ ကျော်သူ၏ စီမံကွပ်ကဲမှုနှင့် မီးကုန်ယမ်းကုန် တိုက်ခိုက်ကြသည်။

"လွတ်တဲ့လူတွေ ဗိုလ်မှူးရန်နောင်တပ်ကို သတင်းသွားပို့ကြ"

တပ်အင်အားကြီးကို သုံးယောက်သား ဖောက်ထွက်နိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"တိုက်ကြဖော့"

"ဝိုင်းကြဖော့"

"ထိုးကြဖော့"

"သတ်ကြပါတော့လား"

မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှသော အချိန်တွင်းမှာပင် ဗိုလ်မှူးဘယကျော်သူ တပ်သားများမှာ အငိုက်မိလိုက်သဖြင့် ရန်သူ မိုးညင်းစလုံ၏ တပ်သားများ လက်ချက်ဖြင့် အတုံးအရုံး အကွဲကွဲ အပြားပြား ဖြစ်ကုန်ကြသည်။

အရေးတော်ပုံမလှတော့ကြောင်းကို ဗိုလ်မှူးဘယကျော်သူ ကောင်းစွာသိလိုက်သည်။

သို့ကြောင့် လက်ရွေးစင် ဆယ်ယောက်နှင့်အတူ မိမိတို့အား ပိတ်ဆို့ထားသော အင်အားကြီးမားသည့် ရှမ်းတပ်များကို အတင်း ထိုးဖောက်တိုက်ခိုက်ရန် ဓားလွတ်များကိုင်ဆောင်လျက် မြင်းဇက် ကိုလွှတ်၍ ထိုးဖောက်တိုက်ခိုက်သည်။

လက်ရွေးစင်တစ်ကျိပ်သော သူရဲကောင်းတို့လည်း ဘယ ကျော်သူ၏ စီမံကွပ်ကဲမှုနှင့် မီးကုန်ယမ်းကုန် တိုက်ခိုက်ကြသည်။

"လွတ်တဲ့လူတွေ ဗိုလ်မှူးရန်နောင်တပ်ကို သတင်းပို့ကြ"

တပ်အင်အားကြီးကို သုံးယောက်သား ဖောက်ထွက်နိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com


ဘယကျော်သူ ကျဆုံးသွားရသည်။ လွှတ်မြောက်သွားသော ရဲမက် သုံးယောက်လည်း ဗိုလ်မှူးရန်နောင်ကို သတင်းသွားပို့လိုက်နိုင်သည်။

ဗိုလ်မှူးရန်နောင်၏တပ် ချီတက်လာပြီး အပြင်မှ ဝန်းရံပိတ်ဆို့ တိုက်ခိုက်ရာ ရှမ်းတပ်နှင့် ပြည်ဘုရင်တပ်များ ပြန်လည်ဆုတ်ခွာ သွားတော့သည်။

ဗိုလ်မှူးရန်နောင်လည်း စစ်မြေပြင်မှာဖြစ်နေသဖြင့် ဗိုလ်မှူး ဘယကျော်သူကို ကောင်းစွာသဂြိုဟ်ခွင့်မရလိုက် တိုက်ပွဲက ဆက်၍ ဖြစ်နေခြင်းကြောင့်ဖြစ်သည်။

သို့ဖြင့် ဗိုလ်မှူးရန်နောင်တပ်က အကျအဆုံးအနည်းငယ်သာ ရှိခဲ့သည်။ ရှမ်းတပ်နှင့် ပြည်ဘုရင်တပ်များက ရှေ့ဆက်မတိုက်လာဘဲ နောက်သို့ပြန်ဆုတ်ပြီး စခန်းချနေကြသည်။

တပ်အင်အားမမျှသည့်အတွက် ရေတပ် အိမ်ရှေ့မင်းသားက နေပြည်တော်ပြန်ရန် မိန့်သဖြင့် အင်းဝသို့တပ်ပြန်၍ ချီလာခဲ့သည်။

ပြန်ရောက်လျှင်ရောက်ခြင်း မိမိတပ်များကို နေရာတကျ စီမံပြီး ဗိုလ်မှူးဘယကျော်သူ၏ ဇနီးအိမ်သို့ အလျင်စလိုထွက်ခဲ့ ရသည်။

အင်းဝဘုရင်နှင့် အင်းဝပြည်သူတို့အတွက် အသက်ပေးပို့ကာ သွားရှာသော ဗိုလ်မှူးဘယကျော်သူ၏ ဇနီးနန်းစောမှုသည် သူမ၏



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင် မြင်နေရသော သွေးအလူးလူးဖြင့် ညှိုးငယ်စွာရပ်နေသော ဗိုလ်မှူးရန်နောင်အား တွေ့လိုက်ရသောအခါ ဝမ်းနည်းဝမ်းသာဖြင့် ကြည့်ရှုနေမိသည်။

တိုက်ပွဲမှာ ဒဏ်ရာရလာသည်ထင်ပြီး ထိတ်ထိတ်ပျာပျာ ဖြစ်လျက် နေရာထိုင်ခင်းပြင်ဆင်ပေးပြီး ဗိုးရိမ်ထိတ်လန့်သော အသံဖြင့် ဖခင်ဖြစ်သူ သူဌေးကြီးအား လှမ်း၍ခေါ်လိုက်သည်။

"ဖေဖေရေ ဟောဒီမှာ မောင်ရန်နောင်ရယ် သွေးတွေနဲ့ လာကြည့်လှည့်ပါဦး"

သောဂဇလသူဌေးကြီးလည်း အခန်းထဲမှ ချပ်သွက်သွက် ထွက်လာခဲ့သည်။

"ကျွန်တော် ဘာဒဏ်ရာမှ မရပါဘူး၊ ကျွန်တော့်ကိုယ်မှာ ပေကျံနေတဲ့ သွေးတွေက တိုက်ပွဲမှာ ကျွန်တော်ခုတ်လိုက်တဲ့ ရန်သူတွေရဲ့ကိုယ်က ထွက်လာပြီး စင်သွားတဲ့ သွေးတွေပါ"

သည်အခိုက်ဝယ် နန်းစောမူသည် သူမ၏ချစ်လင်ကို ဗိုလ်မှူး ရန်နောင်အား အမောတကော မေးလိုက်လေသည်။

"မောင်ရန်နောင် ကိုကျော်သူတို့တပ်တွေကော ပြန်မလာ သေးဘူးလား"

ဗိုလ်မှူးရန်နောင်လည်း တိုက်ပွဲတွင် ကျဆုံးခဲ့သော နန်းစော



www.burmeseclassic.com

www.burmeseclassic.com


မှုအ ခင်ပွန်းအကြောင်း မပြောရက်နိုင်သဖြင့် ကြေကွဲစွာငေးပြီး ကြည့်နေမိသည်။

"ပြောသာပြောပါ ကိုကျော်သူတိုက်ပွဲမှာ ကျကျန်ရစ်ခဲ့ပြီ မဟုတ်လား၊ ဒီလောက်တော့ စိတ်တင်းနိုင်ပါသေးတယ် မောင်ရန် နောင်ရယ်"

သည်တော့မှပင် ...

"ဟင်း"

သက်ပြင်းတစ်ချက်ချရင်း ဝမ်းနည်းကျေကွဲစွာ လှိုက်လှိုက် လှဲလှဲကြီးဖြင့် ပြောပြရတော့သည်။

"အစ်ကိုကျော်သူတို့ တပ်စခန်းချနေတုန်း ရန်သူတွေ ဝိုင်း တိုက်တာ ခံလိုက်ရတယ်။

အငိုက်မိပြီး ရန်သူတွေဝိုင်းထားရာက ကျွန်တော်တို့တပ်ကို အကြောင်းကြားဖို့ အစ်ကိုကျော်သူနဲ့ တပ်သားဆယ်ယောက် ရန်သူတပ်ကို ဖောက်ထွက်ကြတယ်၊ အဲဒီမှာ အစ်ကိုကျော်သူ ကျဆုံးသွားတယ်"

ချစ်လင်တိုက်ပွဲမှာ ကျဆုံးသွားပြီဆိုသော သတင်းဆိုးကြောင့် နန်းစောမူလေးလည်း အပူလုံးကြွကာ ဖခင်သူဌေးကြီး၏ ရင်ခွင်သို့ ခြေးဝင်လျက် မျက်ရည်ပင်လယ်ဝေအောင် ငိုယိုရှာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


ဘောဂဗလ သူဌေးကြီးသည်လည်း တိုက်ပွဲတွင် ကျဆုံးခဲ့ရသော သမက်ဖြစ်သူအကြောင်း ကြားသိရသဖြင့် စိတ်နှလုံးထိခိုက်မိရှာသည်။ သည့်ပြင် မိတ်ဆိုး သမီးလေးအတွက် စိတ်မကောင်း၊ သို့ကြောင့် သမီးအား ဖျောင်းဖျနှစ်သိမ့်ရရှာသည်။

"ကဲပါ သမီးရယ် သိပ်လည်း ပူပင်သောကရောက်မနေပါနဲ့၊ တရားနဲ့ပဲ ဖြေပါကွယ်၊ ဘယ်သူမဆို တစ်နေ့ကျရင် သေရမှာပဲ မဟုတ်လား။ ဒီတော့ စိတ်ကို ခိုင်ခိုင်တင်းထားစမ်းပါ သမီးရယ်"

ဗိုလ်မှူးရန်နောင်လည်း နှုတ်ဆက်ပြီး ပြန်ခဲ့သည်။

❖ ❖ ❖

ညအချိန် လရောင်က လင်းလက်နေသည် ပြည်ဘုရင်တပ်နှင့် မိုးညှင်းစလုံတပ်များ အင်းဝနေပြည်တော်အနီး ဝိုင်းလာကြပြီ ဖြစ်သည်။

အင်းဝမြို့နားနီးသည်နှင့် ပြင်းပြင်းထန်ထန် ပစ်ဖောက်လိုက်သော အမြောက်သံ၊ သေနတ်သံ တဒိုန်းဒိုန်း၊ တဖြောင်းဖြောင်းတို့သည် လရောင်းဝိုးတဝါးသာနေသော မှုန်ပြပြအလင်းအောက်ရှိ အင်းဝမြို့ကြီးအား တုန်လှုပ်ချောက်ချားကြောက်မက်ဖွယ်ရာပင် ရှိပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com


သို့ကြောင့် ဘောဂဗလ သူဌေးကြီးလည်း စိုးရိမ်မှုပိုကာ သမီးဖြစ်သူအားခေါ်လျက် တိုင်းပြည်ဗရုတ်ဗရက်ရှိစဉ်ကစပြီး မိမိ စီမံပြုလုပ်ထားသော မြေတိုက်ခန်းထဲ သွားရောက်ပုန်းရှောင်၍ နေလေတော့သည်။

မိုးသောက်အာလင်းသို့ရောက်သော နံနက်ခင်းအချိန် အင်းဝ နေပြည်တော် အလုံးအား ရှမ်းမင်း မိုးညင်းစလုံ၏ သိမ်းပိုက်ခြင်း ခံလိုက်ရတော့သည်။

အင်းဝပြည်သူတို့ကား မိုးညင်းစလုံ၏ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခြင်း မရှုမလှ ခံကြရလေသဖြင့် ပြေးသူပြေး၊ ပုန်းသူပုန်း၊ သနားဖွယ်ရာ ရှိကြတော့သည်။

မိုးညင်းစလုံသည် အင်းဝမြို့အား သိမ်းပိုက်ပြီး၍ နေသား တကျရှိသောအခါ သူ၏သားတော် သိုဟန်ဘွားအား အင်းဝတွင် စိုးမိုးစေ၍ နေရင်းဌာနသို့ ပြန်လည်ချီသွားလေသည်။

ထိုအခါ အင်းဝနေပြည်တော်အား သိုဟန်ဘွားသည် အနိုင် အဟ သိမ်းပိုက်စိုးမိုး၍ မင်းလုပ်နေတော့သည်။

တိုင်းပြည်မှာ ညှဉ်းပန်းသတ်ဖြတ်ခြင်း ငြိမ်သက်သွားပြီဖြစ်၍ အေးချမ်းသွားပြီထင်ကာ မြေတိုက်ခန်းအတွင်း ပုန်းအောင်းနေခိုင် သော ဘောဂဗလသူဌေးကြီးနှင့် သမီးနန်းစောမူတို့ မူလအတိုင်း


www.burmeseclassic.com

www.burmeseclassic.com



ပေါ်တင်စွာ ဖြန့်လည်နေတိုင်တော့သည်။

ထိုအချိန် ရှမ်းစစ်သားတချို့ သူဌေးကြီးအိမ်သို့ ရောက်လာလေတော့သည်။ သိုဟန်ဘွားအမိန့်ဖြင့် သူဌေးရှိသမျှ ဥစ္စာပစ္စည်းအားလုံးကို မင်းဘဏ္ဍာတော်အဖြစ် သိမ်းပိုက်ရမည့်အကြောင်း ရှိသမျှအားလုံး ပေးအပ်ရမည်ဟု ဘုရင့်အမိန့်တော်ပါကြောင်းများကို ပြောကြားသည်။

ထို့နောက် သူဌေးကြီး၏ ပစ္စည်းအားလုံးကို လှည်းများဖြင့်တချို့ လူများဖြင့်တချို့ သယ်ဆောင်ယူဝင်သွားကြလေသည်။

ထို့ပြင် သူဌေးကြီးအားလည်း ကြိုးများဖြင့် ချည်နှောင်ဖမ်းဆီးကာ နန်းတော်သို့ ခေါ်ဆောင်သွားကြလေသည်။ ရှမ်းမင်းသိုဟန်ဘွားက အလွန်ပင် ကြမ်းကြုတ်ရက်စက်၍ လောဘရမ္မက်အလွန်ကြီးမားသော မင်းဆိုးမင်းညစ်တစ်ပါးဖြစ်လေသည်။

အင်းဝပြည်တွင်းရှိ စေတီပုထိုးတို့အား ဖြိုဖျက်၍ ဌာပနာထားသော ရွှေငွေကျောက်သံပတ္တမြား ရတနာတို့ကို သိမ်းဆည်းယူငင်လေသည်။ ဘုန်းကြီးရဟန်းများကို ဖမ်းဆီး၊ လူဝတ်လဲစေကာ သူ၏လက်အောက် စစ်တပ်များတွင် ဝင်ရောက်အမှုထမ်းစေသည်။

အမိန့်မနာခံသူတို့အား ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ပစ်သည်။ အင်းဝမြို့သူမြို့သားတို့၏ ပိုင်ဆိုင်ရာ ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com


မုန်သမျှ သိမ်းဆည်းယူရုံမက ဆင်းရဲနွမ်းပါးသူတို့ လုပ်ကိုင်စား သောက်သော ကျွဲ၊ နွား၊ မြင်းတို့ကိုပါ သိမ်းဆည်းယူငင်သည်။

နန်းတော်မှူးလည်း စစ်သားများ ဖမ်းဆီးသွားသော ဖခင်သူဌေး ကြီး ပြန်လာချိန်ကို ရင်တက်မအေးစွာ စောင့်မျှော်နေလေသည်။ ထိုအချိန် သိုဟန့်ဘွားက သူဌေးကြီးအား စစ်မေးနေသည်။

"ဘယ်နှယ့်လဲ သူဌေးကြီး အသင်ဟာ မင်းသုံးတော်ခံ သူဌေးကြီးတစ်ဦးဖြစ်ပါလျက်နဲ့ ဘယ်အတွက်ကြောင့် သည်မျှ လောက်သော ဥစ္စာပစ္စည်းကိုသာ ငါ့ဘုရင်အား ဆက်သရပါသနည်း။ သင့်မှာ ဤမျှမက ရှိသည်ကို ငါကြားထားသည်"

"မှန်လှပါ ဘုန်းတော်ကြီးမြတ်သော မင်းကြီးဘုရား၊ ကျွန်တော်မျိုး ပိုင်ဆိုင်သော ပစ္စည်းအားလုံး အရှင်မင်းကြီး သိမ်း ယူသော ပစ္စည်းများသာရှိပါသည်၊ အခြားမရှိပါ"

"အသင် ငါ့အား လိမ်လည်ခြင်း မပြုလေနှင့်။ ငါ့ကို လိမ်ရင် တစ်ဆွေလုံး တစ်မျိုးလုံး အသေဆိုးဖြင့် သေရလိမ့်မည်"

"မှန်လှပါ ကျွန်တော်မျိုးကြီး မလိမ်ဝံ့ကြောင်းပါ။ အမှန်ကို လျှောက်တင်ရခြင်းသာ ဖြစ်ပါတယ်"

သို့ကြောင့် ဘုရင်သိုဟန်ဘွားလည်း မိမိအား လိမ်လည် လေသည်ဟု ထင်မှတ်လေသဖြင့် ဘောဂဗလသူဌေးကြီးတို့သားအဖ


www.burmeseclassic.com

www.burmeseclassic.com



နှင့် အိမ်ရှိအခြွေအရံ အိမ်ဖော်များပါ သဟာယပစ်ရန် အမိန့်ချမှတ်လိုက်လေတော့သည်။

မကြာမီ အချိန်တွင်ပင် ဘောဂဗလ သူဌေးကြီးတို့ တစ်အိမ်လုံးရှိ သက်ရှိလူမှန်သမျှ လူသတ်တို့၏ လက်ချက်နှင့် အသက်ပျောက်သွားခဲ့သည်။

ဤတွင် သူဌေးကြီးသားအပနှင့် အမှုထမ်းများအားလုံး အသက်သေဆုံးသွားပြီးနောက် သူဌေးကြီး ထိန်ချန်သိုဝှက်၍ ကျန်ရစ်လေသည့် ပစ္စည်းရတနာများကို စွဲလမ်းစိတ်တည်လေသောကြောင့် ဥစ္စာစောင့်အဖြစ်သို့ ရောက်ရှာလေသည်။

❖ ❖ ❖

မောင်လှဝင်းလည်း ဥစ္စာစောင့်နန်းစောမှုပြောပြသော ရင်နှင့်ဖွယ်ရာကောင်းသည့်အဖြစ်ကို ကြားရသဖြင့် ရင်တွင်းဝယ် နာကျင်သော ဝေဒနာတစ်ခုကို ခံစားမိလေသည်။

"မောင်လေး မမတို့ရဲ့အဖြစ်ကိုသိပြီး စိတ်မကောင်းဖြစ်သွားပြီလား၊ ဒါနဲ့ အိပ်ချင်ပြီလား"

"မအိပ်ချင်သေးပါဘူး၊ မမစောမှု စိတ်မကောင်းဖြစ်မိတာတော့ အမှန်ပါ။ ဒါနဲ့ သိချင်တာလေးတွေရှိလို့ မေးခွင့်ပြုပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ သိချင်တာရှိလည်း မေးလေ၊ အိပ်ချင်ရင်လည်း အားမနာနဲ့၊ မအိပ်ချင်တာမှန်ရင်လည်း သိချင်တာမှန်သမျှ အကုန်အစင် ပြောပါ့မယ်"

"ဒီလိုဆို မေးမယ်နော်၊ အခု ဒီသိုက်မှာနေတာ သူများ သိုက်တွေလို လက်နက်ကိုင်စောင်တဲ့ အစောင့်တွေလည်း မတွေ့ဘူး၊ ကြောက်စရာအကောင်ကြီးတွေလည်း မတွေ့ဘူး"

"အော် ဒါက ဒီသိုက်မှာ ပေပေရယ်၊ မမရယ်၊ လူ့ဘဝ တုန်းက အတူနေခဲ့တဲ့ မိန်းကလေးနှစ်ယောက်ရယ်ပဲရှိတယ်။ သိုက်ရဲ့ထုံးစံအတိုင်း အခြွေအရံမထားဘူးလေ၊ သူတို့ကို ထိန်းရတဲ့ တာဝန် ရှိတယ်"

"သိုက်ဆရာတွေလာရင် အခုလိုပဲ အရှုံးနဲ့ ရင်ဆိုင်နေရမှာ ပေါ့"

"ပေပေက သူ့မြွေကြီးအားကိုးနဲ့ ရန်သူကို အနိုင်ယူနိုင် တယ်လို့ပဲ ယူဆနေတာ"

"အဲဒီမြွေက မြွေအစစ်လား နာနာဘာဝမြွေလား"

"နာနာဘာဝမဟုတ်ဘူး၊ မြွေအစစ်ပါ၊ ဒီဘုရားအနီးမှာ မြွေကြီးကို တွေ့တွေ့နေလို့ လူတွေမလာဝံ့ဘူး။ ဒါကြောင့် အချိန်ထိ အန္တရာယ်မရှိဘဲ မပူမပင် နေခဲ့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ပေပေဆို ဒီဘုရားကိုရောက်မှ သူ့ပစ္စည်းတွေကို ပြန်မကြည့်တဲ့ ဘုရားတရားနဲ့သာ အချိန်ကုန်နေတာ"

"ဒါဖြင့် သိုဟန်ဘွား သိမ်းသွားတဲ့ ပစ္စည်းတွေဟာ မမတို့ ပစ္စည်းအကုန်မဟုတ်ဘူးလား"

"အကုန်မဟုတ်ဘူး။ အင်းဝကို ရန်သူတွေ မကြာခဏ လာတိုက်ကတည်းက ပစ္စည်းတစ်ချို့တစ်ဝက်ကို လှို့ဝှက်ထားမှ ဖြစ်မယ်လို့ ပေပေဆုံးဖြတ်ပြီး အနော်မာဥယျာဉ်မှာ မြေကြီးတူးပြီး မြေတိုက်ခန်းဆောက် ပစ္စည်းတွေ သိမ်းဆည်းပြီး အပေါ်က မဟာဗောဓိဘုရားကို တည်ခဲ့တယ်"

"ဒါနဲ့ မမတို့အမေလည်း မတွေ့ပါလား"

"အမေက မမငယ်ငယ်လေးကတည်းက ဆုံးသွားတယ်"

"ဒါနဲ့ မမ ...ဗိုလ်မှူးရန်နောင်ရော ဘယ်ရောက်သွားလဲ၊ ရှမ်းသိုဟန်ဘွား သတ်လို့သေသွားပြီလား"

"အင်း ... အင်းဝဘုရင်နဲ့ အိမ်ရှေ့စံ ကိုယ်တော်တို့ကတော့ သိုဟန်ဘွား အင်းဝဘုရင်ကိုသိမ်းပြီး သတ်ပစ်လိုက်တယ်။ မောင်ရန်နောင်က လွှတ်ရာကို တိမ်းရှောင်သွားတဲ့အတွက် အသက်မသေဘဲ လွတ်သွားတယ်မောင်လေး"

"ကဲ ... ထွက်ပြေးသွားတဲ့ ဗိုလ်မှူးရန်နောင်အား မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



မှူးမတ်နဲ့ စစ်သားတွေ လျှို့ဝှက်တိုင်ပင်ပြီး အနီးကပ်အမှုထမ်းခွင့် လိုက်လံရှာဖွေခေါ်ယူခဲ့တဲ့အတွက် သိုဟန်ဘွားလက်အောက်မှာ လျှို့ဝှက်အမှုထမ်းခဲ့တယ်"

"သိုဟန်ဘွား အုပ်ချုပ်စဉ် မြန်မာတို့က အခွင့်ရေးရသည်နှင့် သိုဟန်ဘွား၏ လူယုံများကို ဖမ်းယူသတ်ဖြတ်ပစ်သည်။

သိုဟန်ဘွားသည် မြန်မာများကို အုပ်ချုပ်ခဲ့ရာ အဆင်မပြေမှုများ ပို၍များလာသည်။

"မောင်ရန်နောင်လည်း အင်းဝရှိ မြန်မာတပ်များကို စည်းရုံးကာ သိုဟန်ဘွားလက်မှ အင်းဝကို ပြန်ယူရန် ကြံစည်ထားတယ်"

တစ်နေ့ သိုဟန်ဘွားအား ... အနော်ရဟ္မာဥယျာဉ်ထဲရှိ ရှမ်းမင်း၏ ယာယီတဲနန်းအတွင်းစံနေစဉ် အနီးမှာ ဗိုလ်မှူးရန်နောင် လည်း ခစားနေသည်။

ကြိုတင်သိုဝှက်ထားသော ဓားကို တဲနန်းကြမ်းပြင်မှ ယူဆောင်၍ သိုဟန်ဘွားအား တစ်ချက်တည်း ခုတ်ပစ်လိုက်သည်။

ထိုဓားကား မြန်မာရာဇဝင်မှာ ထင်ရှားသော "ယိမ်းနွဲ့ပါး" ဓား ပင်ဖြစ်သည်။

သိုဟန်ဘွားအား ခုတ်ပိုင်းသတ်ပစ်ခဲ့သော ဗိုလ်မှူးရန်နောင် အား အင်းဝနေပြည်တော်မှာ 'မင်းကြီးရန်နောင်'အဖြစ် အုပ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com


စေသည်။

မင်းကြီးရန်နောင်လည်း ဝါးအစည်းပြေသလိုဖြစ်နေသော အင်းဝနေပြည်တော်ကြီးကို တစ်စုတစ်စည်းတည်းဖြစ်အောင် ထိန်းသိမ်းပြီး မင်းအဖြစ် ဘိသိက်မခံယူခဲ့။

မှူးမတ်ကြီးတွေအားလုံးက မင်းကြီးရန်နောင်အား ဘိသိက် ခံယူပြီး အင်းဝကို အုပ်ချုပ်မင်းလုပ်ရန် အပ်ကြသည်။

"ငါဟာ ထီးနန်းစည်းစိမ်ကို လိုချင်၍ သိုဟန်ဘွားကို လုပ်ကြံခဲ့သည်မဟုတ်၊ အမျိုးဘာသာ သာသနာကို စော်ကားသော ကြောင့် လုပ်ကြံခဲ့ခြင်းဖြစ်သည်။ ယခု အင်းဝပြည်သူအားလုံး အမျိုးဘာသာ သာသနာ စသည်တို့ကို ငါကယ်တင်နိုင်ခဲ့ပြီ ဖြစ်ချေ သည်။

ဒါကြောင့် လောကီစည်းစိမ်ကို ငါမမက်မော၊ လောကုတ္တရာ အကျိုးကိုသာ သယ်ပိုးဆောင်ရွက်တော့မည်။ သင်တို့ သင့်တော် သော မြန်မာမင်းတစ်ပါးကို ပင့်ချီပြီး မင်းလုပ်တင်မြှောက်ပေတော့"

ထိုသို့ပြောဆိုပြီးနောက် မကြာခင်လပိုင်းအတွင်း ဆံပင်ကို ဖြတ်ပြီး သက်န်းဝတ်ကာ တောသို့အပြီးတိုင် ထွက်သွားတော့ သည်။

မင်းကြီးရန်နောင်အသက် ၃၇ နှစ်မှာ သင်္ကန်းဝတ် တော


www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားပြီးနောက် သတင်းအစပင် မရလေတော့။

"ကဲ ... နန်းခင်နဲ့ ရွှေတုတ်တို့ ဒီကအစ်ကို အိပ်ဖို့ အိပ်ရာလာပြင်ပေးကြဦး"

"မမစောမူ ကျွန်တော်မအိပ်ခင် ဘုရားရှိခိုးချင်လို့ ဘုရားဆောင်ကို ပို့ပေးပါလား"

"ရပါတယ် ဒီဘေးက အဆောင်က ရတနာပစ္စည်းတွေထားတဲ့ အဆောင်ပါ ကြည့်ချင်သေးလား"

"မကြည့်ပါဘူး မမ ဘုရားဆောင်ပဲ ပို့ပါ"

"ရှေ့က တံခါးကိုဖွင့်ပြီး ဝင်လိုက်၊ အဲဒါဘုရားဆောင်ပဲ တစ်ဝသျှာ ပူးမပေတော့၊ မမလည်း အိပ်ခန်းဝင်တော့မယ် ... မနက်မှ မပြန်ခင် စားစရာနဲ့ ဧည့်ခံပါဦးမယ်"

"ဟုတ်ကဲ့ အားလုံး ကျွန်တော့်ကို အားမနာပါနဲ့ အိပ်ကြပါ"

မောင်လှဝင်းလည်း ဘုရားဆောင်သို့ဝင်ခဲ့ပြီး ရွှေဆင်းတု ဘုရားရှေ့တော်မှောက်မှာ ဘုရားကိုကြည်ညိုစိတ်သွင်းပြီး တရား ကို ထိုင်နေလိုက်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



မနက်လေးနာရီခန့် ဆရာကြီးရောက်လာပြီးနိုးသဖြင့် မောင်လှဝင်း အိပ်ရာမှထလိုက်သည်။

"ဟာ ဆရာကြီး"

"အေး ... ထတော့ကွဲ့ ... မနက်အစာပြေစားပြီး မိုးမလင်းခင် ဒီကပြန်ကြမယ်၊ မျက်နှာသစ်လိုက်ဦး"

မောင်လှဝင်းလည်း ဥစ္စာစောင့်မလေးတစ်ယောက်ပြသော အုတ်ရေကန်မှရေကို ခပ်ယူပြီး မျက်နှာသစ်လိုက်သည်။ အားလုံးပြီးစီးသည်နှင့် ဆရာကြီးရှိရာ ထွက်ခဲ့သည်။

ညွှန့်ခန်းရှိ သလွန်တော်ပေါ်မှာ ဆရာကြီးနှင့် ဘောဂဗလသူဌေးကြီးတို့ ထိုင်နေသည်။

သလွန်ရှေ့ ကော်ဇောပေါ်တွင် မမနန်းစောမူနှင့် နန်းခင်ရွှေတုတ်တို့ ပုဆစ်တုပ်ထိုင်နေကြသည်ကိုတွေ့သဖြင့် လွတ်ရာဘေးတွင် မောင်လှဝင်းဝင်ထိုင်လိုက်သည်။

မမနန်းစောမူရှေ့နှင့် သလွန်ကြားတွင်မူ စားပွဲပုဝိုင်းလေးပေါ်မှာ ကောက်ညှင်းပေါင်း အခြားမုန့်မျိုးစုံနှင့် ရေနွေးကြမ်းအိုးတို့ကို တွေ့ရသည်။

"လာထိုင် မောင်လှဝင်း အဝသာစားပေတော့"

www.burmeseclassic.com

www.burmeseclassic.com


“စားကွဲ့၊ ဦးကြီးတို့က ကျွေးတာအဝစားမှ သဘောကျတာကွဲ့”

သူဌေးကြီးကလည်း စားခိုင်းနေသည်။

မမနှန်းစောမူကလည်း ပြုံးပြနေသည်။

ဆရာကြီးက သူဌေးကြီးအား လွယ်အိတ်အတွင်းက ကျောက်နွားရုပ်နှစ်ရုပ်ကို ထုတ်ယူလိုက်ပြီး အစောင့်အဖြစ်ထားရန် ပေးအပ်လိုက်သည်။

“သူဌေးကြီးသိုက် လုံခြုံဖို့အတွက် အစောင့်မထားချင်လို့ မဖြစ်ဘူး၊ သိုက်စောင့်နာနာဘာဝတွေ ခေါ်မထားချင်လည်း ရှိပါစေ၊ ဟောဒီ နွားလားဥသဘနှစ်ကောင်ကို သိုက်စောင့်အဖြစ် ယူထားလိုက်ပါ”

“ဒီအညိုရောင် နွားလားကြီးက အပြင်စည်းကို လုံခြုံအောင်စောင့်ရှောက်ပေးမယ့် ဂေါဇနေယျအမည်ရှိတဲ့ နွားကြီးပဲ။ ဒီနွားဖြူကြီးက ဘယ်ရန်သူလာလာ ပွဲသိမ်းစေမယ့်အခါမှသုံး အတွင်းစည်းစောင့်မယ့် “မဟာဂေါဇနေယျ” နွားလားဥသဘကြီးပဲ”

နွားကြီးများကို အသက်သွင်းသည့် ဂါထာကို ပေးအပ်ပြီးဖော်ရွေသော သားအဖကျွေးမွေးသော အစားအစာများ စားပြီးနောက် အားလုံးကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

မောင်လှဝင်းလည်း ရာဇဝင်ထဲက ယိမ်းနွဲ့ပါး၊ ဓားပိုင်ရှင် မင်းကြီးရန်နောင်နှင့် ဘောဂဗလသူဌေးကြီး နန်းစောမူတို့ သားအဖ၏ မဟာဗောဓိစေတီသိုက်အကြောင်း သိခွင့်ရလိုက်လေရာ အတိုင်းမသိ ဝမ်းသာရင်း အပြန်လမ်းမှာ စိတ်လက်ပျော်ပါးလန်းဆန်းနေလေတော့သည်။

## ဧကနိုမင်း

www.burmeseclassic.com